# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


## မိမိပြုဖွယ် အမှုကိစ္စ

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်း ပြည့်စုံ၍ တရား၌တည်ကာ အမှန်တရားကိုလည်း သိတတ်သော မိမိပြုဖွယ်အမှုကိစ္စကိုလည်း ပြုတတ်သူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ဝိယဝဂ်(ဓမ္မပဒ-၂၁၇)


၁၃၈၄ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၉ ရက် | ၂၀၂၂ ခုနှစ်၊ ဇူလိုင် ၂၁ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၁)၊ အမှတ် (၂၈၉)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အကြိမ်(၂၀)မြောက် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ကြမည့် မြန်မာနိုင်ငံကိုယ်စားပြု တက္ကသိုလ် အားကစားအဖွဲ့အား အောင်နိုင်ရေးအလံအပ်နှင်း



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မြန်မာတက္ကသိုလ် အားကစားအဖွဲ့ခေါင်းဆောင် ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာတင်မောင်ထွန်း ထံ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကို အပ်နှင်းစဉ်။

**နေပြည်တော်  ဇူလိုင်  ၂၀**

အကြိမ် (၂၀) မြောက် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ကြမည့် မြန်မာနိုင်ငံကိုယ်စားပြုတက္ကသိုလ် အားကစားအဖွဲ့အား အောင်နိုင်ရေး အလံ အပ်နှင်းခြင်းအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကား ပြောကြားသည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ အကြိမ်(၂၀)မြောက် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် တက္ကသိုလ်အားကစားသမားများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❐

## ယနေ့ ဖတ်စရာ


လျှောက်သောလမ်း ဖြောင့်ဖြူး၍ ပွင့်သောပန်းတိုင်း လန်းစေမည် — ဆောင်းပါး | စာ - ၆

သီရိလင်္ကာသမ္မတအဖြစ် ရာနေးလ် ဝစ်ကရမ်ဆင်း ကျမ်းသစ္စာကျိန်ဆိုမည် — နိုင်ငံတကာသတင်း | စာ - ၁၃

ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်၊ နိုင်ငံသားဖြစ်ခြင်း ပြည်ပလွှမ်းမိုးမှုနှင့် နိုင်ငံခြားအထောက်အပံ့များ — ဆောင်းပါး | စာ - ၁၆

## ကျွဲ၊ နွားတိရစ္ဆာန် ကူးစက်ရောဂါ ကြိုတင်ကာကွယ်တားဆီးမှု အရေးပါ

မိမိတို့နိုင်ငံ၏ စီးပွားရေးမှာ မြေယာအခြေပြုသည့် စိုက်ပျိုးမွေးမြူရေးအပေါ်တွင် အဓိကတည်မှီလျက်ရှိသည်။ စိုက်ပျိုးရေးနှင့် မွေးမြူရေးတို့မှာ အပြန်အလှန် အမှီသဟဲပြုနေသော လုပ်ငန်းများဖြစ်သည့်အပြင် မြန်မာနိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းမှီတင်းနေထိုင်ရာ ကျေးလက်ဒေသ၏ လုပ်ငန်းများဖြစ်သည့်အလျောက် ခေတ်မီနည်းစနစ်များဖြင့် စီးပွားဖြစ်လုပ်ကိုင်ခြင်းအားဖြင့် တောင်သူများ ဝင်ငွေတိုးကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာမည်ဖြစ်သည်။ ကျေးလက်စီးပွားရေးတွင် အရေးကြီးသည့် တိရစ္ဆာန်များ(အထူးသဖြင့် ကျွဲ၊ နွား) တို့ ကူးစက်ရောဂါများကာကွယ်ထိန်းချုပ်ရေးအတွက် နိုင်ငံတစ်ဝန်းရှိ မြို့နယ်အသီးသီးတို့တွင် မွေးမြူရေးခြံပိုင်ရှင်များအား အသိပညာပေးခြင်း၊ တိရစ္ဆာန်ကာကွယ်ဆေး ထိုးနှံပေးခြင်းတို့ကို သက်ဆိုင်ရာဌာနဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးလျက် ရှိကြသည်။

မြန်မာနိုင်ငံတွင် ခိုင်းနွား ၉ ဒသမ ၅ သန်း၊ နို့စားနွား ဝ ဒသမ ၁၁ သန်းနှင့် ကျွဲ ၁ ဒသမ ၈ သန်းတို့ မွေးမြူထားရှိကြောင်း ၂၀၁၉ ခုနှစ်က ထုတ်ပြန်သည့်စာရင်းဇယားတစ်ခုတွင် တွေ့ရှိရသည်။ ကျွဲ၊ နွား တိရစ္ဆာန်များကိုပြည်ပသို့ အရှင်တင်ပို့ခွင့်ပြုထားရာ စနစ်တကျ တွင်တွင်ကျယ်ကျယ် အင်တိုက်အားတိုက် ဆောင်ရွက်နိုင်သည်နှင့်အမျှ နိုင်ငံအတွက် အားထားရသည့် ဝင်ငွေတစ်ရပ်ဖြစ်လာမည်ဖြစ်သည်။ မွေးမြူရေးလုပ်ငန်းများအတွက် ဇီဝလုံခြုံမှုနှင့် တိရစ္ဆာန်ကူးစက်ရောဂါများ ကြိုတင်ကာကွယ်ရေးတို့မှာ လွန်စွာအရေးကြီးသည်။

မြန်မာနိုင်ငံတွင် ကျွဲ၊ နွားများ အဓိကဖြစ်ပွားလေ့ရှိသော ရောဂါများမှာ ခွာနာလျှာနာ၊ ထောင့်သန်း၊ လည်ချောင်းကွဲ၊ ပေါင်ပုပ်လက်ပုပ်ရောဂါများဖြစ်ပြီး ပြင်းထန်သည့်ကူးစက်ရောဂါများလည်းဖြစ်သည်။ အဆိုပါ ရောဂါတစ်မျိုးမျိုး ကူးစက်ဝင်ရောက်လာပါက အနည်းနှင့်အများဆိုသလို စီးပွားရေးအရ ထိခိုက်ဆုံးရှုံးမှုများ ဖြစ်ပေါ်လာမည်ဖြစ်သည်။ သို့ဖြစ်ရာ ရောဂါကူးစက်ပျံ့နှံ့မှုဖြစ်ပွားလေ့ရှိသည့် ရာသီများမတိုင်မီ တိရစ္ဆာန်ကာကွယ်ဆေးများထိုးနှံထားခြင်း၊ ရောဂါကူးစက်ဝင်ရောက်လာပါက တိရစ္ဆာန်များအကြား ကူးစက်ပျံ့နှံ့မှု မြန်ဆန်ပြီး သားလျော့မှု၊ သေဆုံးမှုတို့မြင့်မားနိုင်သည့်အတွက် အချိန်နှင့်တစ်ပြေးညီ အရေးပေါ်တုံ့ပြန်မှုများ ဆောင်ရွက်နိုင်ရန် အသိသုတများ မွေးမြူရေးလုပ်ငန်းရှင်တောင်သူတိုင်းက သိရှိနားလည်ခြင်းတို့ လိုအပ်သည်။ ကျွဲ၊ နွား ကူးစက်ရောဂါကာကွယ်ဆေးများမှာ စတင်ထိုးသည့် အရွယ်မှစကာ ပုံမှန်ခြောက်လတစ်ကြိမ်၊ တစ်နှစ်တစ်ကြိမ် စသည်ဖြင့် သက်ဆိုင်ရာ ကာကွယ်ဆေးအမျိုးအစားအလိုက် မပျက်မကွက် ထိုးနှံသွားကြရမည်ဖြစ်သည်။

ကျွဲ၊ နွားများ အပါအဝင် မွေးမြူရေးတိရစ္ဆာန်များ ကာကွယ်ဆေး ပုံမှန်ထိုးပေးခြင်းအားဖြင့် ကူးစက်ရောဂါကြောင့် သေဆုံးမှုလျော့ကျစေမည်ဖြစ်သကဲ့သို့ လယ်ယာသုံးတိရစ္ဆာန်များအနေဖြင့်လည်း လယ်ယာလုပ်ငန်းခွင်၌ အင်အားအပြည့် လုပ်ငန်းခွင်မပျက်လုပ်ငန်းများ ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ဈေးကွက်များသို့ တင်ပို့ ရောင်းချမည်ဆိုပါကလည်း ရောဂါကင်းစင်သော၊ ကျန်းမာသန်စွမ်းသော တိရစ္ဆာန်များအဖြစ် တန်ဖိုးပိုမိုမြင့်မားစွာရရှိနိုင်သည့် ကောင်းကျိုးရလဒ်များ ဖြစ်ထွန်းနိုင်သည်ဟု အကျိုးမျှော်၍ နှိုးဆော်အပ်ပါကြောင်း။ ။




## ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး "တတိယအကြိမ်မြောက် တရုတ်-အာဆီယံ တရားရေးဖိုရမ်" တက်ရောက်

**နေပြည်တော် ဇူလိုင် ၂၀**

အာဆီယံနှင့်တရုတ်နိုင်ငံအကြား မိတ်ဖက်ဆောင်ရွက်မှုများ ပိုမိုလွယ်ကူတိုးတက်စေရန်နှင့် တရားရေးဆိုင်ရာအတွေ့အကြုံဖလှယ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်နိုင်ရန်အတွက် တတိယအကြိမ်မြောက် တရုတ်-အာဆီယံ တရားရေးဖိုရမ် (The 3rd China-ASEAN Justice Forum) ကို ယနေ့ နံနက် ၈ နာရီခွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့၌ကျင်းပရာ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး အွန်လိုင်းဖြင့် တက်ရောက်သည်။ **(အပေါ်ပုံ)**

ယင်းဖိုရမ်ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့တရားရုံးချုပ် (Supreme People's Court of China- SPC) က ကြီးမှူး၍ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြည်သူ့တရားလွှတ်တော်က ပံ့ပိုးကူညီကျင်းပခြင်းဖြစ်သည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စု တရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့တရားရုံးချုပ်မှ တရားသူကြီးချုပ် Zhou Qiang၊ အာဆီယံ ၁၀ နိုင်ငံမှ တရားသူကြီးချုပ်များနှင့် အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်တို့က အဖွင့်အမှာစကား ပြောကြားကြသည်။

ယင်းနောက် ဖိုရမ်ကိုဆက်လက်ကျင်းပရာ တက်ရောက်လာကြသည့် အာဆီယံ ၁၀ နိုင်ငံမှ ကိုယ်စားလှယ်များက ဖိုရမ်၏ဆောင်ပုဒ်ဖြစ်သည့် "၂၁ ရာစု ပိုးလမ်းမကို ပူးတွဲတည်ဆောက်ဖို့ တရားရေးဆိုင်ရာအဆင့်မြင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ကြပါစို့" နှင့်အညီ တရားစီရင်ရေးနှင့် ဆက်နွယ်သော ဘာသာရပ်ခေါင်းစဉ်များအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပြီး အကြံဉာဏ်များဖလှယ်ကြသည်။

ဖိုရမ်တွင် အဓိကအားဖြင့် "ဒေသတွင်းကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအတွက် ပိုမိုကောင်းမွန်သော တရားစီရင်ရေးဆိုင်ရာ ဝန်ဆောင်မှုများ ပံ့ပိုးနိုင်ရန် ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စီးပွားရေးနှင့်ကုန်သွယ်မှု စည်းမျဉ်းအသစ်များကို အရှိန်မြှင့်ဆောင်ရွက်ရေး" ၊ "အပြည်ပြည်ဆိုင်ရာ အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဆိုင်ရာ ကာကွယ်မှုတိုးတက်စေရန် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရေး"၊ " ကပ်ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့်စီးပွားရေးပြန်လည်ထူထောင်ရေးအတွက် တရားစီရင်ရေးဆိုင်ရာ အကူအညီပေးရန် နယ်စပ်ဖြတ်ကျော် အွန်လိုင်းတရားစွဲဆိုမှုကို မြှင့်တင်ရေး" တို့နှင့် စပ်လျဉ်း၍ စာတမ်းများဖတ်ကြားဆွေးနွေးကြသည်။

ထို့နောက် ဖိုရမ်သို့တက်ရောက်လာကြသည့် နိုင်ငံများက တတိယအကြိမ်မြောက် တရုတ်-အာဆီယံ တရားရေးဖိုရမ်၊နန်နင်းသဘောတူညီချက်ကို အတည်ပြုထုတ်ပြန်ခဲ့သည်။

ဖိုရမ်သို့ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့်အတူ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမျိုးတင့်၊ ဦးကြည်သိန်း၊ ဦးခင်မောင်ကြီး၊ ဦးသောင်းနိုင်နှင့် ဦးသိန်းကိုကို တို့ တက်ရောက်ကြပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်မိုးနှင့် ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ မိုးသူဇာဦးတို့က ဖိုရမ်အစီအစဉ်များတွင် စာတမ်းများ ဖတ်ကြားခဲ့ကြသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုဌာနချုပ်က ကရုဏာကမ္ဘာဘိုးဘွားရိပ်သာသို့ အာဟာရဖြည့်စွက်စာနှင့် ဟင်းသီးဟင်းရွက်များ လှူဒါန်း

**နေပြည်တော် ဇူလိုင် ၂၀**

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုဌာနချုပ်က ကရုဏာကမ္ဘာဘိုးဘွားရိပ်သာသို့ အာဟာရဖြည့်စွက်စာနှင့် ဟင်းသီးဟင်းရွက်များ ယနေ့နံနက်ပိုင်းက လှူဒါန်းသည်။

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ (ကိုယ်စား) မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ကျော်မျိုးဝင်း(ငြိမ်း)သည် ဒက္ခိဏသီရိမြို့နယ်ရှိ ကရုဏာကမ္ဘာဘိုးဘွားရိပ်သာတွင် နေထိုင်ကြသော အဘိုး ၁၁၅ ဦး၊ အဘွား ၅၈ ဦး ပေါင်း ၁၇၃ ဦးတို့အတွက် ကျန်းမာရေးနှင့်ညီညွတ်စွာနေထိုင် နိုင်ရေး အထောက်အကူဖြစ်စေသည့် သဘာဝသစ်သီးသစ်ဥများကို ဂျပန်နည်းပညာဖြင့် ဖော်စပ်ထုတ်လုပ်ထားသော အာဟာရဖြည့်စွက်စာ အထုပ်ရေ ၂၀၀ (ကာလတန်ဖိုး




ငွေကျပ် ၉ သန်းခန့်)နှင့် ခြံထွက်ဟင်းသီးဟင်းရွက်များကို ပေးအပ်လှူဒါန်းရာ ကရုဏာကမ္ဘာဘိုးဘွားရိပ်သာ တာဝန်ခံအရာရှိ ဗိုလ်မှူးသောင်းမြင့်(ငြိမ်း) က လက်ခံရယူကြောင်း သိရသည်။ **(အပေါ်ပုံ)**

**သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အကြိမ် (၂၀) မြောက် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ကြမည့် မြန်မာနိုင်ငံကိုယ်စားပြု တက္ကသိုလ်အားကစားအဖွဲ့အား အောင်နိုင်ရေးအလံ အပ်နှင်းခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

❖ **“ပွဲမဝင်ခင် အပြင်ကကျင်းပ” ဆိုသည့် စကားနှင့်အညီ တက္ကသိုလ်ကျောင်းသား အားကစားမောင်မယ်များအနေဖြင့် ဇွဲ၊ လုံ့လ၊ ဝီရိယအပြည့်ဖြင့် ပြင်းပြင်းထန်ထန် လေ့ကျင့်ပြင်ဆင်ပြီးဖြစ်၍ မိမိတို့၏ ကြိုးစားအားထုတ်မှုများကို တက္ကသိုလ်အားကစားသမိုင်းတွင် မှတ်တမ်းတင်နိုင်ရေး တက်ညီလက်ညီ ကြိုးစားယှဉ်ပြိုင်**

❖ **နိုင်ငံတကာအလယ်တွင် အမိနိုင်ငံ၏ အလံတော်လွှင့်ထူဂုဏ်ပြုခံရခြင်းမျိုးကို နိုင်ငံသားတိုင်းက လိုလားတောင့်တကြသည့်အတွက် အားသွန်ခွန်စိုက်ကြိုးစား**

❒ *ရှေ့ဖုံးမှ*

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း က အမှာစကားပြောကြားရာတွင် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲများကို အာဆီယံတက္ကသိုလ် အားကစားကောင်စီက နှစ်နှစ်တစ်ကြိမ် ကျင်းပလျက်ရှိရာ အလှည့်ကျသည့် နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်းဖြစ်ပြီး အဆိုပါ အားကစားပြိုင်ပွဲများသို့ အာဆီယံနိုင်ငံများရှိ တက္ကသိုလ်များမှ ကျောင်းသား ကျောင်းသူ အားကစားသမားများ ပါဝင်ယှဉ်ပြိုင်ကြခြင်းဖြစ်ကြောင်း။

### အောင်မြင်စွာ လက်ခံကျင်းပနိုင်ခဲ့

အာဆီယံတက္ကသိုလ် အားကစားကောင်စီကို ၁၉၈၀ ပြည့်နှစ်တွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့ပြီး ၁၉၈၁ ခုနှစ်မှစတင်၍ အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲကို ထိုင်းနိုင်ငံ၌ စတင်ကျင်းပခဲ့ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၈ ခုနှစ်တွင် အိမ်ရှင်နိုင်ငံအဖြစ် အောင်မြင်စွာ လက်ခံကျင်းပနိုင်ခဲ့ကြောင်း။

အာဆီယံတက္ကသိုလ် အားကစားကောင်စီသည် အာဆီယံနိုင်ငံများအချင်းချင်း စည်းလုံးညီညွတ်မှုကို အားပေးမြှင့်တင်ပေးရန်၊ ချစ်ကြည်ရေးစိတ်ဓာတ် ရှင်သန်ရန်၊ နိုင်ငံအချင်းချင်းအကြား အပြန်အလှန် နားလည်မှုရှိရန်နှင့် အာဆီယံစိတ်ဓာတ်ရှိကြရန် အဆက်မပြတ် ကြိုးပမ်းအားထုတ်သည့်အနေဖြင့် ယခုကဲ့သို့သော အားကစားပြိုင်ပွဲကို စဉ်ဆက်မပြတ် ကျင်းပနေခြင်းဖြစ်ကြောင်း။

### အပြန်အလှန်လေ့လာဖလှယ်ခွင့်ရရှိ

ယနေ့ကမ္ဘာတွင် အားကစားသည် ထိရောက်ကောင်းမွန်သော သံတမန်လမ်းကြောင်းတစ်ခုဖြစ်သည့်အပြင် နိုင်ငံတစ်နိုင်ငံ၏ဂုဏ်သိက္ခာမြင့်မားမှုကို ပီပြင်စွာဖော်ထုတ်ပြသနိုင်ပြီး နိုင်ငံတကာ ချစ်ကြည်ရေးကို အားပေးမြှင့်တင်ပေးသော နည်းလမ်းကောင်းတစ်ရပ်ဖြစ်ကြောင်း၊ အာဆီယံ တက္ကသိုလ်များ အားကစားပြိုင်ပွဲများမှတစ်ဆင့် အာဆီယံလူငယ်များအချင်းချင်း ချစ်ကြည်ရင်းနှီးပြီး စည်းလုံးညီညွတ်မှုများ ရရှိလာမည်ဖြစ်သကဲ့သို့ အားကစားစွမ်းရည်များကို ထုတ်ဖော်ပြသခွင့် ရရှိလာကာ ထူးချွန်အားကစားသမားများလည်း ပေါ်ထွန်းလာစေမည်ဖြစ်ကြောင်း၊ တက္ကသိုလ် အားကစားသမားများအကြား သက်ဆိုင်ရာ တက္ကသိုလ်များ၏ အကြောင်းအရာများနှင့် သက်ဆိုင်ရာနိုင်ငံများ၏ ယဉ်ကျေးမှုဆိုင်ရာများကို အပြန်အလှန် လေ့လာဖလှယ်ခွင့် ရရှိလာစေမည်ဖြစ်ကြောင်း။

ထိုင်းနိုင်ငံ ဥဘွန်ရတ်ချဌာနီ၌ မကြာမီ စတင်ကျင်းပတော့မည့် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲသည် အာဆီယံနိုင်ငံများအကြား အချင်းချင်း စည်းလုံးညီညွတ်မှုကို အားကစားဖြင့် တိုးတက်ခိုင်မာစေရန် ရည်ရွယ်၍ **“စည်းလုံးညီညွတ်မှု အစဉ်တည်တံ့ဖို့ အားကစားပြိုင်ပွဲများ ကျင်းပစို့ (Games for Sustainability)”**ဟူသည့် ဆောင်ပုဒ်ချမှတ်ကာ အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် နှစ်နှစ်လျှင် တစ်ကြိမ် ကျင်းပသည့် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲများကို ၂၀၁၀ ပြည့်နှစ်က ထိုင်းနိုင်ငံ၌ ကျင်းပခဲ့သော (၁၅) ကြိမ်မြောက် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲတွင် အားကစားနည်း ရှစ်မျိုးဖြင့် စတင်ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ၂၀၁၂ ခုနှစ် လာအိုနိုင်ငံ၌ ကျင်းပခဲ့သည့် (၁၆)ကြိမ်မြောက်ပြိုင်ပွဲ၊ ၂၀၁၄ ခုနှစ် အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပခဲ့သော (၁၇)ကြိမ်မြောက် ပြိုင်ပွဲနှင့် ၂၀၁၆ ခုနှစ် စင်ကာပူနိုင်ငံ၌ ကျင်းပခဲ့သည့် (၁၈)ကြိမ်မြောက် ပြိုင်ပွဲတို့တွင် မပျက်မကွက် အားကစားစိတ်ဓာတ် အပြည့်အဝဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း၊ အဆိုပါပြိုင်ပွဲများတွင် အောင်မြင်မှုများ ရသင့်သလောက် ရရှိခဲ့ကြောင်း။

### မှတ်တိုင်တစ်ရပ် စိုက်ထူနိုင်

၂၀၁၈ ခုနှစ်တွင် မြန်မာနိုင်ငံ၌ လက်ခံကျင်းပခဲ့သော (၁၉)ကြိမ်မြောက် အာဆီယံ တက္ကသိုလ်များ အားကစားပြိုင်ပွဲတွင် အားကစားနည်း ၁၇ မျိုး ထည့်သွင်းကျင်းပခဲ့ကြောင်း၊ အဆိုပါ အားကစားပြိုင်ပွဲ အားကစားနည်းတိုင်းတွင် မြန်မာနိုင်ငံမှ ကျောင်းသား ကျောင်းသူ အားကစားသမား ၃၅၃ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ် ၂၄ ခု၊ ငွေတံဆိပ် ၂၆ ခုနှင့် ကြေးတံဆိပ် ၂၉ ခု ဆွတ်ခူးရရှိခဲ့ပြီး နိုင်ငံအလိုက် အဆင့်ရပ်တည်မှုအနေဖြင့် အဆင့် ၄ တွင် ရပ်တည်နိုင်ခဲ့ခြင်းသည် အောင်မြင်မှုသမိုင်း မှတ်တိုင်တစ်ရပ် စိုက်ထူနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုကျင်းပမည့် အကြိမ် (၂၀) မြောက် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု တက္ကသိုလ် အားကစားသမား ၃၃ ဦးက ဘောလုံး၊ မြားပစ်၊ ပိုက်ကျော်ခြင်းနှင့် ဝူရှူးအားကစားနည်း လေးမျိုးတွင် ပါဝင်ယှဉ်ပြိုင်ကြမည်ကို သိရကြောင်း။

၁၉၆၉ ခုနှစ်တွင် မြန်မာနိုင်ငံ၌ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခဲ့သည့် အရှေ့တောင်အာရှကျွန်းဆွယ် အားကစားပြိုင်ပွဲတွင် တက္ကသိုလ်လက်ရွေးစင်များက အောင်ပွဲများ ဆွတ်ခူးပေးနိုင်ခဲ့ကာ မြန်မာ့အားကစားလောက ရွှေရောင်ဝင်းလက်စေခဲ့ကြောင်း။

ထို့ပြင် စစ်ကြိုခေတ်ကတည်းက တက္ကသိုလ်ဘောလုံးအသင်းအနေဖြင့် မြန်မာ့ဘောလုံးလောကတွင် အောင်မြင်မှုမှတ်တိုင် အလီလီစိုက်ထူနိုင်ခဲ့သည်ကို ဂုဏ်ယူ၊ အတုယူကြရမည်ဖြစ်ကြောင်း၊ စစ်ကြိုခေတ်တက္ကသိုလ် ဘောလုံးအသင်းမှ မောင်မောင်ကလေးဆိုသူကို အင်္ဂလန်နိုင်ငံသို့ ပထမဆုံး အားကစားပညာတော်သင်အဖြစ် အစိုးရကစေလွှတ်ပေးခဲ့ကြောင်း။

### မှတ်တမ်းတင်ခံထိုက်သူတစ်ဦးဖြစ်

၁၉၆၀ ပြည့်လွန်နှစ်များတွင် တက္ကသိုလ်ဘောလုံးအသင်း နည်းပြဆရာ ဆရာငြိမ်းသည် ရန်ကုန်တက္ကသိုလ်အသင်းကို ထိပ်တန်းအသင်းဖြစ်အောင် ကိုင်တွယ်ဆွဲတင်ပေးနိုင်ခဲ့သည့် နည်းပြဆရာအဖြစ် မှတ်တမ်းတင်ခံထိုက်သူတစ်ဦး ဖြစ်ခဲ့ကြောင်း။

၁၉၆၆ ခုနှစ်တွင် အာရှအားကစားပြိုင်ပွဲကို ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ကျင်းပခဲ့စဉ် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းက နောက်ဆုံးဗိုလ်လုပွဲ၌ အီရန်နိုင်ငံအသင်းကို အနိုင်ရကာ ရွှေတံဆိပ်ဆု ဆွတ်ခူးရရှိခဲ့ကြောင်း၊ အဆိုပါ မြန်မာ့လက်ရွေးစင်အသင်းမှ အောင်ခင်နှင့် စိုးမြင့်တို့ နှစ်ဦးသည် ရန်ကုန်တက္ကသိုလ်လက်ရွေးစင်များ ဖြစ်ကြကြောင်း၊ ရွှေဂိုး-အောင်ခင်ဟုပင် တင်စားခေါ်ဝေါ်ခဲ့ကြသည်ကို အမှတ်ရကြမည်ဖြစ်ကြောင်း။

စစ်ပြီးခေတ် ရန်ကုန်တက္ကသိုလ်ဘောလုံးအသင်း လက်ရွေးစင်များဖြစ်ကြသည့် ကောလိပ်ဂျင်နေဝင်း၊ ထွန်းကြည်၊ အောင်ခင်၊ ကက်နက်ရှိန်၊ တင်မောင်၊ စိုးမြင့်၊ စောဦး၊ မောင်ပြုံး၊ ကျော်ကျော်၊ မောင်မောင်၊ ငွေကိုင်၊ ဂျွန်တင့်၊ ဘန်နီတင်အောင်၊ ခင်မောင်ဝင်း၊ ခင်မောင်ဇော်၊ ဘမောင် ဆိုသူတို့သည် မြန်မာလူငယ်လက်ရွေးစင်အသင်းနှင့် လူကြီးလက်ရွေးစင်အသင်းတို့တွင် ပါဝင်ကစားခဲ့ကြသည့် ပရိသတ်အသည်းစွဲနာမည်ကျော် ကစားသမားများပင် ဖြစ်ကြကြောင်း၊ ဂိုးသမား ဂျပ်ဆင် ဆိုသူသည် ရန်ကုန်တက္ကသိုလ်လက်ရွေးစင်မှ မြန်မာ့လက်ရွေးစင်အဖြစ် ရွေးချယ်ခံခဲ့ရသူဖြစ်ကြောင်း။

ဘော်လီဘောအားကစားနည်းတွင် ကျော်ဟန်၊ အေးထွန်း၊ စန်းစန်းဖေနှင့် ဖြူဖြူဇော် စသည့် တက္ကသိုလ်ဘော်လီဘောသမားများနှင့် ဘတ်စကက်ဘောအားကစားနည်းတွင် ဉာဏ်မင်းတို့သည် မြန်မာ့လက်ရွေးစင်များအဖြစ် နိုင်ငံတကာပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသူများဖြစ်ကြောင်း။

၁၉၆၂ ခုနှစ် အာရှအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ် နှစ်ခု ဆွတ်ခူးနိုင်ခဲ့သည့် တင်မောင်နီနှင့် ၁၉၆၉ ခုနှစ် ရန်ကုန်ကျွန်းဆွယ်ပြိုင်ပွဲတွင် တစ်ဦးတည်း

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

ရွှေတံဆိပ် သုံးခု ဆွတ်ခူးနိုင်ခဲ့သော နန္ဒကျော်စွာတို့သည် ဆုတံဆိပ်များစွာ ဆွတ်ခူးခဲ့ကြသည့် တက္ကသိုလ် ရေကူးအားကစားသမားများ ဖြစ်ကြကြောင်း။

ကြက်တောင်အားကစားနည်းတွင် မောင်လှ၊ ကျော်ထွန်း၊ မြင့်မြင့်ခင်(မန္တလေး)တို့မှ အစပြု၍ မြလေးစိန်အထိ မြန်မာ့လက်ရွေးစင် ကြက်တောင်ရိုက် အားကစားသမားများသည် တက္ကသိုလ် လက်ရွေးစင်အသင်းသားများ ဖြစ်ကြကြောင်း။

**ကောင်းမွန်သောသမိုင်းအမွေကို ထိန်းသိမ်း**

အကြိမ်(၂၀)မြောက် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲတွင် သွားရောက်ယှဉ်ပြိုင်ကြမည့် မြန်မာ့တက္ကသိုလ် ကျောင်းသား ကျောင်းသူ အားကစားမောင်မယ်များအနေဖြင့် ခေတ်အဆက်ဆက် အောင်မြင်ကျော်ကြားခဲ့သည့် တက္ကသိုလ် အားကစား၏ ကောင်းမွန်သောသမိုင်းအမွေကို ထိန်းသိမ်းမြှင့်တင်ပေးနိုင်လိမ့်မယ်ဟု ယုံကြည်ပါကြောင်း။

"ပွဲမဝင်ခင်အပြင်ကကျင်းပ" ဆိုသည့် စကားနှင့်အညီ တက္ကသိုလ်ကျောင်းသား အားကစားမောင်မယ်များအနေဖြင့် ခွဲ၊ လုံ့လ၊ ဝီရိယအပြည့်ဖြင့် ပြင်းပြင်းထန်ထန် လေ့ကျင့်ပြင်ဆင်ပြီးဖြစ်၍ မိမိတို့၏ ကြိုးစားအားထုတ်မှုများကို တက္ကသိုလ်အားကစားသမိုင်းတွင် မှတ်တမ်းတင်နိုင်ရေး တက်ညီလက်ညီ ကြိုးစားယှဉ်ပြိုင်သွားကြစေလိုကြောင်း၊ နိုင်ငံတကာအလယ်တွင် အမိနိုင်ငံ၏အလံတော်လွှင့်ထူဂုဏ်ပြုခံရခြင်းမျိုးကို နိုင်ငံသားတိုင်းက လိုလားတောင့်တကြသည့်အတွက် အားသွန်ခွန်စိုက် ကြိုးစားကြရန် တိုက်တွန်းလိုကြောင်း။

**တက္ကသိုလ်များမှ ရွေးချယ်**

အကြိမ်(၂၀)မြောက် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲအတွက် သတ်မှတ်စံချိန် စံညွှန်းများနှင့် ကိုက်ညီသည့် အားကစားသမားများကို တက္ကသိုလ်များမှ ရွေးချယ်ပြီး ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုထားခြင်းဖြစ်ကြောင်း၊ တက္ကသိုလ်ကျောင်းသား အားကစားမောင်မယ်များသည် နည်းစနစ် ပိုင်နိုင်ကျွမ်းကျင်မှု၊ အားကစားစွမ်းဆောင်ရည် မြင့်မားမှု၊ စံချိန်စံညွှန်းကောင်းမွန်မှု စသည့်အရည်အသွေးများ ပြည့်ပြည့်ဝဝ ခိုင်ခိုင်မာမာဖြင့် ပြိုင်ပွဲဝင်ရန် အသင့်ဖြစ်နေကြပြီဟု ယုံကြည်ပါကြောင်း။

အားကစားအောင်မြင်မှုများသည် နိုင်ငံတော်၏ ဂုဏ်သိက္ခာကို မြှင့်တင်နိုင်သည့်အတွက် ပြိုင်ပွဲတိုင်း အနိုင်ရရှိရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူပြီး တက္ကသိုလ်အားကစားအဖွဲ့ဝင် မောင်မယ်များ၏ ပခုံးထက်တွင် ထမ်းဆောင်ထားကြရသည် ဆိုသည်ကို သတိပြုနေကြရမည်ဖြစ်ကြောင်း။

ယနေ့အချိန်ကာလတွင် နိုင်ငံတော်ကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရေးအတွက် နယ်ပယ်စုံ၊ ကဏ္ဍစုံ အားထုတ်ကြိုးပမ်း ဆောင်ရွက်လျက်ရှိရာ အားကစားကဏ္ဍကိုလည်း တစ်ခန်းတစ်ကဏ္ဍ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အကြိမ်(၂၀)မြောက် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် မြန်မာတက္ကသိုလ်အားကစားအဖွဲ့အား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။

ထည့်သွင်းပြီး နိုင်ငံတကာအဆင့်မီ ဖွံ့ဖြိုးတိုးတက်စေရန် စနစ်တကျအစီအမံများ ချမှတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ "တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး" ဆိုသည့် လူမှုရေးဦးတည်ချက်အတိုင်း အနာဂတ်ကို ဦးဆောင်ပုံဖော်ကြမည့် လူငယ်များကို စိတ်ဓာတ်စည်းကမ်းကောင်းမွန်၍ ကျန်းမာကြံ့ခိုင်ပြီး ပညာရည်မြင့်မားသော မျိုးဆက်များဖြစ်အောင် လေ့ကျင့်ပြုစုပျိုးထောင်သွားရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

**အမျိုးဂုဏ်နှင့်ဇာတိဂုဏ်များကို မြှင့်တင်**

အားကစားပြိုင်ပွဲများသည် တရားမျှတမှုရှိသော စွမ်းရည်ပြယှဉ်ပြိုင်မှုများဖြစ်ကြောင်း၊ အလားတူအနိုင်မခံ၊ အရှုံးမပေးသည့်စိတ်ဓာတ်၊ ခိုင်မာသော စိတ်ဓာတ်များဖြင့် ယှဉ်ပြိုင်ကြရသည့်အတွက် နိုင်ငံ့ဂုဏ်၊ အမျိုးဂုဏ်နှင့် ဇာတိဂုဏ်များကို မြှင့်တင်ပေးပြီး အမျိုးသားရေးစိတ်ဓာတ်များကိုလည်း ပိုမိုရှင်သန်ထက်သန်စေနိုင်မည်ဖြစ်ကြောင်း၊ အားကစားသည် နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ ကျန်းမာကြံ့ခိုင်မှု၊ ခွဲ၊ လုံ့လ၊ ဝီရိယ ကြီးမားမှုနှင့် စည်းလုံးညီညွတ်မှုတို့ကို ပေါ်လွင်စေကြောင်း။

တစ်နည်းအားဖြင့် မိမိတို့နိုင်ငံရှိပြည်သူပြည်သားများ၏ကျန်းမာကြံ့ခိုင်မှုနှင့်အားကစားအဆင့်အတန်းကို မြှင့်တင်နိုင်ရန် ပြည်တွင်းအားကစားပြိုင်ပွဲများ၊ ဒေသတွင်း အားကစားပြိုင်ပွဲများနှင့် နိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ကြပြီး မိမိတို့၏ အားကစားစွမ်းရည်နှင့် အားကစားစိတ်ဓာတ်ကို ထုတ်ဖော်ပြသနိုင်ရန် အစွမ်းကုန်ကြိုးပမ်းအားထုတ်သွားကြရမည်ဖြစ်ကြောင်း။

အားကစားပြိုင်ပွဲများတွင် မိမိတို့၏ ကျွမ်းကျင်မှု၊ အတွေ့အကြုံနှင့် အလေ့အကျင့်တို့ကို စဉ်းစားဆင်ခြင်ဉာဏ်၊ လျှပ်တစ်ပြက်ဖြတ်ထိုးဉာဏ်၊ မှန်ကန်သည့်အယူအဆ၊ မှန်ကန်မြန်ဆန်သောဆုံးဖြတ်ချက်တို့ဖြင့် ပေါင်းစပ်အသုံးချ ယှဉ်ပြိုင်မည်ဆိုလျှင် အောင်ပွဲဆင်နိုင်ကြမည်ဖြစ်ကြောင်း။

ပြီးခဲ့သည့် ဇွန်လအတွင်း ဗီယက်နမ်နိုင်ငံ၌ ကျင်းပခဲ့သည့် (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဆုတံဆိပ်များ ရရှိခဲ့ကြသည့် မြန်မာအားကစားအဖွဲ့များကို နိုင်ငံတော်က ဂုဏ်ပြုဆုချီးမြှင့်သည့် အခမ်းအနား ခမ်းနားစွာ ကျင်းပပြီး ထိုက်ထိုက်တန်တန် ဂုဏ်ပြုခဲ့ကြောင်း။

ပြိုင်ပွဲဝင် တက္ကသိုလ်ကျောင်းသား ကျောင်းသူ အားကစားမောင်မယ်များအနေဖြင့် အားကစားစည်းမျဉ်းစည်းကမ်းများနှင့်အညီ အားကစားစိတ်ဓာတ် အပြည့်အဝထားရှိကာ တရားသောနည်းလမ်းများနှင့်အတူ ယှဉ်ပြိုင်အနိုင်ယူကြရမည်ဖြစ်ကြောင်း၊ နိုင်ငံအတွက် ဆုတံဆိပ်များ ဆွတ်ခူးပေးနိုင်ကြပါစေ၊ နိုင်ငံ၏ဂုဏ်သိက္ခာကို အားကစားဖြင့် မြှင့်တင်ပေးနိုင်ကြပါစေကြောင်း ပြောကြားသည်။

**အလံကို အပ်နှင်း**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း က မြန်မာတက္ကသိုလ် အားကစားအဖွဲ့ ခေါင်းဆောင် ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာတင်မောင်ထွန်း ထံ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို အပ်နှင်းသည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ က အကြိမ် (၂၀) မြောက် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် မြန်မာတက္ကသိုလ် အားကစားအဖွဲ့၏ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် အကြိမ် (၂၀) မြောက် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် မြန်မာတက္ကသိုလ်အားကစားအဖွဲ့အား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း ပြေးခုန်ပစ်ပြိုင်ပွဲတွင် ရေဝတီရေတပ်စခန်းဌာနချုပ်အသင်းက တံခွန်စိုက်ဒိုင်းဆုရရှိ



**နေပြည်တော် ဇူလိုင် ၂၀**

၂၀၂၂ ခုနှစ် ကာကွယ်ရေးဦးစီးချုပ် (ရေ) တံခွန်စိုက်ဒိုင်း ပြေးခုန်ပစ်ပြိုင်ပွဲဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် ရေဝတီရေတပ်စခန်း ဌာနချုပ် သီဟသူရထွန်းတင်ခန်းမ၌ ပြုလုပ်ရာ နယ်မြေခံရေတပ်ကွပ်ကဲမှုဌာနချုပ်၊ ကွပ်ကဲမှုဌာနချုပ်မှူး ဗိုလ်ချုပ် ထိန်ဝင်းနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ ရေတပ်ကွပ်ကဲမှု ဌာနချုပ်မှူးက အမှာစကား ပြောကြားပြီး ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ တံခွန်စိုက်ဒိုင်းဆု ရရှိသည့် ရေဝတီရေတပ်စခန်း ဌာနချုပ်အသင်းကို ကွပ်ကဲမှု ဌာနချုပ်မှူးက လည်းကောင်း၊ ပြိုင်ပွဲအမျိုးအစားအလိုက် ဆုရရှိသူများကို တာဝန်ရှိသူများက လည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ကြသည်။ (ဓာတ်ပုံ)

အဆိုပါ ပြေးခုန်ပစ်ပြိုင်ပွဲကို ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) ကွပ်ကဲမှုအောက် ရေတပ်စခန်း ဌာနချုပ်များမှ ပြိုင်ပွဲဝင်အသင်း ၁၃ သင်းဖြင့် ဇူလိုင် ၁၀ ရက်မှ ယနေ့အထိ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ၂၀၂၂ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၁၉ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ



**နေပြည်တော် ဇူလိုင် ၂၀**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၂ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၁၉ နှစ်အောက် အမျိုးသား ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်း၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဦးခင်မောင်ဆွေ၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ စောဒန်နီယယ်၊ ဒေါက်တာ ဗညားအောင်မိုးနှင့် ဦးရွှေကြိမ်၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြများ၊ အားကစားသမားများနှင့် ဘောလုံးဝါသနာရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက မြန်မာ့ဘောလုံး အားကစား အဆင့်အတန်းကို တိုးတက်မြင့်မားလာစေရေးနှင့် သွေးသစ်လူငယ်ဘောလုံးသမားများ စဉ်ဆက်မပြတ် ပေါ်ထွက်လာစေရေး၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ ဘောလုံးအားကစားသမားများ အချင်းချင်း သွေးစည်းညီညွတ်မှုရှိပြီး ပြည်ထောင်စုစိတ်ဓာတ် ပိုမိုထွန်းကား ပြန့်ပွားလာစေရန် ရည်ရွယ်၍ ပြိုင်ပွဲကို ကျင်းပပေးရခြင်းဖြစ်ကြောင်း။

မြန်မာ့ဘောလုံး အားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရန် အရှေ့တောင်အာရှနှင့် အာရှဒေသနယ်ပယ်တွင် အောင်မြင်စွာ ရပ်တည်နိုင်ရေးသည် ပြည်သူတစ်ရပ်လုံး၏ လိုလားချက်ဖြစ်သကဲ့သို့ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၏ ရည်မှန်းချက်တစ်ရပ်အဖြစ်လည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာဘောလုံးအသင်း အောင်မြင်မှုရရှိနိုင်ရန် မြန်မာ့လက်ရွေးစင်လူငယ်များကို ကျောထောက်နောက်ခံအဖြစ် အင်အားအများဆုံး ဖြည့်တင်းပေးနိုင်မည့် ပြည်နယ်နှင့် တိုင်းဒေသကြီး လူငယ်ဘောလုံးပြိုင်ပွဲများကို မိမိတို့ဌာနအနေဖြင့် စဉ်ဆက်မပြတ် ကျင်းပပေးနေခြင်းဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲများ၏ လမ်းညွှန်ချက်နှင့်အညီ မြန်မာ့ဘောလုံးအားကစား ပြန်လည်အောင်မြင်မှုရရှိရန် အရေးကြီးတာဝန်တစ်ရပ်အဖြစ် ခံယူပြီး အောင်နိုင်ရေးစီမံချက် ရေးဆွဲကာ အလေးအနက်ထား ဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်မှ အားကစားကို ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ အားကစားသမားများအနေဖြင့်လည်း နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေပြီး နိုင်ငံ့ဂုဏ်သိက္ခာကျစေမည့် ပြုမူဆောင်ရွက်မှုမျိုး မပြုလုပ်မိစေရန် အထူးမှာကြားလိုပါကြောင်း။

ပြိုင်ပွဲဝင် အားကစားသမားများအနေဖြင့် အားကစားစိတ်ဓာတ် အပြည့်အဝနှင့် သန့်သန့်ရှင်းရှင်း ယှဉ်ပြိုင်ကစားကြရန်၊ ဒိုင်လူကြီးများကလည်း ဘက်လိုက်မှုကင်းရှင်းပြီး သတ်မှတ်ထားသည့် ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ တရားမျှတမှန်ကန်စွာ ဆုံးဖြတ်ဆောင်ရွက်သွားကြရန်နှင့် နိုင်ငံတော်က အားထားရမည့်ဘောလုံးအားကစားသမားကောင်းများ ပေါ်ထွက်လာအောင် ယှဉ်ပြိုင်ကစားသွားကြရန် တိုက်တွန်းမှာကြားကာ ၂၀၂၂ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၁၉ အောက်အမျိုးသားဘောလုံးပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာဓိဋ္ဌာန် (၄) ချက်ကို ရွတ်ဆိုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူများနှင့် အားကစားသမားများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။ (ဝဲပုံ)

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ၂၀၂၂ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၁၉ နှစ်အောက် အမျိုးသား ဘောလုံးပြိုင်ပွဲဖွင့်ပွဲ ပွဲစဉ်အဖြစ် နေပြည်တော်အသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြသည်။

၂၀၂၂ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၁၉ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲကို ဇူလိုင် ၂၀ ရက်မှ ဩဂုတ် ၃ ရက်အထိ ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်း၊ လေ့ကျင့်ရေးကွင်းအမှတ် ၁ နှင့် ကွင်းအမှတ် ၃ တို့၌ ပြိုင်ပွဲဝင်အသင်း ၁၄ သင်းမှ အားကစားသမားစုစုပေါင်း ၃၂၅ ဦးတို့က ယှဉ်ပြိုင်ကစားကြမည်ဖြစ်သဖြင့် ဘောလုံးအားကစားနည်းကို စိတ်ပါဝင်စားသူ မိဘပြည်သူများအနေဖြင့် အခမဲ့လာရောက် ကြည့်ရှုနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

## Omicron မျိုးကွဲ BA.4 , BA.5 များ ကူးစက်ပျံ့နှံ့မှုမရှိစေရန် ကြိုတင်ကာကွယ်ရေး နည်းလမ်းများဖြင့် အရှိန်အဟုန်မပြတ် ဆက်လက်ဆောင်ရွက်သွားကြရမည်

ပဲခူး ဇူလိုင် ၂၀

**ပဲခူးတိုင်းဒေသကြီးအတွင်း Omicron မျိုးကွဲ BA.4 , BA.5 များ ကူးစက်ပျံ့နှံ့မှုမရှိစေရန် ကြိုတင်ကာကွယ်ရေး နည်းလမ်းများဖြင့် အရှိန်အဟုန်မပြတ် ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ပြောကြားသည်။** (အောက်ပုံ)



ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာ အစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းက Online Zoom Meeting System ဖြင့် ကျင်းပသည့် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၁၁/၂၀၂၂)တွင် ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအပြည့်အဝ ထိုးနှံပေးနိုင်ရေး ဆက်လက်ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အမျိုးအစားအလိုက် ဆေးသက်တမ်း မကုန်ဆုံးမီ စနစ်တကျ စီမံခန့်ခွဲ၍ ကာကွယ်ဆေးထိုးနှံရန် ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများက အထူးအလေးထား ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးက ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိမှုနှင့် ကုသမှု၊ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက မြို့နယ်အလိုက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုး လုပ်ငန်းများ ဆောင်ရွက်နေမှု၊ Facility Quarantineများ ကြိုတင်ပြင်ဆင်ထားရှိမှု၊ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ ကျန်ရှိမှုနှင့် Oxygen Plant များအသင့်ဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ တာဝန်ရှိသူများက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးလုပ်ငန်းများ အရှိန်အဟုန်မပြတ် ဆောင်ရွက်သွားရန်၊ Facility Quarantine များ ကြံ့ခိုင်မှု စစ်ဆေးခြင်းဆောင်ရွက်ရန်၊ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးနည်းလမ်းများ အသိပညာပေးခြင်းနှင့် ဦးတည်အုပ်စုအလိုက် ကာကွယ်ဆေးထိုးစာရင်းများ စနစ်တကျ Database အတွင်း ထည့်သွင်းနိုင်ရေး အကြံပြု တင်ပြချက်များအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ပြည်မြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်း (ပုံစံ-၆၆/၆) အချက်အလက်များ e-ID ရေးသွင်းခြင်းလုပ်ငန်းဆောင်ရွက်

ပြည် ဇူလိုင် ၂၀

ပြည်မြို့နယ်အတွင်းရှိ အိမ်ထောင်စုလူဦးရေစာရင်း ( ပုံစံ-၆၆/၆) အချက်အလက်များကို ကွန်ပျူတာဆော့ဖ်ဝဲဖြင့် e-ID ရေးသွင်းဆောင်ရွက်ခြင်းကို ပြည်မြို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း (တိုင်းဒေသကြီးရုံးခွဲ) ခန်းမ၌ ဇူလိုင် ၁၈ ရက်က စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်လင်းဦးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးစကားပြောကြားကာ ပြည်မြို့နယ်အတွင်းရှိ အိမ်ထောင်စုလူဦးရေစာရင်း စုစုပေါင်း ၆၀၀၂၃ ခု၏ ( ပုံစံ-၆၆/၆) အချက်အလက်များကို အချိန်မီ ရေးသွင်းနိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါ ပြည်မြို့နယ်ရှိ အိမ်ထောင်စုလူဦးရေစာရင်း စုစုပေါင်း ၆၀၀၂၃ ခု၏ (ပုံစံ-၆၆/၆) အချက်အလက်များကို ကွန်ပျူတာဆော့ဖ်ဝဲ (software) ဖြင့် e-ID ရေးသွင်းဆောင်ရွက်ခြင်းကို ဝန်ထမ်း ၄၆ ဦးက သတ်မှတ်ရက်အတွင်း အချိန်မီပြီးစီးနိုင်ရေး ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကိုဆက်(ပြန်/ဆက်)**



# လျှောက်သောလမ်း ဖြောင့်ဖြူး၍ ပွင့်သောပန်းတိုင်း လန်းစေမည်

အမောင်(မြန်မာပြည်သား)၊ အေးကျော်(ရူပဗေဒ)

*(ယမန်နေ့မှအဆက်)*

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့၏ ရုရှားနိုင်ငံသို့ သွားရောက်သည့်ခရီးစဉ်မှာ ဇူလိုင် ၁၀ ရက်မှ ဇူလိုင် ၁၆ ရက်နေ့အထိဖြစ်ပြီး ရက်ကာလအားဖြင့် များပြားသည်တော့ မဟုတ်။ အလုပ်သဘော ခရီးစဉ်ဖြစ်သည့်အတွက် ရသည့်အချိန်ကာလတို အတွင်း တွေ့ဆုံရမည့်သူများနှင့် တွေ့ဆုံ၊ ဆွေးနွေးသင့်သူများ ဆွေးနွေး၊ လေ့လာရမည့်နေရာများအား လေ့လာရသည်။ ၎င်းအပြင် အနာဂတ်မြန်မာနိုင်ငံတော်ကြီးအား တည်ဆောက်ရာတွင် နယ်ပယ်ပေါင်းစုံမှ တိုးတက်ဖွံ့ဖြိုးစေရေးအတွက် အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်စေလွှတ်ထားသည့် ပညာတော်သင် ကျောင်းသားများကိုလည်း လိုအပ်သည့်လမ်းညွှန်သြဝါဒကို ပေးရသည်။

## ပညာတော်သင်များကို သြဝါဒစကားပြောကြား

ရုရှားနိုင်ငံရှိ နိုင်ငံတကာအဆင့်မီ တက္ကသိုလ်အသီးသီး၌ ပညာတော်သင်များအဖြစ် တက်ရောက်လျက်ရှိသည့် နိုင်ငံတကာမှ ကျောင်းသား ကျောင်းသူများကြား၌ အမိမြန်မာပြည်မှလည်း အများအပြား ပါဝင်သည်။ အလှမ်းဝေးကွာလွန်းသည့် နိုင်ငံရပ်ခြားသို့ ပညာတော်သင်အဖြစ် လာရောက်ကြသူများဖြစ်၍ သူတို့လည်း အမိမြေကို လွမ်းကြသည်။ တမ်းတတတ်ကြသည်။ မိဘဆွေမျိုးနှင့် အသိုင်းအဝိုင်းများကို ခေတ္တခွဲခွာ၍ ပညာသင်အဖြစ်လာခြင်းဖြစ်သည့်အတွက် မြန်မာနိုင်ငံမှ သတင်းစကားကို ကြားလိုသည်။ မြန်မာပြည်၏ ဒေသထွက် အစားအစာလေးများကို တမ်းတလိုသည်။ မိမိတို့အကြီးအကဲ၏ သြဝါဒကိုလည်း နာခံလိုသည်။ ထိုသို့သော လိုလားချက်များအပေါ် မိဘအရာ၌ ရှိနေသည့် အကြီးအကဲသဘောပေါက်သည်။ အမိမြန်မာပြည်မှ ဝေးကွာနေသည့် ကာလအတွင်း မြန်မာမှုလက်ရာမွန် မုန့်ဟင်းခါးနှင့် ရုရှားမြေတွင် ရှာဖွေမရနိုင်သည့် မြန်မာနိုင်ငံထွက် စားသောက်ဖွယ်ရာများကို လေယာဉ်ဖြင့် တစ်ပါတည်း ယူဆောင်ခဲ့သည်။ မြန်မာ့အစားအစာကို ငံ့လင့်နေကြမည့် ပညာတော်သင်များကို အချိန်ရှည်စောင့်ဆိုင်းနေရန် မလိုစေရ။ လေယာဉ်ဆိုက်ရောက်သည်နှင့် သက်ဆိုင်ရာ ကျောင်းများအလိုက် တာဝန်ခံများမှတစ်ဆင့် ပါရှိလာသည့် မြန်မာမှု စားသောက်ဖွယ်ရာများနှင့် မုန့်ဟင်းခါးများကို ချက်ချင်းခွဲဝေစေ၍ ကျောင်းအလိုက် ချက်ပြုတ်ကျွေးမွေးစေသည်။ အကြီးအကဲ၏ စေတနာကား ပညာတော်သင် ကျောင်းသားများ၏ မျက်နှာထက်ရှိ အပြုံးတွင် ပိုမိုလှပနေမည်ဟု ထင်ပါသည်။ ဤသည်ကား တာဝန်အဖြစ် သတ်မှတ်မထားသည့်တိုင် အကြီးအကဲတည်းဟူသော အရိုက်အရာကို ယူထားသည့်အတွက် ဝတ္တရားရှိသည်ဟူသော မိဘသဖွယ်စိတ်ဓာတ်ဖြင့် ဖြည့်ဆည်းပေးခြင်းဖြစ်သည်။ ETHNOMIR ကမ္ဘာ့ယဉ်ကျေးမှုမြို့တော်ရှိ ညီ့ခန်းမဆောင်၌ ပညာတော်သင် အရာရှိများအား သြဝါဒအမှာစကား ပြောကြားအပြီးတွင်လည်း မြန်မာ့ရိုးရာ စားသောက်ဖွယ်ရာများကို ပေးအပ်ခဲ့ရာ ကျောင်းအလိုက် တာဝန်ခံများက ဝမ်းပန်းတသာ လက်ခံရယူကြသည်။ သြဝါဒအမှာစကား ပြောကြားရာတွင် ဘာသာတရားနှင့် ပတ်သက်၍ ဗုဒ္ဓအဆုံးအမတရားတော်များနှင့်အညီ မေတ္တာတရားကို လက်ကိုင်ထား၍ မှန်ကန်စွာ ပြောဆိုနေထိုင်ရန်ဖြင့် သြဝါဒစကားကို စတင်သည်။ အကြီးအကဲ၏ ဘာသာတရားအပေါ် အလေးအနက်ထားမှု၊ တပည့်သားသမီးအပေါ် မိဘ၊ ဆရာသမားအနေဖြင့် ကရုဏာထားမှုတို့က ထင်ရှားလွန်းလှသည်။ မိမိနိုင်ငံ၏ လက်ရှိနိုင်ငံရေး အခြေအနေဖြစ်ပေါ်ပြောင်းလဲနေမှု၊ တိုးတက်ဖြစ်ထွန်းနေမှု၊ ပါတီအဖွဲ့အစည်းအချို့၏ နိုင်ငံတော် အချုပ်အခြာအာဏာကို မတရားရယူရန် ကြိုးပမ်းခဲ့သည့် အခြေအနေများ၊ တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို ခေတ္တရယူထိန်းသိမ်းခဲ့ရသည့် အခြေအနေများကိုလည်း ထည့်သွင်းရှင်းလင်းသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ETHNOMIR ကမ္ဘာ့ယဉ်ကျေးမှုမြို့တော်ရှိ ညီ့ခန်းမဆောင်၌ ပညာတော်သင် အရာရှိများအား သြဝါဒအမှာစကား ပြောကြားစဉ်။

**လက်ရှိပညာတော်သင်များနှင့် ပတ်သက်၍ အကြီးအကဲ၏ အလေးအနက်ထားမှု၊ ဖြည့်ဆည်းပေးထားမှုများအတွက် လမ်းညွှန်မှုပြုရာတွင် အခြားသူများနှင့် နှိုင်းယှဉ်ပါက အဘက်ဘက်မှ မနိမ့်ကျစေရေး ကဏ္ဍပေါင်းစုံမှ ကြိုးစားနေရန်လိုအပ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ကာဇန်မြို့ ကာဇန်လေဆိပ်၌ Republic of the Tatarstan အကြီးအကဲ Mr. Rustam Nurgaliyevich Minnikhanov ဦးဆောင်သည့် ပြည်နယ်အစိုးရအဖွဲ့တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြစဉ်။

နိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှု၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုတို့ကို မလိုလားသည့် အဖွဲ့အစည်းအချို့နှင့် ပြည်ဖျက်မီဒီယာအချို့၏ လှုပ်ရှားလုပ်ဆောင်နေမှုအချို့တို့ကို ပညာတော်သင် ကျောင်းသားများလည်း သတိပြုမိဟန်ရှိသည်။ အကြီးအကဲ၏ သြဝါဒစကားအပေါ် လေးနက်တည်ကြည်စွာ နားစွင့်နေမှုများက သက်သေဖြစ်မည်ထင်သည်။

## ကြိုးစားသင်ယူရန် မှာကြား

လက်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် တပ်မတော်မှ ဆောင်ရွက်လျက်ရှိသည့် နိုင်ငံတော်အား စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိသည့် အခြေအနေများကိုလည်း အကျယ်တဝင့်ရှင်းလင်း၍ သြဝါဒစကားတွင် ထည့်သွင်းပြောကြားသည်။ လက်ရှိပညာတော်သင်များနှင့် ပတ်သက်၍ အကြီးအကဲ၏ အလေးအနက်ထားမှု၊ ဖြည့်ဆည်းပေးထားမှုများအတွက် လမ်းညွှန်မှုပြုရာတွင် အခြားသူများနှင့် နှိုင်းယှဉ်ပါက အဘက်ဘက်မှ မနိမ့်ကျစေရေး ကဏ္ဍပေါင်းစုံမှ ကြိုးစားနေရန်လိုအပ်ကြောင်း၊ လူ့စွမ်းအားအရင်းအမြစ်သည် နိုင်ငံတည်ဆောက်ရေးအတွက် အခြေခံအကျဆုံးရင်းမြစ်ဖြစ်သည့်အတွက် ယခုသင်ကြားနေသည့် ပညာရပ်များအလိုက် အပတ်တကုတ်ကြိုးစားလေ့ကျင့်သွားရန် လိုအပ်ကြောင်း၊ ပညာတော်သင်များအား တစ်ဦးတစ်ယောက်ချင်းစီအတွက် တပ်မတော်မှ အကုန်အကျများစွာ ကျခံ၍ ဆောင်ရွက်ပေးထားခြင်း ဖြစ်သည့်အတွက် တပ်မတော်သားများပီပီ စည်းကမ်းကို လေးစားလိုက်နာ၍ ကြိုးစားသင်ယူသွားရန်လိုအပ်ကြောင်း မှာကြားသည်။ အကြီးအကဲ၏ စေတနာစကား လမ်းညွှန်သြဝါဒမှာ အဓိပ္ပာယ်များစွာပါသည်။ လူပုဂ္ဂိုလ်တစ်ဦးချင်းမှသည် တပ်မတော်နှင့် နိုင်ငံတော်အတွက် တိုးတက်စေလိုမှု၊ ဘာသာတရားအပေါ် ယုံကြည်ကိုးစားစေလိုမှုတို့ဖြင့် ပြည့်သျှမ်းလျက်ရှိနေသည်မှာ အထင်အရှားပင်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ခရီးစဉ်သည် ရည်ရွယ်ချက်၊ ရည်မှန်းချက်အများအပြားဖြင့် ဆောင်ရွက်ခဲ့သည်ဆိုလျှင် မှားမည်မထင်။ ခရီးစဉ်အတွင်း အစိတ်အပိုင်း တစ်ခုအဖြစ် တာတာစတန်ပြည်နယ်သို့ သွားရောက်ခဲ့ပြီး ဒေသစံတော်ချိန် ညနေပိုင်းတွင် Republic of the Tatarsan ကာဇန်မြို့ ကာဇန်လေဆိပ်သို့ ရောက်ရှိကြရာ

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

Republic of the Tatarstan အကြီးအကဲ Mr. Rustam Nurgaliyevich Minnikhanov ဦးဆောင်သည့် ပြည်နယ်အစိုးရအဖွဲ့တာဝန်ရှိသူတို့က ကြိုဆိုကြသည်။ အကြီးအကဲ၏ ကြီးမြတ်မှုကို အလေးအနက်ပြုမှုအဖြစ် ကော်ဇောနီကို စနစ်တကျခင်းကျင်း၍ ဖက်လဲတကင်းဖြင့် ရင်းရင်းနှီးနှီး လှိုက်လှဲစွာဖြင့် ကြိုဆိုခဲ့သည်။ ၎င်းအပြင် ဒေသ၏ရိုးရာဓလေ့ထုံးတမ်းစဉ်လာ တစ်ခုဖြစ်သည့် ဧည့်သည် အကြီးအကဲအတွက် ရည်ရွယ်၍ လတ်တလောပြုလုပ်ထားသည့် ပေါင်မုန့်ကို ဒေသ၏ အစဉ်အလာနှင့်အညီ ဦးဦးဖျားဖျားဦးချ၍ ဧည့်ခံသည်။ အပြန်အလှန် ရိုသေလေးစားမှု၊ ယုံကြည်မှုတို့ကို ဖော်ညွှန်းသည့် ဒေသ၏ အစဉ်အလာကား ချစ်စဖွယ်ပင်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တာတာစတန်ပြည်နယ် အကြီးအကဲ Mr. Rustam Nurgaliyevich Minnikhanov နှင့် တွေ့ဆုံဆွေးနွေးစဉ်။

### ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

တာတာစတန်ပြည်နယ်သည် ရုရှားနိုင်ငံ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်ပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ယဉ်ကျေးမှုဗဟိုဒေသအဖြစ် တည်ရှိသည်။ ယဉ်ကျေးမှု ဗဟိုဒေသဟု သတ်မှတ် ခံထားရသည်မှာလည်း ထူးတော့မထူးဆန်းလှ။ များပြားလှစွာသော ရှေးဟောင်း အဆောက်အအုံများ၊ လမ်းများ၊ ပန်းခြံများ စသည်ဖြင့် ယခုကာလအထိအသက်ဝင်နေဆဲ။ တာတာစတန်ပြည်နယ်သို့ ကိုယ်စားလှယ်အဖွဲ့ ရောက်ရှိချိန်တွင်လည်း ရောက်ရှိသည့် ညပိုင်း၌ပင် တွေ့ဆုံဆွေးနွေးရေးကို စတင်လုပ်ဆောင်သည်။ တာတာစတန်ပြည်နယ်၏ အကြီးအကဲဖြစ်သူ Mr. Rustam Nurgaliyevich Minnikhanov နှင့် ၎င်း၏ ရုံးခန်းတွင် တွေ့ဆုံဆွေးနွေးသည်။ နိုင်ငံအတွက် အလုပ်သဘောခရီးထွက်ခဲ့သည်မို့ ဆွေးနွေးချက်များမှာ နိုင်ငံတော်အတွက် အကျိုးပြုမည့် အကြောင်းအရာများသာ၊ မြန်မာနှင့် တာတာစတန်တို့ကြား စီးပွားရေးဆိုင်ရာ ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများ၊ ရှိရင်းစွဲဆက်ဆံရေး အခြေအနေနှင့် ပူးပေါင်းဆောင်ရွက်မည့် စီးပွားရေးကဏ္ဍများ ပိုမို တွင်ကျယ်လာစေရေးအတွက် ကူးသန်းရောင်းဝယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာတို့တွင် တိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေများကို အကျေအလည် ဆွေးနွေးကြသည်။ ရေနံနှင့် သဘာဝဓာတ်ငွေ့ ထုတ်လုပ်မှု၊ တင်ပို့မှု စသည့် အကြောင်းအရာများကိုလည်း ထည့်သွင်းဆွေးနွေးကြရာ လောင်စာများအား ဖူလုံစွာ ပိုင်ဆိုင်နိုင်မှု၊ ရလာမည့် အခြေအနေကို အကဲဖြတ်မိသည်။ မင်္ဂလာမည်သည့် သတင်းဟုဆိုလျှင် မှားမည်မဟုတ်ပေ။ အလားတူ နိုင်ငံအတွင်းရှိ ပြည်သူလူထုများ အလုပ်အကိုင် အခွင့်အလမ်းရရှိစေမှု၊ ခေတ်မီဖွံ့ဖြိုးတိုးတက်စေမှု၊ စီးပွားရေးတိုးတက်လာစေမှု စသည့် အကျိုးတရားများ ရရှိလာစေမည့် စက်ရုံအလုပ်ရုံများ တည်ဆောက်ခြင်း၊ စက်ပစ္စည်းများ တပ်ဆင်ထိန်းသိမ်းခြင်းနှင့် ပတ်သက်၍ ပူးပေါင်းဆောင်ရွက်ရန် ကိစ္စရပ်များကိုလည်း ဆွေးနွေးကြရာ အကြီးအကဲ၏ စိတ်စေတနာ၊ ဖြစ်ထွန်းစေလိုသော ဆန္ဒတို့ကို သတိပြုမိသည်။ အခြားသော ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး အစရှိသည့် ကဏ္ဍအသီးသီးကိုလည်း ဆွေးနွေးကြရာ အကြောင်းအရာများပြားသည့်တိုင် တစ်ခုချင်းစီသော အကြောင်းအရာတိုင်းအတွက် ချက်ကျလက်ကျဖြင့် ခင်မင်ရင်းနှီးစွာ အချိန်ယူဆွေးနွေးကြသည်များမှာ အားရဖွယ်ကောင်းလှသည်။ နိုင်ငံ့အရေးအတွက် တွင်တွင် ကျယ်ကျယ်ဖြင့် အပြန်အလှန်ပြောဆိုဆွေးနွေးလိုက်ကြသည်မှာ ရုရှားစံတော်ချိန် ည ၁၁ နာရီထိုးလုထိုးခင်အထိ ဖြစ်ခဲ့ပြီး ညစာစားချိန်နောက်ကျခဲ့သည်မှာလည်း ခရီးစဉ်အတွင်း အမှတ်တရဖြစ်ရပ်တစ်ခုဖြစ်ခဲ့သည်။

### လောင်စာဆီကိစ္စ ညှိနှိုင်းဆွေးနွေး

တာတာစတန်ပြည်နယ် အတွင်း ရောက်ရှိနေစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် PJSC “Tatneft” ကုမ္ပဏီမှ အမှုဆောင်အရာရှိချုပ် Mr. Nail Ultatovich MAGANOV နှင့် တာဝန်ရှိသူများက တင်ပြသည့် ရေနံနှင့် သဘာဝဓာတ်ငွေ့ အခြေခံသည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်လိုသည့် အခြေအနေနှင့် နိုင်ငံအတွက် လိုအပ်မည့် လောင်စာဆီအား ဖြည့်ဆည်းဆောင်ရွက်နိုင်မှု အခြေအနေများကိုလည်း ဆွေးနွေးခဲ့သည်။ နိုင်ငံတစ်ခု တည်ဆောက်ရာတွင် မဖြစ်မနေလိုအပ်မည့် လောင်စာဆီကိစ္စအား ယခုကဲ့သို့ အလေးထား ညှိနှိုင်းဆွေးနွေးနေသည်ကပင် အကြီးအကဲ၏ စေတနာအား တန်ဖိုးဖြတ်ရန် မလွယ်သည်ကို မှန်းဆနိုင်ပါသည်။

တာတာစတန်ပြည်နယ် အတွင်း ရောက်ရှိနေသည့် ကိုယ်စားလှယ်အဖွဲ့သည် ရောက်နေသည့်ကာလအတွင်း မြန်မာအတွက် အကျိုးရှိမည့် အချက်အလက်၊ အကြောင်းအရာများကို အပြည့်အဝ ယူဆောင်သွားလိုသည့် သဘောရှိသည်။ ရသရှေ့သော အချိန်ကာလအတွင်း Kazan Hi–Technology Park(IT Park) ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေ၊ ဘာသာရပ်ဆိုင်ရာသင်ကြား လေ့ကျင့်ပေးနေမှုနှင့် အလုပ်အကိုင် အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်မှု အခြေအနေများ၊ လိုအပ်သည့် နည်းပညာရပ်ပိုင်းဆိုင်ရာ ဝန်ဆောင်မှုပေးနိုင်သည့် အခြေအနေများ၊ ဆောက်လုပ်ရေးလုပ်ငန်းများတွင် Smart House နည်းပညာအပါအဝင် လုံခြုံရေး၊ ထိန်းချုပ်ရေးတို့နှင့် အခြားနည်းပညာရပ်ပိုင်းဆိုင်ရာများ တပ်ဆင်မှုများကို ကုမ္ပဏီများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများကို သွားရောက်လေ့လာသည်။ ထို့ပြင် ၁၈၀၄ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့သည့် Kazan Federal University (Kazan State University)၊ ၁၉၅၉ ခုနှစ်ကတည်းက ဖွင့်လှစ်ခဲ့သော ကာဇန်မြို့၏ State Museum of Fine Arts ၊ တာတာစတန်သမ္မတနိုင်ငံ၏ အမျိုးသားစာကြည့်တိုက်တို့သို့ သွားရောက်လေ့လာ၍ ၎င်းတို့မှ အမိမြန်မာပြည်အတွက် ပြုပြင်ရန်ရှိ ပြုပြင်၍ အတုယူသင့်က အတုယူရန် အသေးစိတ်လေ့လာသည်။

### ရဟတ်ယာဉ်ထုတ်လုပ်မှု ကြည့်ရှုလေ့လာ

ထိုမှသည် Kazan Aircraft Produ–ction Association သို့ ရောက်ရှိစဉ် အကြီးအကဲ၏ ပုံပန်းသွင်ပြင်ကား ပိုမိုသွက်လက်လွန်းလှသည်။ တာဝန်ရှိသူတစ်ဦး၏ ရဟတ်ယာဉ်ထုတ်လုပ်မှု အဆင့်ဆင့်ကို ရှင်းလင်းတင်ပြမှုအား လေးလေးနက်နက် စိတ်ပါဝင်စားစွာ နားထောင်သည်။ မေးခွန်းပေါင်းများစွာနှင့် မေးမြန်းဆွေးနွေးသည်။ စက်ရုံအတွင်း လုပ်ငန်းဆောင်ရွက်မှုများကို အသေးစိတ်ကအစ လေ့လာသည်။ Simulator ဖြင့် ရဟတ်ယာဉ်စမ်းသပ်မောင်းနှင်ခြင်းကို ကိုယ်တိုင်စမ်းသပ်မောင်းနှင်သည်။ ခေတ်မီတပ်မတော်တစ်ရပ် တည်ဆောက်ရေးသာမက ကူညီကယ်ဆယ်ရေး လုပ်ငန်းများတွင်ပါ တွင်ကျယ်စွာ အသုံးပြုရန်အတွက် ရဟတ်ယာဉ်၏ အခန်းကဏ္ဍသည်လည်း အရေးကြီးသည်ကို သတိပြုထားဟန်ရှိသည်။ *စာမျက်နှာ ၈ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Kazan Aircraft Production Association ၌ ရဟတ်ယာဉ်ထုတ်လုပ်မှု အဆင့်ဆင့်ကို ကြည့်ရှုလေ့လာစဉ်။

*စာမျက်နှာ ၇ မှ*


HIMGRAD Industrial Complex တွင်လည်း စီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်ထားသည့် ကုန်ကြမ်းပစ္စည်းများ၊ အိမ်သုံးပစ္စည်းများ၊ ဆေးပစ္စည်းများ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ဆိုင်ရာ၊ လျှပ်စစ်ပစ္စည်းများ၊ စိုက်ပျိုးရေး လုပ်ငန်းသုံး ဓာတ်မြေဩဇာနှင့် ဆေးဝါး ထုတ်လုပ်မှုဆိုင်ရာ ပစ္စည်းများနှင့် အခြားလူသုံးကုန်ပစ္စည်း အမျိုးမျိုးကို ထုတ်လုပ်နေမှု၊ ဖြန့်ဖြူးမှုတို့ကို လေ့လာခဲ့တာတွေ့ရပြန်သည်။

## နိုင်ငံတော်အဆင့်ဖြင့်ကြိုဆို

မနားမနေသော ခရီးစဉ်အဖြစ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ရုရှားနိုင်ငံ၏ အထင်ကရ မြို့တော်၊ တစ်နည်းအားဖြင့် ရုရှားနိုင်ငံ၏ မြို့တော်ဟောင်းဖြစ်သည့် စိန့်ပီတာစဘတ်သို့ ခရီးဆက်ခဲ့ရာ စိန့်ပီတာစဘတ်မြို့ ပူကောဗာအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပြည်နယ်အစိုးရအဖွဲ့မှ မြို့ပြင်ပဆက်ဆံရေး တာဝန်ခံ Mr. Evgeniy D.GRIGORIEV နှင့် တာဝန်ရှိသူများက ကော်ဇောနီခင်းကာ နိုင်ငံတော်အဆင့်ဖြင့် ရှိသေလှိုက်လှဲ ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။ စိန့်ပီတာစဘတ်မြို့သို့ ရောက်ရှိစဉ် စိန့်ပီတာစဘတ်မြို့ အစိုးရအဖွဲ့အကြီးအကဲ Mr.Alexander Beglovနှင့် အဖွဲ့ဝင်များကို တွေ့ဆုံဆွေးနွေးရာတွင်လည်း နိုင်ငံအတွက်ထားရှိသည့် စိတ်စေတနာကို မြင်ခွင့်ရသည်။ စိန့်ပီတာစဘတ်မြို့တွင် မြန်မာနိုင်ငံဆိုင်ရာ ကောင်စစ်ဝန်ချုပ်ရုံး အမြန်ဆုံးဖွင့်လှစ်နိုင်ရေးနှင့် State level ၊ Regional level ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် နှစ်နိုင်ငံ နိုင်ငံတော်အဆင့် ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး တိုးမြှင့်ဆောင်ရွက်နိုင်မည့် အခြေအနေများကို ဆွေးနွေးသည်။ ရုရှားနှင့် မြန်မာ နှစ်နိုင်ငံအကြား အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုမှာ များပြားလွန်းလှသည့် အခြေအနေဖြစ်သည့်အတွက် ပိုမို၍ လျင်မြန်သော လှုပ်ရှားဆောင်ရွက်မှုတို့ ဖြစ်လာစေရန်အတွက် မြန်မာနိုင်ငံဆိုင်ရာ ကောင်စစ်ဝန်ချုပ်ရုံးကို ဖွင့်လှစ်ရန် ဆောင်ရွက်နေခြင်းသည် ခေတ်စကားအရဆိုလျှင် တစ်ကွက်ရွှေ့လိုက်သည်ဟုပင် ဆိုနိုင်ပေသည်။ ဆွေးနွေးမှုများတွင် နှစ်နိုင်ငံ၏ လက်ရှိနိုင်ငံရေး ဖြစ်ပေါ်ပြောင်းလဲမှုများကိုလည်း ထည့်သွင်းပြောကြားခဲ့ရာ နယ်ပယ်စုံသော ဆွေးနွေးမှုဟုဆိုလျှင် မှားမည်မထင်ပါ။ တွေ့ဆုံဆွေးနွေးမှုအပြီးတွင် စိန့်ပီတာစဘတ်မြို့အစိုးရအဖွဲ့အကြီးအကဲက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား အစိုးရအဖွဲ့ရုံးအတွင်း လှည့်လည်ပြသသည်။ လှည့်လည်ပြသသည့် ရုံးခန်းမှာလည်း ရုရှားနိုင်ငံအတွက် အထင်ကရသမိုင်းရှိခဲ့သည့် ရုံးခန်းဖြစ်သည်။ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ လက်ရှိသမ္မတ Vladimir Putin အပါအဝင် အခြားနိုင်ငံ့ခေါင်းဆောင်များအဖြစ် တာဝန်တိုးတက်ထမ်းဆောင်ခဲ့သူများ၏ ရုံးခန်းများကို အမှတ်တရပြခန်းများသဖွယ် ထိန်းသိမ်းပြသထားရှိသည်ကို တွေ့ရသည်။ သမိုင်းကြောင်းကောင်းသည့် ရုံးအဖြစ် ဂုဏ်ယူဝင့်ကြွားစွာ ရှင်းလင်းနေမှုမှာ လေးစားအားကျဖွယ်ပင်ဖြစ်သည်။

## စဉ်ဆက်မပြတ် အတူရှိနေမည်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ၁၈၉၉ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့သည့် Poly-technic State University သို့ ရောက်ရှိ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့အား စိန့်ပီတာစဘတ်မြို့ ပူကောဗာအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပြည်နယ်အစိုးရအဖွဲ့မှ မြို့ပြင်ပဆက်ဆံရေးတာဝန်ခံ Mr. Evgeniy D.GRIGORIEV နှင့် တာဝန်ရှိသူများက ကော်ဇောနီခင်းကာ နိုင်ငံတော်အဆင့်ဖြင့် ရင်းနှီးနွေးထွေးစွာ ကြိုဆိုကြစဉ်။

စဉ်တွင်လည်း တက္ကသိုလ်မှပါမောက္ခချုပ် Mr.Andrey Ivanovich Rudskoy နှင့် တာဝန်ရှိသူများက ဝမ်းသာအယ်လဲ ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် ပါမောက္ခချုပ်က တက္ကသိုလ်၏ လုပ်ဆောင်မှုအခြေအနေများကို ဦးစွာရှင်းလင်းတင်ပြပြီး မြန်မာနိုင်ငံမှ ပညာတော်သင်များ ထပ်မံစေလွှတ်သင်ကြားမည့် အခြေအနေများ၊ ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများကို ဆွေးနွေးခဲ့သည်။ အနာဂတ်မျိုးဆက်သစ်လူငယ်လူရွယ်များ၏ ရုရှားမြေတွင် လာရောက်၍ ပညာသင်ကြားနေမှု၊ နိုင်ငံတော်တည်ဆောက်ရေးတွင် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်နေမှုများသည် လက်ရှိကာလတွင် တွေ့မြင်နေရသကဲ့သို့ အနာဂတ်ကာလတွင်လည်း စဉ်ဆက်မပြတ်သည့် ဆင့်ကဲမှုဖြစ်စဉ်နှင့် အတူရှိနေမည်ကို တွေးထင်မြင်ယောင်၍ ကြည်နူးနေမိပါသည်။

## အိတ်နှင့်လွယ်သည့် ဆွေးနွေးချက်

ခရီးစဉ်အတွင်း တွေ့ဆုံဆွေးနွေးမှုများအား Novosibirsk မြို့ အစိုးရအဖွဲ့အကြီးအကဲ Mr. Andrey Alexandrovich Travnikov နှင့် Higher Command School မှ ကျောင်းအုပ်ကြီး၊ သိပ္ပံနှင့်နည်းပညာ၊ ပညာရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ ခရီးသွားလာရေးနှင့် အခြားနယ်ပယ်အသီးသီးမှ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့မှုနှင့် အဆုံးသတ်သည်။ ဆွေးနွေးမှုများကား မနည်းလှ။ ဒေသဆိုင်ရာ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အခြေအနေများ၊ နှစ်နိုင်ငံ ပို့ကုန်၊ သွင်းကုန်များ အပြန်အလှန် တင်ပို့ဆောင်ရွက်နိုင်မှုအခြေအနေများ၊ ခရီးသွားလုပ်ငန်း ကိစ္စရပ်များ၊ နိုဗာစီဘစ်ရ်စ်ခ်မြို့နှင့် မြန်မာနိုင်ငံ တိုက်ရိုက်လေကြောင်းလိုင်း ပြေးဆွဲပျံသန်းနိုင်မည့် အခြေအနေများ၊ ဒေသတွင် အဆင့်မြင့်တက္ကသိုလ် ၂၂ ခုရှိပြီး နိုင်ငံခြားသင်တန်းသားများကိုပါ လက်ခံသင်ကြားပေးလျက်ရှိသည့်အတွက် ပညာရေးနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများ၊ သိပ္ပံနှင့်နည်းပညာဖိုရမ်သို့ မြန်မာကိုယ်စားလှယ်အဖွဲ့ စေလွှတ်ပေးနိုင်ရေးနှင့် သိပ္ပံနှင့်နည်းပညာကဏ္ဍအတွက် လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးမည့် အခြေအနေများ၊ ယဉ်ကျေးမှုနယ်ပယ်တွင်လည်း အပြန်အလှန်ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ စစ်ဘက်၊ နယ်ဘက် ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်သွားနိုင်မည့်အခြေအနေများကို အမြင်ချင်းဖလှယ် ဆွေးနွေးနိုင်ခဲ့ကြသည်။ နောက်ဆုံးပိတ် အိတ်နှင့်လွယ်သည့် ဆွေးနွေးချက်များဟု ဆိုလျှင်လည်း ရမည်ဟု ထင်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၁၀ ရက်မှ ၁၆ ရက် ကာလအတွင်း လေကြောင်းခရီးစဉ်ပေါင်း ရှစ်ခု စီးနင်းခဲ့ပြီး ကီလိုမီတာအားဖြင့် ၁၈၇၃၁ ဒသမ ၈ ကီလိုမီတာ၊ မိုင်အားဖြင့် ၁၁၂၈၃ မိုင်အထိ သွားရောက်ခဲ့ခြင်းဖြစ်သည်။ ယခုကဲ့သို့ ကာလတိုအတွင်း အထက်ပါအတိုင်း တစ်နေရာမှ တစ်နေရာ ဟိုမှသည်သို့ ကူးလူးသွားလာ၍ တွေ့ဆုံဆွေးနွေးမှုများ၊ စက်ရုံ၊ အလုပ်ရုံများ၊ တက္ကသိုလ်များသို့ သွားရောက်လေ့လာမှုများ ဆောင်ရွက်ခဲ့ခြင်းသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကမျှော်ကိုးဆောင်ရွက်ခဲ့ခြင်းပင်ဖြစ်သည်။ ထိုသို့ ဆွေးနွေးခဲ့သည့်အတွက် လူမှုရေး၊ စီးပွားရေး၊ ပညာရေးနှင့် စစ်ဘက်–နယ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ နည်းပညာပိုင်း၊ စိုက်ပျိုးမွေးမြူရေးစသဖြင့် မြန်မာနိုင်ငံသည် ကဏ္ဍပေါင်းစုံတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းကြောင်းမှန်ပေါ်သို့ ရောက်ရှိနေပြီဖြစ်ကြောင်းကို ပြေးကြည့်စရာမလို တွေးကြည့်ရုံနှင့်ပင် ရာနှုန်းပြည့် သေချာနေတော့မည်ဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း ဘက်မလိုက်သော ကြားနေမှုဝါဒ ကျင့်သုံးသည့်နိုင်ငံတစ်ခုအဖြစ်၊ ခိုင်မာသည့် မိတ်ဆွေနိုင်ငံအဖြစ် ရပ်တည်နိုင်ခဲ့ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Novosibirsk အစိုးရအဖွဲ့အကြီးအကဲ Mr. Andrey Alexandrovich Travnikov နှင့် တွေ့ဆုံဆွေးနွေးစဉ်။

**❖ ရုရှားနှင့် မြန်မာ နှစ်နိုင်ငံအကြား အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုမှာ များပြားလွန်းလှသည့် အခြေအနေဖြစ်သည့်အတွက် ပိုမို၍လျင်မြန်သော လှုပ်ရှားဆောင်ရွက်မှုတို့ ဖြစ်လာစေရန်အတွက် မြန်မာနိုင်ငံဆိုင်ရာ ကောင်စစ်ဝန်ချုပ်ရုံးကို ဖွင့်လှစ်ရန် ဆောင်ရွက်နေခြင်းသည် ခေတ်စကားအရဆိုလျှင် တစ်ကွက်ရွှေ့လိုက်သည်ဟုပင် ဆိုနိုင်ပေသည်**

# အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် (၁၉) ကြိမ်မြောက်နှင့် အကြိမ် (၂၀)မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ




**ရန်ကုန် ဇူလိုင် ၂၀**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် (၂၀၁၉-၂၀၂၀) (၂၀၂၁-၂၀၂၂) ပညာသင်နှစ်များတွင် တက္ကသိုလ်(ဗုဒ္ဓဓမ္မ)သင်တန်းအသီးသီးသို့ တက်ရောက်အောင်မြင်ခဲ့ကြသော ပြည်တွင်း၊ ပြည်ပ သင်တန်းသားများ ဘွဲ့လက်မှတ်နှင့် အဆောင်အယောင်များ ချီးမြှင့်အပ်နှင်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် Seminar Hall ၌ ကျန်းမာရေးဝန်ကြီးဌာနက ချမှတ်ထားသော ကိုဗစ်-၁၉ ကာကွယ်ရေး စည်းကမ်းများနှင့်အညီ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇောတိပါလ၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောဝိဒ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာဓဇ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက၊ တိပိဋကကောဝိဒ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသိရိန္ဒာဘိဝံသနှင့် အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ မဟာဓမ္မကထိကဗဟုဇနဟိတဓရ ဒေါက်တာဘဒ္ဒန္တ ဆေကိန္ဒ မထေရ်မြတ် အမှူးပြုသော သင်ကြားဆရာတော်ကြီးများ၊ သင်ကြားသီလရှင်ဆရာကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ညွှန့်ဝင်းဆွေ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဗိုလ်ငွေးနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဘွဲ့ရပြည်ပနိုင်ငံများမှ သက်ဆိုင်ရာသံအမတ်ကြီးများ၊ အတွင်းဝန်များနှင့် သံရုံးတာဝန်ခံများ၊ ပြည်တွင်း၊ ပြည်ပ နိုင်ငံအသီးသီးမှ ဘွဲ့ရသင်တန်းသားများ ကြွရောက်တော်မူကြသည်။

အစီအစဉ်အရ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ၏ သာရဏီယအဖွင့်ဩဝါဒကထာကို ဆရာတော်ကြီး၏ ကိုယ်စား အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ ပရိယတ္တိမဟာဌာန၊ ဌာနကြီးမှူးဆရာတော် ဒေါက်တာဘဒ္ဒန္တနောဓိဉာဏက ဖတ်ကြားတော်မူသည်။

ထို့နောက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက ဂုဏ်ယူဝမ်းမြောက်စကား ပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တဆေကိန္ဒက ဘွဲ့ရကျောင်းသားများအား တက္ကသိုလ်အဓိဋ္ဌာန် အမေး/အဖြေပြုပြီး သင်တန်းအသီးသီးသို့ တက်ရောက်အောင်မြင်ခဲ့ကြသော ပြည်တွင်း ပြည်ပ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၉၂ ပါး/ဦးတို့အား ဘွဲ့နှင့် အဆောင်အယောင်များ ချီးမြှင့်အပ်နှင်းတော်မူသည်။

ဆက်လက်၍ ပညာရည်ချွန် ထူးချွန်ဆုအဖြစ် ပါမောက္ခချုပ်ဆရာတော်က ချီးမြှင့်တော်မူသည့် တစ်ကျပ်သား ရွှေစင်ရွှေပြား (Gold Medals) များကို သက်ဆိုင်ရာ ပညာသင်နှစ်အလိုက် ဆွတ်ခူးရရှိကြသည့် ထူးချွန်ရွှေတံဆိပ်ဆုရှင် (Gold Medalist) များဖြစ်ကြသည့် ဗီယက်နမ်နိုင်ငံသူ (သီလရှင်) Mai Thi Huyen နှင့် ဩစတြေးလျနိုင်ငံသူ Ms. Myat Thet တို့ကို ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက ပေးအပ်ချီးမြှင့်သည်။ ထို့နောက် ပါမောက္ခချုပ်ဆရာတော်က **"ဘွဲ့မှတ်တမ်းမော်ကွန်းစာအုပ်"** တွင် လက်မှတ်ရေးထိုးတော်မူပြီး ဘွဲ့ရကျောင်းသားများသို့ ဩဝါဒကထာ မြွက်ကြားချီးမြှင့်တော်မူသည်။

အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ကို ၁၉၉၈ ခုနှစ် ဒီဇင်ဘာ ၉ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ပြည်ပနိုင်ငံများနှင့် ပြည်တွင်းမှ ရဟန်းသံဃာတော်များ၊ သီလရှင်များ၊ လူပုဂ္ဂိုလ်များ တက်ရောက်သင်ကြားလျက်ရှိကာ ယနေ့အချိန်အထိ တက္ကသိုလ်သို့ တက်ရောက်အောင်မြင်ခဲ့သော ပြည်တွင်း ပြည်ပသင်တန်းသားများမှ ပါရဂူဘွဲ့ရရှိသူ ၄၀ ပါး/ဦး၊ မဟာဝိဇ္ဇာဘွဲ့ရရှိသူ ၂၂၉ ပါး/ဦး၊ ဝိဇ္ဇာဘွဲ့ရရှိသူ ၈၀၄ ပါး/ဦး၊ ဒီပလိုမာအောင်လက်မှတ်ရရှိသူ ၁၂၁၁ ပါး/ဦး စုစုပေါင်း ၂၂၈၄ ပါး/ဦး မွေးထုတ်ပေးနိုင်ခဲ့ပြီး ယခု ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် ပြည်တွင်း ပြည်ပ သင်တန်းသား စုစုပေါင်း ၂၄၀ ပါး/ဦး တက်ရောက် ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ပဲ အမယ်လေးမျိုး၊ နေ့ဆွမ်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဇူလိုင် ၂၀**

တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင် အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ဆန်မြို့ရှိ အောက်ဘုရားကြီးကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် နွယ်ခွေကျေးရွာရှိ ပန်းခြံကုန်းကျောင်းတိုက်၊ မှော်ဘီမြို့နယ် မင်းရွာကျေးရွာရှိ အနန္တဂုဏ်ရည်ကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ရတနာပုံကျောင်းတိုက်၊ အိမ်မဲမြို့ရှိ ဓမ္မမဥ္ဇူကျောင်းတိုက်၊ ရခိုင်ပြည်နယ် အမ်းမြို့ရှိ ဓမ္မသုခဝိပဿနာဓမ္မရိပ်သာ ဘုန်းတော်ကြီးကျောင်း၊ ဘူးသီးတောင်မြို့ရှိ အောင်မြေရတနာဘုန်းတော်ကြီးကျောင်း၊ တောင်ကုတ်မြို့ရှိ စေတျာရာမ ဘုန်းတော်ကြီးကျောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ရှိ သာသနဝေပုလ္လကျောင်းတိုက်၊ မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်ရှိ ကုန်းကြီးကျေးရွာ ဘုန်းတော်ကြီးကျောင်းနှင့် ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် ကျောက်ဖူးကျေးရွာရှိ ပညာမဏ္ဍိုင် ဘုန်းတော်ကြီး ကျောင်းတို့မှ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နဝကမ္မအလှူငွေများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။



**သတင်းစဉ်**




# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်လှူဒါန်း

**နေပြည်တော် ဇူလိုင် ၂၀**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ မရှိခဏဓမ္မရောင်ခြည် ကျောင်းတိုက်သို့လည်းကောင်း၊ ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်ရှိ ဝါဆိုဦးကျောင်းတိုက်သို့လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ အုတ်ကန်တောရစာသင်တိုက်သို့လည်းကောင်း၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ ပဏ္ဍိတအောင်မြေကျောင်းတိုက်သို့လည်းကောင်း၊ ရှမ်းပြည်နယ် နောင်ချိုမြို့နယ်ရှိ ဟော်တော်ကျောင်းတိုက်သို့လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်ရှိ ရွာလယ်ပရိယတ္တိစာသင်တိုက်သို့လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# လူငယ်နှင့် အင်တာနက်

ဇင်ငြိမ်း

**အင်တာနက်ကို အမေရိကန်နိုင်ငံမှာ ၁၉၆၀ ပြည့်နှစ်များကတည်းက စတင် တီထွင်လာကြတယ်လို့ သိရပါတယ်။ တဖြည်းဖြည်းနဲ့ အင်တာနက်ရဲ့ အသုံးဝင်မှုကြောင့် အသုံးပြုသူဦးရေဟာ ၂၀၀၉ ခုနှစ်လောက်မှာ ကမ္ဘာ့လူဦးရေရဲ့ လေးပုံတစ်ပုံအထိ ရှိလာပါတယ်။ ၂၀၂၀ ပြည့်နှစ်ကဆိုရင် ကမ္ဘာ့လူဦးရေရဲ့ ၅၇ ရာခိုင်နှုန်းက အင်တာနက်အသုံးပြုနေကြပါပြီ။ အဲဒီအသုံးပြုသူတွေထဲမှာ ဖွံ့ဖြိုးပြီးနိုင်ငံတွေနဲ့ ဖွံ့ဖြိုးဆဲ နိုင်ငံ၊ ဖွံ့ဖြိုးမှုနောက်ကျတဲ့နိုင်ငံတွေမှာ အသုံးပြုတဲ့ပမာဏကတော့ မတူပါဘူး။ ဥပမာ အာဖရိကမှာ အင်တာနက်အသုံးပြုတဲ့ ရာခိုင်နှုန်းက ၂၇ ရာခိုင်နှုန်းသာရှိပေမယ့် ဥရောပမှာဆိုရင် ၈၃ ရာခိုင်နှုန်းရှိပါတယ်။**

ဒီကနေ့ နည်းပညာတွေ အံ့မခန်းတိုးတက်လာတာ၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေးတွေအပြင် နယ်ပယ်အားလုံး ကျယ်ပြန့်လာတာကြောင့် အင်တာနက်ဟာ လူတွေအတွက် မရှိမဖြစ် ဆက်သွယ်ရေးနည်းလမ်း ဖြစ်လာပါတယ်။ ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာဆိုရင် လူဦးရေရဲ့ ၉၀ ရာခိုင်နှုန်းဟာ အင်တာနက်ပေါ်မှာ အမြဲရှိနေတယ်လို့ ဆိုပါတယ်။ သူတို့အတွက်ကတော့ အင်တာနက်မရှိရင် အလုပ်လုပ်လို့ကိုမရတော့တဲ့ သဘောပါပဲ။ အခုဆို ကိုယ့်နိုင်ငံမှာတောင် အင်တာနက်ကို တွင်တွင်ကျယ်ကျယ် အသုံးပြုနေပြီ။ နိုင်ငံရေးကအစ လူမှုရေးအဆုံး အင်တာနက်က အသုံးဝင်တာမို့ အင်တာနက် သုံးစွဲမှုက ရှေ့ဆက်တိုးတက်နေဦးမှာပါ။ အင်တာနက် အသုံးပြုတာများလာလို့ ရလာတဲ့ အကျိုးကျေးဇူးတွေကလည်း အံ့မခန်းပါပဲ။ သုံးတတ်ရင် သုံးတတ်သလောက်၊ သုံးနိုင်ရင် သုံးနိုင်သလောက် နေ့စဉ်ဘဝတွေမှာ အသုံးဝင်ပါတယ်။ ကိုယ့်လို သာမန်အသုံးပြုတဲ့သူအတွက်တောင်မှ စီးပွားရေးသတင်း၊ ပညာရေး၊ ကုန်ဈေးနှုန်း၊ ကျန်းမာရေးဆိုင်ရာလေးတွေနဲ့ တိုတိုထွာထွာ သတင်းလေးတွေ အချိန်နဲ့တစ်ပြေးညီ သိနေရလို့ အသုံးဝင်လှပြီ။




**လူငယ်တွေ၊ ကျောင်းသား ကျောင်းသူတွေအနေနဲ့ ပညာလေ့လာသင်ယူရမယ့်အချိန်မှာ အချိန်တွေ အလဟဿ မကုန်ဆုံးစေချင်ဘူး။ အင်တာနက်သုံးပြီး ပညာသင်ယူမယ်၊ လေ့လာမယ်၊ အချက်အလက်ရှာမယ်ဆိုရင် ကိုယ့်အတွက် အကျိုးကျေးဇူးတွေ ရပါတယ်။ အဲဒီလိုမျိုး အကျိုးရှိရှိသုံးစေချင်တဲ့ စေတနာပါ။ အင်တာနက်ကို ကိုယ်က အကျိုးရှိရှိအသုံးချဖို့လိုပါတယ်။ ကိုယ်က အသုံးမချနိုင်ရင်တော့ အင်တာနက်ရဲ့ လွှမ်းမိုးမှုအောက် ကိုယ်က ရောက်သွားပါလိမ့်မယ်။**

အင်တာနက်က နေရာတကာ ဒီလောက် အသုံးဝင်၊ အကျိုးရှိနေတော့ လူတိုင်းလိုလို အင်တာနက်ကို အသုံးပြုလာကြပါတယ်။ ဒါပေမယ့် အင်တာနက်အသုံးပြုရာမှာ တစ်ဖက်မှာ ကောင်းကျိုးတွေ အံ့မခန်းရနေသလို အခြားတစ်ဖက်မှာ ဘေးထွက်ဆိုးကျိုးတွေလည်း ရှိနေပြန်ပါတယ်။ အဲဒီ ဘေးထွက်ဆိုးကျိုးတွေကြောင့် အထူးသဖြင့် လူငယ်တွေကို မထိခိုက်စေချင်ပါဘူး။ အင်တာနက်ကို လူငယ်တွေ အကျိုးရှိရှိသုံးမယ်ဆိုရင် သူတို့အတွက် အခွင့်အလမ်းတွေက အများကြီးရှိနေတာကြောင့်မို့ပါ။

**လူငယ်များ အသုံးပြုမှု**

အင်တာနက်ကို အသုံးပြုကြတာတော့ အသက်အရွယ်မရွေး၊ ကျား မ မရွေး သုံးကြတာပါပဲ။ အင်တာနက်ရပြီး မသုံးတဲ့သူဆိုတာကတော့ ခပ်နည်းနည်းပဲ တွေ့ရပါတယ်။ အဲဒီလို အင်တာနက်အသုံးပြုတဲ့သူတွေထဲမှာ အင်တာနက်သုံးတဲ့လူငယ် (အသက် ၁၅ နှစ်နဲ့ ၂၄ နှစ်အကြား) ပမာဏဟာ ၂၀၂၀ ပြည့်နှစ်က ကမ္ဘာ့လူဦးရေရဲ့ ၇၁ ရာခိုင်နှုန်းရှိတယ်လို့ ဆိုပါတယ်။ အခြားအသက်အုပ်စုတွေကတော့ အင်တာနက် အသုံးပြုတာ ၅၇ ရာခိုင်နှုန်းပဲရှိပါတယ်။ ၂၀၁၉ ကမ္ဘာ့လူဦးရေမှာ လူငယ် ဦးရေက ၁၆ ရာခိုင်နှုန်း ရှိတာဆိုတော့ အင်တာနက်သုံးတဲ့သူဦးရေမှာ အခြားအသက်အုပ်စုတွေထက် လူငယ်တွေ အသုံးပြုတာက ပိုများနေတာ တွေ့ရပါတယ်။ အမေရိကန်နိုင်ငံမှာဆို အသက် ၃ နှစ်ကနေ ၁၈ ကြား ကလေးငယ်တွေရဲ့ ၉၄ ရာခိုင်နှုန်းဟာ အင်တာနက်ကို ကွန်ပျူတာနဲ့ စမတ်ဖုန်းတွေနဲ့ အသုံးပြုနိုင်တဲ့ အခွင့်အလမ်းရနေတယ်လို့ ဆိုပါတယ်။ ၂၀၁၉ ခုနှစ်က လေ့လာမှုတစ်ခုအရဆိုရင် ကလေးငယ် ၅၃ ရာခိုင်နှုန်းဟာ အသက် ၁၁ နှစ်ရောက်ချိန်မှာ စမတ်ဖုန်းစတင်ကိုင်နေပြီလို့ ဆိုပါတယ်။ ဒီတွေ့ရှိချက်ဟာ နည်းပညာတွေ၊ အင်တာနက် အသုံးပြုတာတွေနဲ့ပတ်သက်လို့ မိဘတွေအနေနဲ့ ကိုယ့်ကလေးတွေအပေါ် သက်ရောက်လာနိုင်တဲ့ ကောင်းကျိုး/ဆိုးကျိုးတွေ သတိပြုဖို့ အရေးကြီးတဲ့ အချက် ဖြစ်ပါတယ်။

**အသုံးဝင်မှု**

အင်တာနက်ဟာ ယနေ့ကမ္ဘာအတွက် အသုံးဝင်ဆုံး ဆက်သွယ်ရေးစနစ်တစ်ရပ်လို့ ဆိုနိုင်ပါတယ်။ အင်တာနက်ကို အကျိုးရှိရှိသုံးတတ်မယ်ဆိုရင် ထိုင်ရာမထဘဲ လုပ်နိုင်တဲ့လုပ်ငန်းတွေ အများကြီးပါ။ ကမ္ဘာမှာ ကိုဗစ်ကပ်ရောဂါဖြစ်တဲ့ အချိန် ကျောင်းတွေ ပိတ်ထားရလို့ လူငယ်တွေအတွက် ပညာရေးအခွင့်အလမ်းတွေကို အင်တာနက်ကနေတစ်ဆင့် လေ့လာသင်ယူခဲ့ကြပါတယ်။ ဒါကတော့ ကိုဗစ်ဖြစ်တဲ့ ကာလမို့ ပိုပြီးအသုံးတည့်လာတဲ့သဘောပါ။ သာမန်အချိန်တွေမှာလည်း အင်တာနက်ကနေတစ်ဆင့် ပညာရေးအခွင့်အလမ်းတွေ၊ သတင်းအချက်အလက်ရှာဖွေတာတွေ၊ အလုပ်အကိုင် အခွင့်အလမ်းတွေနဲ့ လူမှုဆက်ဆံရေးဆိုတာတွေအပြင် ကျန်တဲ့ကဏ္ဍတွေမှာလည်း လူငယ်တွေအတွက် အသုံးဝင်တာတွေကတော့ ပြောမကုန်ပါဘဲ။

အင်တာနက်ကြောင့် ကမ္ဘာကြီးဟာ ရွာကြီးတစ်ရွာလို ဖြစ်လာတယ်ဆိုရင် မမှားပါဘူး။ ဆက်ပြီးလည်း အင်တာနက်ရဲ့ အခန်းကဏ္ဍဟာ ပိုပြီးကျယ်ပြန့်လာ၊ အသုံးများလာဦးမှာ ဖြစ်ပါတယ်။ ဒီတော့ လူသားတွေအတွက် နေ့စဉ်နေထိုင်မှုဘဝကစလို့ ကမ္ဘာ့နယ်ပယ်အားလုံးအထိ အင်တာနက်ဟာ ရှောင်လွှဲလို့မရနိုင်တော့ နည်းလမ်းတစ်ခုဖြစ်လာနေပါပြီ။

**လွဲမှားအသုံးပြုမှု**

အင်တာနက်အသုံးပြုလို့ အကျိုးကျေးဇူးတွေ အမြောက်အမြားရတယ် ဆိုပေမယ့် တစ်ဖက်မှာ အင်တာနက်ကို မှန်မှန်ကန်ကန် အသုံးမပြုတတ်ကြလို့ အထူးသဖြင့် လူငယ်တွေအပေါ် ဆိုးကျိုးတွေ သက်ရောက်နေတာ တွေ့ရပါတယ်။ ဆိုးကျိုးသက်ရောက်တာကတော့ လူငယ်တွေတင် မဟုတ်ပါဘူး။ ကျန်တဲ့အသက်အရွယ်အုပ်စုတွေမှာလည်း သက်ရောက်ပါတယ်။ လူငယ်တွေက ပိုအရေးကြီးလို့ လူငယ်တွေကိုပဲ ရွေးထုတ်ရည်ညွှန်းရတာ ဖြစ်ပါတယ်။

အခုရည်ညွှန်းတဲ့ လူငယ်ဆိုတဲ့ အသက်အပိုင်းအခြားဟာ အသက် ၁၅ နှစ်နဲ့ ၂၄ နှစ်ဆိုပေမယ့် အင်တာနက်အသုံးပြုသူတွေထဲမှာ အဲဒီလူငယ်အသက်အပိုင်းအခြားထက် ငယ်တဲ့သူတွေလည်း အများအပြား အသုံးပြုနေကြပါတယ်။ အဲဒီကလေးငယ်တွေဟာ ပညာ၊ အတွေ့အကြုံ၊ ဝေဖန်ပိုင်းခြားနိုင်မှု၊ စဉ်းစားတွေးခေါ်မှု၊ အန္တရာယ်ဖြစ်မဖြစ် ခွဲခြားနိုင်မှုတွေနဲ့ ပတ်သက်လို့ များစွာနုနယ်သေးတဲ့ အရွယ်တွေ ဖြစ်ပါတယ်။ အဲဒီလို နုနယ်သေးတဲ့ အချိန်မှာ အင်တာနက်ကို မှန်မှန်ကန်ကန်အသုံးမပြုနိုင်လို့ ဆိုးကျိုးတွေဖြစ်လာရင် ကလေးတွေအတွက် နစ်နာလှပါတယ်။ ဒါကြောင့် လူငယ်တွေ အင်တာနက်ကို အကျိုးရှိရှိအသုံးပြုရေးဟာ သူတို့ အနာဂတ်အတွက် အရေးပါတဲ့ကိစ္စ တစ်ခုဖြစ်ပါတယ်။

လူငယ်တွေ အကျိုးရှိဖို့အတွက် အင်တာနက်သုံးတာကို အားပေးပါတယ်။ အင်တာနက်ကို ထိထိရောက်ရောက်၊ အကျိုးရှိရှိသုံးနိုင်လေ ရလာတဲ့အခွင့်အလမ်းတွေက ပိုများလေမို့ အားပေးတာပါ။ ဒါပေမယ့် တစ်ဖက်မှာ ကိုယ့်လက်ထဲရောက်လာတဲ့ အခွင့်အလမ်းကောင်းကို ကိုယ့်ဘဝရည်မှန်းချက်၊ ပညာရေး၊ အလုပ်အကိုင်၊ ပေါင်းသင်းဆက်ဆံရေး နယ်ပယ်တွေမှာ အသုံးချတာထက် ကိုယ့်အတွက် အကျိုးမရှိတဲ့ ဒါမှမဟုတ် ကိုယ့်ဘဝကို ပျက်စီးစေမယ့်ကိစ္စတွေမှာ နစ်မြုပ်နေမယ်၊ အချိန်တွေ ကုန်ဆုံးနေမယ်ဆိုရင် ပထမဆုံးနစ်နာသူက ကိုယ်တိုင်ပဲ ဖြစ်မှာပါ။ အင်တာနက်သုံးတဲ့အထဲမှာ လူမှုကွန်ရက်၊ အွန်လိုင်းဂိမ်းတွေလည်း ပါပါတယ်။

**အမီလိုက်ရန် ခက်ခဲ**

လူငယ်တွေဟာ ကိုယ်စီကိုယ်စီဘဝရည်မှန်းချက်တွေအတွက် ပြင်ဆင်နေရတဲ့ ကာလ၊ ကြိုးစားနေရတဲ့ကာလဖြစ်တာမို့ ပိုလို့အရေးကြီးပါတယ်။ ပညာရှာရမယ့်အချိန်မှာ ဥပမာ အွန်လိုင်းဂိမ်းတွေနဲ့ အချိန်ကုန်နေတာမျိုး၊ လူမှုကွန်ရက်မှာ အချိန်ကုန်နေတာမျိုးဆိုရင် လူငယ်တစ်ယောက်အတွက် နစ်နာလှပါတယ်။ ကိုယ့်ပတ်ဝန်းကျင်မှာ အခြေခံပညာအဆင့် ကျောင်းသားအရွယ်လေးတွေ၊ တက္ကသိုလ်ကျောင်းသား အရွယ်တွေ ကွန်ပျူတာတစ်လုံး၊ ဖုန်းတစ်လုံးနဲ့ တန်ဖိုးရှိတဲ့ဘဝအချိန်တွေ ကုန်ဆုံးနေတာမြင်ရတော့ စိတ်မသက်သာဖြစ်မိပါတယ်။

လူငယ်တို့သဘာဝ ပျော်ရမယ့်အချိန်၊ အပန်းဖြေချိန်၊ သူငယ်ချင်းအပေါင်းအသင်းတွေနဲ့ အွန်လိုင်းမှာတွေ့ကြတာဆိုတာကို နားလည်လက်ခံပါတယ်။ သူ့ခေတ်နဲ့ သူ့အခါကိုး။ ဒါပေမယ့် ကျောင်းတက်ချိန်၊ စာကျက်ချိန်၊ စာပေလေ့လာချိန်တွေအပြင် ပြင်ပဗဟုသုတရှာဖွေဖို့၊ မိသားစုနဲ့ နွေးနွေးထွေးထွေးနေဖို့နဲ့ ကျန်းမာရေးအသိဆိုတာတွေ အလေးမထားတော့ဘဲ အချိန်ရှိသမျှ အင်တာနက်ကိုစွဲလမ်းပြီး ငယ်စဉ်ဘဝရဲ့ တန်ဖိုးရှိတဲ့အချိန်တွေ ကုန်ဆုံးနေရင် ဖြစ်လာနိုင်တဲ့ နောက်ဆက်တွဲ အကျိုးဆက်တွေက ကောင်းမလား/ဆိုးမလား ခန့်မှန်းလို့ရပါတယ်။

ပညာကို သူ့အချိန်နဲ့သူရှာမှ သူ့ရဲ့အကျိုးကျေးဇူးကို ခံစားရမှာပါ။ ပညာရှာရမယ့်အချိန်တွေ လေလွင့်ကုန်ဆုံးသွားရင် ဥစ္စာရှာရမယ့်အချိန်မှာ ပညာရှာ၊ တရားရှာရမယ့် ဘဝနေဝင်ချိန်မှာ ဥစ္စာရှာနေရလို့ ရည်ရွယ်ချက်ဆိုတာတွေ ပျောက်ဆုံးပြီး နောင်တတွေ၊ ပင်ပန်းဆင်းရဲမှုတွေ ကြုံတွေ့ရနိုင်ပါတယ်။ အထူးသဖြင့်တော့ သူများနဲ့ယှဉ်လို့ ဗဟိဒ္ဓအသွင်အပြင် နိမ့်ကျနေတာက ပြင်ဖို့လွယ်ပေမယ့် ပညာ၊ အတွေးအခေါ်နဲ့ ကိုယ်ရည်ကိုယ်သွေးတွေနိမ့်ကျနေရင်တော့ လွယ်လွယ်နဲ့ပြင်ဖို့ ခက်ခဲပါလိမ့်မယ်။ လျင်မြန်တိုးတက်နေတဲ့ခေတ်ကြီးမှာ သူများထက် တစ်ရက်ဆို တစ်ရက်နောက်ကျရင် အမီလိုက်ဖို့ ခက်ခဲနေပါပြီ။


**အသုံးချနိုင်စွမ်း**

အဲဒီတော့ အင်တာနက်ကို သုံးပါ။ အကျိုးရှိရှိသုံးပါ၊ အကျိုးရှိရှိသုံးနိုင်လေ အကျိုးများများ ရလေပါ။ ဒါပေမယ့် ကိုယ့်အတွက် အကျိုးမဖြစ်နိုင်တဲ့နေရာတွေမှာ အချိန်တွေဖြုန်းနေရင်တော့ ဖြစ်လာမယ့် ရုပ်ပိုင်း၊ စိတ်ပိုင်းထိခိုက်မှုတွေအပြင် ဆိုက်ဘာအနိုင်ကျင့်မှု၊ အထီးကျန်မှု စတဲ့ဆိုးကျိုးတွေဖြစ်လာနိုင်ပါတယ်။ လူငယ်တွေ၊ ကျောင်းသား ကျောင်းသူတွေအနေနဲ့ ပညာလေ့လာသင်ယူရမယ့်အချိန်မှာ အချိန်တွေ အလဟဿ မကုန်ဆုံးစေချင်ဘူး။ အင်တာနက်သုံးပြီး ပညာသင်ယူမယ်၊ လေ့လာမယ်၊ အချက်အလက်ရှာမယ်ဆိုရင် ကိုယ့်အတွက် အကျိုးကျေးဇူးတွေ ရပါတယ်။ အဲဒီလိုမျိုး အကျိုးရှိရှိသုံးစေချင်တဲ့ စေတနာပါ။ အင်တာနက်ကို ကိုယ်က အကျိုးရှိရှိအသုံးချဖို့လိုပါတယ်။ ကိုယ်က အသုံးမချနိုင်ရင်တော့ အင်တာနက်ရဲ့ လွှမ်းမိုးမှုအောက် ကိုယ်က ရောက်သွားပါလိမ့်မယ်။

အထက်မှာဆိုခဲ့သလို အင်တာနက်က အကျိုးရှိရှိသုံးတတ်ရင် လူငယ်တွေအတွက် အင်တာနက်ကနေတစ်ဆင့် ယူနိုင်တာတွေ အများကြီးပါ။ အဲဒီထဲမှာ ကောင်းတာတွေရော ဆိုးတာတွေရော ရောပြွမ်းနေတတ်ပါတယ်။ နောက်ဆိုရင် တိုးတက်လာနဲ့ ပစ္စည်းတွေနဲ့

*စာမျက်နှာ ၁၁ သို့*


# သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနမှ ထွက်ရှိသော စာအုပ်များစာရင်း




**မြန်မာသမိုင်းသုတေသနစာစောင် အမှတ် (၄၀)**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနသည် ပြည်တွင်းစာတမ်းဖတ်ပွဲများ၊ နိုင်ငံတကာစာတမ်းဖတ်ပွဲများ၊ ဝန်ကြီးဌာနစာတမ်းဖတ်ပွဲများ၊ ဌာနတွင်းစာတမ်းဖတ်ပွဲများကို စဉ်ဆက်မပြတ် ကျင်းပပြုလုပ်လေ့ရှိပြီး ထိုစာတမ်းများကို စုစည်း၍ ပုံနှိပ်ထုတ်ဝေခြင်းများ ပြုလုပ်လျက် ရှိပါသည်။ ယခုအခါ မြန်မာသမိုင်းအဖွဲ့ဝင်များ ပါဝင်ရေးသားထားသော စာတမ်းများနှင့် သမိုင်းသုတေသနဝန်ထမ်းများ၏ ဌာနတွင်းဖတ်ကြားခဲ့သော စာတမ်းများနှင့် တက္ကသိုလ်၊ ကောလိပ်အသီးသီးမှ သမိုင်းဌာနဆရာ/မများ၏ စာတမ်းများကို စုစည်း၍ မြန်မာသမိုင်းသုတေသနစာစောင် အမှတ်(၄၀)ကို ထုတ်ဝေဖြန့်ချိလိုက်ပြီ ဖြစ်ပါသည်။ တန်ဖိုး ငွေကျပ် - ၂၅၀၀ိ/-

**မြန်မာ့ရက်စဉ်သမိုင်း (၁၉၄၈-၁၉၅၈) ဒုတိယတွဲ၊ အပိုင်း (၂) စာအုပ်နှင့်**
**မြန်မာ့ရက်စဉ်သမိုင်း (၁၉၅၈-၁၉၆၂) ဒုတိယတွဲ၊ အပိုင်း (၃) စာအုပ်**








သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနသည် ပြည်တွင်းပြည်ပ၊ မြေပေါ် မြေအောက်မှ အချက်အလက် အထောက်အထားများကို ရှာဖွေစုဆောင်းကာ ယင်း အချက်အလက် အထောက်အထား များအားအသုံးပြု၍ စာအုပ်စာတမ်းများကို ပြုစုရေးသားပြီး စဉ်ဆက်မပြတ် ပုံနှိပ်ထုတ်ဝေလျက်ရှိသည့်အပြင် သုတေသနသည် အစဉ်ရှင်သန်နေရသည့်အတွက် ပုံနှိပ်ထုတ်ဝေပြီးသော စာအုပ်များကိုလည်း ထပ်မံတွေ့ရှိရသော အချက်အလက်အထောက်အထားများဖြင့် ပြင်ဆင်ဖြည့်စွက်ပြုစုရေးသားလျက် ရှိပါသည်။ သို့ဖြစ်ပေရာ ယခင်က ထုတ်ဝေခဲ့ပြီးသော မြန်မာ့ရက်စဉ်သမိုင်း(၁၉၄၅-၂၀၀၈) ဒုတိယတွဲကို ပြင်ဆင်ဖြည့်စွက်မှုများ ပြုလုပ်၍ ယခုအခါ ဒုတိယတွဲကို အပိုင်းများခွဲကာ ထပ်မံပြင်ဆင်ဖြည့်စွက်ပြီး ဦးကျော်ငြိမ်း၊ အဖွဲ့ဝင်၊ မြန်မာသမိုင်းအဖွဲ့ ပြုစုရေးသားထားသော "မြန်မာ့ရက်စဉ်သမိုင်း(၁၉၄၈-၁၉၅၈) ဒုတိယတွဲ၊ အပိုင်း(၂)" နှင့် "မြန်မာ့ရက်စဉ်သမိုင်း (၁၉၅၈-၁၉၆၂) ဒုတိယတွဲ၊ အပိုင်း(၃)" တို့ကို ထုတ်ဝေဖြန့်ချိလိုက်ပြီ ဖြစ်ပါသည်။ ယင်း စာအုပ်တို့တွင် ပါလီမန်ဒီမိုကရေစီကျင့်သုံးခဲ့သည့် ဖဆပလခေတ် (ဖဆပလအစိုးရ ၁၉၄၈-၁၉၅၈)၊ အိမ်စောင့်အစိုးရ (၁၉၅၈-၁၉၆၀) နှင့် ပြည်ထောင်စုအစိုးရ (၁၉၆၀-၁၉၆၂)တို့၏ မြန်မာ့နိုင်ငံရေး မြင်ကွင်း နှင့် မြန်မာနိုင်ငံအခြေအနေကို ဖတ်ရှုလေ့လာနိုင်မည် ဖြစ်ပါသည်။

တန်ဖိုးကျပ် - မြန်မာ့ရက်စဉ်သမိုင်း(၁၉၄၈-၁၉၅၈) ဒုတိယတွဲ၊ အပိုင်း(၂) ၅၀၀၀/-
- မြန်မာ့ရက်စဉ်သမိုင်း(၁၉၅၈-၁၉၆၂) ဒုတိယတွဲ၊ အပိုင်း(၃)- ၃၀၀၀/-

**ဒေါက်တာ ဦးစိုင်းအောင်ထွန်း၏ လက်ရွေးစင်စာတမ်းများ စာအုပ်**




သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနသည် ဒေါက်တာ ဦးစိုင်းအောင်ထွန်း (အဖွဲ့ဝင်၊ မြန်မာသမိုင်းအဖွဲ့)သည် ၎င်းကိုယ်တိုင် ရှမ်းအမျိုးသားတစ်ဦးဖြစ်သည့်အပြင် ရှမ်းသမိုင်းနှင့်ပတ်သက်၍ တစ်စိုက်မတ်မတ် သုတေသနပြုလေ့လာနေသော သမိုင်းပညာရှင်ကြီးတစ်ဦး ဖြစ်ပေသည်။ ဒေါက်တာ ဦးစိုင်းအောင်ထွန်းသည် ကိုယ်တွေ့မေးမြန်းချက်များနှင့် ကွင်းဆင်းသုတေသနပြုခြင်းများအပြင် ကိုယ်တွေ့၊ စာတွေ့မှရရှိလာသော အချက်အလက်အထောက်အထားများအပေါ် အခြေခံပြီး ပြုစုရေးသားခဲ့သော ရှမ်းနှင့် ပတ်သက်သော သုတေသနစာတမ်းများအပြင် အခြားသော ယဉ်ကျေးမှုဆိုင်ရာစာတမ်းများကို စုဆောင်း၍ တစ်ပေါင်းတစ်စည်းတည်းအဖြစ် "Selected Writings of Dr. Sai Aung Tun" ဟူ၍ အမည်တပ်ကာ ထုတ်ဝေလိုက်ပြီ ဖြစ်ပါသည်။ ယခု ဤ "Selected Writings of Dr. Sai Aung Tun" စာအုပ်တွင် Administration by Sao Hkun Htee, as Sawbwa of Mong Pawn State in accordance with the Royal Edict of His Majesty King Mindon စာတမ်း၊ The Tai as a Walking and Working People စာတမ်း၊ The Implementation of the Programme of the Non-violence and Peace Education စာတမ်း၊ Panglong Conference စာတမ်း၊ The Shan of Myanmar စာတမ်း၊ The Relationship between Hkun Sang Tone Hung, the Sao Hpa of Hsenwi State, and King Mindon of mandalay as found in the Hsenwi Chronicle စာတမ်း၊ Tracing the Footsteps of the Tai People စာတမ်း၊ Unforgettable Lofe Story of ---- စာတမ်း၊ Traditional Culture in the Creation of Contemporary Myanmar Identity စာတမ်း၊ Retracing Some Common Cultural Affiliations or Aspects of the Ethnic groups of Zhuang, Tai, Lao, Thai and Ahom People စာတမ်းတို့ကို ဖတ်ရှုလေ့လာနိုင်မည် ဖြစ်ပါသည်။ တစ်အုပ်လျှင် - ကျပ် ၂၅၀ိ/-

ဤစာအုပ်များကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန၊ နေပြည်တော်၊ ရုံးအမှတ် (၃၅)၊ ဖုန်း ၀၆၇-၄၀၈၃၈၄၊ အမျိုးသားစာကြည့်တိုက်(နေပြည်တော်)၊ ကုမုဒြာကြာပန်းဝိုင်းအနီး၊ ဖုန်း ၀၆၇-၄၁၈၄၂၆၊ ရန်ကုန်မြို့၊ ပြည်လမ်း၊ အမျိုးသားပြတိုက်ရှိ သမိုင်းသုတေသနနှင့်အမျိုးသားစာကြည့်တိုက်ဦးစီးဌာန၊ ဖုန်း ၀၁-၃၉၅၁၉၀၊ ၃၉၅၁၉၂ နှင့် အမှတ် (၈၅) အေ၊ သီရိမင်္ဂလာရိပ်သာလမ်းသွယ်၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကင်းမြို့နယ်၊ ဖုန်း ၀၉-၄၂၁၀၄၇၁၂၄ တွင်လည်းကောင်း ဝယ်ယူရရှိနိုင်ပါသည်။

---

*စာမျက်နှာ ၁၀ မှ*

ဆက်သွယ်ရေးစနစ်တွေက လူသားတွေရဲ့ နေ့စဉ်ဘဝအစိတ်အပိုင်းတွေအဖြစ် ယှဉ်တွဲအသုံးချကြရဦးမှာပါ။ ရှောင်လွှဲလို့ မရနိုင်ပါဘူး။ အဲဒီတော့ တစ်ဦးချင်းစီရဲ့ အကျိုးရှိရှိအသုံးချနိုင်စွမ်းက အဓိကဖြစ်လာပါတယ်။ အင်တာနက်ကို အကျိုးရှိအောင် အသုံးချနိုင်ဖို့အတွက် ကိုယ်က ဘာရည်ရွယ်ချက်အတွက် သုံးနေတာလဲ၊ ကိုယ့်ကို အကျိုးရှိနိုင်လား၊ ထိခိုက်စေနိုင်လားဆိုတာ ကိုယ်တိုင်သိနေဖို့ လိုပါတယ်။ အပျော်အတွက်လား၊ စီးပွားရေးအတွက်လား၊ လုပ်ငန်းအတွက်လား၊ ပညာရေးအတွက်လား စသည်ဖြင့် သုံးတဲ့ရည်ရွယ်ချက်ကိုသိရင် ကိုယ့်ကိုယ်ကိုယ် ဆင်ခြင်နိုင်ပါလိမ့်မယ်။

**လိုက်လျောညီထွေထိန်းသိမ်း**

ဒီတော့ လူငယ်တစ်ယောက်အနေနဲ့ အင်တာနက်ကို ဘယ်လို အကျိုးရှိရှိအသုံးပြုမလဲဆိုတာ မိဘတွေအနေနဲ့ လမ်းညွှန်ထိန်းကျောင်းပေးဖို့ လိုပါတယ်။ ဆယ်ကျော်သက်ရွယ် သားသမီးတွေ အင်တာနက်သုံးနေတာကို မသိကျိုးကျွန်ပစ်ထားလို့ မဖြစ်ပါဘူး။ အဲဒီလိုပြောလို့ သူတို့အင်တာနက်သုံးတာကို အမြဲစောင့်ကြည့်ရမယ်လို့ ဆိုလိုတာမဟုတ်ပါဘူး။ အင်တာနက်ကို ဘယ်လိုရည်ရွယ်ချက်အတွက် သုံးရမယ်၊ သူ့ရဲ့ကောင်းကျိုး/ ဆိုးကျိုးတွေက ဘာတွေရှိမယ်၊ အင်တာနက်ကို သုံးတတ်ရင် ဘယ်လိုအကျိုးရှိမယ်၊ အသုံးမပြုတတ်ရင် ဘယ်လိုဘေးထွက်ဆိုးကျိုးတွေ ရနိုင်တယ်ဆိုတာ ဆွေးနွေးပြောပြ ထိန်းကျောင်းဖို့ ဖြစ်ပါတယ်။ ကြိုတင်ကာကွယ်တဲ့ အနေနဲ့ ဆောင်ရန်/ ရှောင်ရန်တွေကို လမ်းညွှန်ပြောပြပေးဖို့ လိုပါတယ်။

ငယ်ရွယ်သူတွေကိုတော့ အင်တာနက်သုံးတဲ့အချိန် သတ်မှတ်ပေးမယ်ဆိုရင် အလွန်အကျွံသုံးစွဲတာ၊ အင်တာနက်စွဲလမ်းတာတွေကို တားဆီးနိုင်ပါတယ်။ ပညာရေး၊ ကျန်းမာရေး၊ လူမှုဆက်ဆံရေးနဲ့ မိသားစုဘဝတွေကို ထိခိုက်စေလောက်တဲ့အထိ အလွန်အကျွံသုံးနေတာကိုလည်း ထိန်းရာရောက်ပါတယ်။ ဒါပေမယ့် လူငယ်တစ်ယောက် အင်တာနက်သုံးတာကို ထိန်းကျောင်းဖို့ဆိုတာ နည်းလမ်းတစ်ခုတည်းနဲ့ အားလုံးကို ပြေလည်စေမယ်လို့ မယူဆနိုင်ပါဘူး။ အင်တာနက်သုံးတဲ့ ရည်ရွယ်ချက်၊ နည်းလမ်းနဲ့ ကာယကံရှင်လူငယ်ရဲ့ အခြေအနေတွေ ကွာခြားတတ်တာမို့ သူ့အခြေအနေနဲ့သူ လိုက်လျောညီထွေ ထိန်းသိမ်းနိုင်မှ အဆင်ပြေနိုင်ပါတယ်။ တစ်ခါတလေများဆို ထိန်းသိမ်းပေးမယ့် မိဘတွေကိုယ်တိုင်က သားသမီးတွေနဲ့ အပြိုင်သုံးနေမျိုးလည်း တွေ့ရတော့ လူငယ်တွေကို ထိန်းသိမ်းပေးဖို့တောင် ခပ်ခက်ခက်ပါပဲ။

**ကမ္ဘာနဲ့ရင်ပေါင်တန်း**

အခြားသူတွေက ခေတ်မီကမ္ဘာကြီးမှာ အဆင့်မြင့်နည်းပညာပစ္စည်းတွေ၊ ဆက်သွယ်ရေးစနစ်တွေကို အသုံးချ တိုးတက်နေချိန်မှာ ကိုယ်ကိုယ်တိုင်လည်း အကျိုးရှိအောင်အသုံးချပြီး သူတို့နဲ့ ရင်ပေါင်တန်းနိုင်အောင် ကြိုးစားကြရမှာပါ။ ဒီအခွင့်အရေးက မျိုးဆက်သစ်လူငယ်တွေအတွက် လက်တစ်ကမ်းမှာ ရှိနေပါပြီ။ အကျိုးရှိအောင် အသုံးချလိုစိတ်နဲ့ အသုံးချနိုင်စွမ်းပဲ လိုပါလိမ့်မယ်။ ။

---

## သပြေတန်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**ဒိုက်ဦး ဇူလိုင် ၂၀**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်သည့်သပြေတန်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဆောင်ရွက်နေမှုအခြေအနေများကို တာဝန်ရှိသူများက ဇူလိုင် ၁၉ ရက်တွင် ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဒိုက်ဦးမြို့နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဆန်းဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်မြင့်ထွန်းနှင့် ဝန်ထမ်းများက သပြေတန်းကျေးရွာတွင်ကျေးလက်ကုန်ထုတ်လမ်းအား ဂဝံမြေခင်းနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာကုန်ထုတ်လမ်းဖြစ်မြောက်ရေး ကော်မတီဝင်များ၊ ရပ်မိရပ်ဖများ၊ ကုမ္ပဏီမှ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သပြေတန်းကျေးရွာတွင် ခွင့်ပြုရန်ပုံငွေကျပ် ၁၁၂ ဒသမ ၁ သန်းအသုံးပြုပြီး အရှည် ၉၀၄၂ ပေ၊ အကျယ် ၁၂ ပေ၊ ထု ကိုး လက်မရှိသော ကျေးလက်ကုန်ထုတ်လမ်း ဂဝံမြေခင်းခြင်းလုပ်ငန်းကို ဇန္ဒုလမင်းကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက ကျေးရွာခုနစ်ရွာမှ လယ်ဧက ၆၅၀၀ အကျိုးပြုမည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ကိုညို
(ကျေးလက်)

❍ *ကျောဖုံးမှ*

ပေါင်းစုံ၌ ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ပြည်ထောင်စုအတွင်းရှိ ဒေသအသီးသီးတွင် တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် နေထိုင်စားသောက်နိုင်ရေးအတွက်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးလုပ်ငန်းများကို ထမ်းဆောင်လျက်ရှိသည်။ မိမိတို့အနေဖြင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သော စုပေါင်းအားကို တည်ဆောက်သွားရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး စစ်မှန်သည့် ထာဝရငြိမ်းချမ်းရေးရရှိစေရန် အလေးထားဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုအပ်ဘဲ ဆုံးရှုံးမှု မရှိစေရေးအတွက် တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ခြင်း၊ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်နေသူများ အနက်မှ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများကို ပြန်လည်ဖိတ်ခေါ်ခြင်းတို့အား အသိပေးထုတ်ပြန်ခဲ့ရာ ပြန်လည်ဝင်ရောက်လာသူများကိုလည်း စနစ်တကျလက်ခံပေးလျက်ရှိသည်။

နိုင်ငံတော်အား အလုံးစုံပျက်သုဉ်းစေလိုသည့် CRPH နှင့် NUG အကြမ်းဖက်အုပ်စုများက ဆွဲဆောင်စည်းရုံးမှု၊ သွေးထိုးလှုံ့ဆော်မှု၊ ခြိမ်းခြောက်အကျပ်ကိုင်မှုများကြောင့် အချို့သော CDM ဝန်ထမ်းများ၊ ကျောင်းသား/ ကျောင်းသူများ၊ လူငယ်လူရွယ်များတို့သည် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများတည်ရှိရာ နယ်မြေဒေသများသို့ ရောက်ရှိသွားခဲ့ပြီး လက်နက်ပစ်ခတ်ခြင်းနှင့် ဖောက်ခွဲဖျက်ဆီးရေး သင်တန်းများသို့ စာရင်းသွင်း ပါဝင်တက်ရောက်ခဲ့ကြသည်ကို တွေ့ရှိရသည်။

ထိုသို့သင်တန်းတက်ရောက်ခဲ့သူများအနက်မှ အချို့သောသူများသည် အကြမ်းဖက်တိုက်ခိုက်သည့် လုပ်ရပ်များတွင် ပါဝင်လိုခြင်း မရှိသည့်အတွက် ထွက်ပြေးတိမ်းရှောင်ပြီး ပြည်တွင်း/ပြည်ပဒေသအချို့၌ သွားရောက်အလုပ်လုပ်ကိုင်လျက်ရှိကြောင်းကို ကြားသိရသည်။ ၎င်းတို့သည် NUG အမည်ခံအကြမ်းဖက်အုပ်စုနှင့် ၎င်းတို့၏ လက်အောက်ခံ PDF အကြမ်းဖက်အဖွဲ့တို့၏ အကြမ်းဖက်လုပ်ရပ်များကို မျက်ဝါးထင်ထင်တွေ့မြင်လာပြီး လက်ခံနိုင်မှုမရှိခြင်း၊ နိုင်ငံတော်အစိုးရ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ထာဝရငြိမ်းချမ်းရေး ရရှိရန် ကြိုးပမ်းဆောင်ရွက်နေမှုများကို ယုံကြည်လက်ခံလာခြင်း၊ မိမိတို့၏ နေရပ်ဒေသအသီးသီးရှိ မိဘဆွေမျိုးများနှင့်အတူ တည်ငြိမ်အေးချမ်းစွာ ပြန်လည်နေထိုင်လိုခြင်းတို့ကြောင့် မိမိတို့နေရပ်ဒေသသို့ ပြန်လည်ဝင်ရောက်လိုသော်လည်း CRPH နှင့် NUG အကြမ်းဖက်အုပ်စုများနှင့် ၎င်းတို့၏လက်ဝေခံများက ထိန်းချုပ်အကျပ်ကိုင် ခြိမ်းခြောက်ထားမှုတို့ကြောင့် ပြန်လည်ဝင်ရောက်ခြင်း မပြုနိုင်ကြသည်ကိုလည်း ဆက်သွယ်သတင်းပေးပို့ချက်များအရ သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ထိုသို့သော မြန်မာနိုင်ငံရှိနေရပ်အသီးသီးသို့ ပြန်လည်ဝင်ရောက်လိုသူများအား ကြိုဆိုလက်ခံနိုင်ရေးအတွက် နယ်စပ်ဒေသအသီးသီးတွင် ပြန်လည် ကြိုဆိုလက်ခံရေးစခန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အဆိုပါစခန်းများအပြင် နီးစပ်ရာတပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ စခန်းအသီးသီးသို့လည်း ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်းနှင့် ယင်းသို့သတင်းပို့ ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေး ထုတ်ပြန်အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၁-၇-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၇၈၅ | ၁၈၃၀ | ၁၈၂၅ | ၁၇၉၅ | ၁၈၃၀ | ၁၈၅၅ | ၁၈၄၀ | ၁၈၂၀ | ၁၉၁၀ | ၁၉၂၅ | ၁၈၂၅ | ၁၈၃၀ | ၁၈၆၅ | ၁၈၇၀ | ၁၈၇၀ | ၂၀၉၀ | ၂၅၆၀ |
| 95 Ron | ၁၈၄၀ | ၁၈၈၅ | ၁၈၈၀ | ၁၈၄၅ | ၁၈၈၅ | ၁၉၀၅ | ၁၈၉၀ | ၁၈၇၀ | ၁၉၆၅ | ၁၉၈၀ | ၁၈၇၅ | ၁၈၉၀ | ၁၉၂၀ | ၁၉၂၀ | ၁၉၂၀ | ၂၁၄၀ | ၂၆၁၅ |
| HSD (500 ppm) | ၂၀၈၀ | ၂၁၂၅ | ၂၁၂၅ | ၂၀၉၀ | ၂၁၂၅ | ၂၁၅၀ | ၂၁၄၅ | ၂၁၁၅ | ၂၂၂၅ | ၂၂၂၀ | ၂၁၂၀ | ၂၁၂၅ | ၂၁၆၀ | ၂၁၆၅ | ၂၁၆၅ | ၂၃၈၅ | ၂၈၄၅ |
| HSD (50 ppm) | ၂၁၄၀ | ၂၁၈၅ | ၂၁၈၀ | ၂၁၄၅ | ၂၁၈၅ | ၂၂၀၅ | ၂၂၀၀ | ၂၁၇၀ | ၂၂၈၅ | ၂၂၈၀ | ၂၁၇၅ | ၂၁၈၅ | ၂၂၂၀ | ၂၂၂၀ | ၂၂၂၀ | ၂၄၄၀ | ၂၈၇၅ |
| HSD (10 ppm) | ၂၁၄၀ | ၂၁၈၅ | ၂၁၈၀ | ၂၁၄၅ | ၂၁၈၅ | ၂၂၀၅ | ၂၂၀၀ | ၂၁၇၀ | ၂၂၈၅ | ၂၂၈၀ | ၂၁၇၅ | ၂၁၈၅ | ၂၂၂၀ | ၂၂၂၀ | ၂၂၂၀ | ၂၄၄၀ | ၂၈၇၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၆၉၄ | ၁၇၆၁ |
| 95 Ron | ၁၇၄၄ | ၁၈၁၃ |
| HSD (500 ppm) | ၁၉၈၀ | ၂၀၄၉ |
| HSD (50 ppm) | ၂၀၃၅ | ၂၁၀၆ |
| HSD (10 ppm) | ၂၀၃၅ | ၂၁၀၆ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ဇဗန်းမော်မြို့နယ် စီဟဲကျေးရွာ၌ ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်းသရုပ်ပြ

**ဗန်းမော် ဇူလိုင် ၂၀**

ကချင်ပြည်နယ် ဗန်းမော်မြို့၌ စက်မှုလယ်ယာဦးစီးဌာန အမှတ်(၉၀) စက်မှုလယ်ယာစခန်း ဗန်းမော်မြို့မှ ဦးဆောင်၍ ကောက်စိုက်စက် ခြောက်တန်းသွားဖြင့် မိုးစပါးစိုက်ပျိုးခြင်း သရုပ်ပြပွဲကို ယမန်နေ့က ဗန်းမော်မြို့နယ် စီဟဲကျေးရွာ ကွင်းအမှတ်(၁၈၅)၊ ဦးပိုင်အမှတ်(၂၂/၂) တောင်သူ ဦးဇေယျာအောင်၏ လယ်ယာမြေတွင် ပြုလုပ်ကြောင်း သိရသည်။

ကောက်စိုက်စက်ဖြင့် စပါးစိုက်ပျိုးခြင်း သရုပ်ပြပွဲသို့ စက်မှုလယ်ယာဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးငြိမ်းသောင်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စီဟဲကျေးရွာမှ ဒေသခံတောင်သူ လယ်သမားများ တက်ရောက်ကြပြီး မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ ဦးစီးမှူး ဦးမျိုးမင်းထွန်းက တောင်သူလယ်သမားများအား ကောက်စိုက်စက်ဖြင့် စိုက်ပျိုးရခြင်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

အဆိုပါ ခြောက်တန်းသွား ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းကြောင့် လုပ်အားခသက်သာခြင်း၊ မျိုးစေ့ကုန်ကျမှုနည်းပါးခြင်း၊ အလုပ်သမားများ ရှာဖွေရသည့် အခက်အခဲ လျော့ကျခြင်း၊ လုပ်ငန်းတွင်ကျယ်၍ ပြီးစီးမှုပိုမိုခြင်း၊ ပင်ပွားနှုန်းကောင်းပြီး စပါးအထွက်နှုန်းကောင်းစေခြင်း၊ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးထားသော စပါးခင်းအား စပါးရိတ်စက်၊ ရိတ်သိမ်းခြွေလှေ့စက်များဖြင့် အလွယ်တကူ ရိတ်သိမ်းနိုင်ခြင်း စသည့်အကျိုးကျေးဇူးများရရှိကြောင်း သိရသည်။

ကိန်းဖြူ
(ပြန်/ဆက်)



ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း သရုပ်ပြဆောင်ရွက်စဉ်။

# သီရိလင်္ကာသမ္မတအဖြစ် ရာနေးလ် ဝစ်ကရမ်ဆင်း ကျမ်းသစ္စာကျိန်ဆိုမည်

ကိုလံဘို ဇူလိုင် ၂၀

**ရာနေးလ်ဝစ်ကရမ်ဆင်းသည်ဗုဒ္ဓဟူးနေ့အစောပိုင်းက သမ္မတသစ်ရွေးချယ်ရန် လွှတ်တော်တွင်မဲခွဲဆုံးဖြတ်ပြီး နောက် အနိုင်ရရှိခဲ့သည့်အတွက် ကြာသပတေးနေ့တွင် သီရိလင်္ကာသမ္မတအဖြစ် ကျမ်းသစ္စာ ကျိန်ဆို သွားမည်ဖြစ်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။**

ရာနေးလ် ဝစ်ကရမ်ဆင်းသည် ကြာသပတေးနေ့ နံနက်ပိုင်းတွင် ကျမ်းသစ္စာကျိန်ဆိုသွားမည်ဖြစ်ပြီး ဝန်ကြီးချုပ်အသစ်ကိုလည်း ခန့်အပ်သွားမည်ဖြစ်ကြောင်း သမ္မတရုံးမှ တာဝန်ရှိသူများက ဆင်ဟွာသို့ ပြောသည်။ ဝန်ကြီးချုပ်အသစ်ခန့်အပ်ပြီးနောက်တွင် အစိုးရအဖွဲ့ကို လာမည့်ရက်အနည်းငယ်အတွင်း ဖွဲ့စည်းသွားဖွယ်ရှိကြောင်း သိရသည်။

နိုင်ငံတွင်း ပြင်းထန်သော စီးပွားရေးကျပ်တည်းမှုကြောင့် ဆန္ဒပြမှုများ အကြီးအကျယ်ဖြစ်ပေါ်နေချိန်တွင် ဂိုတာဘာယာ ရာဂျာ ပက်ဆာသည် ပြီးခဲ့သည့် သီတင်းပတ်တွင် သမ္မတရာထူးမှနုတ်ထွက်သွားပြီးနောက် သမ္မတသစ်အတွက် လွှတ်တော်တွင် မဲခွဲဆုံးဖြတ်ရာ ဝစ်ကရမ်ဆင်းက ၁၃၄ မဲဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ လွှတ်တော်ကိုယ်စားလှယ် ၂၂၅ ဦးအနက် ၂၂၃ ဦးသည် သမ္မတသစ်ကို မဲပေးရွေးချယ်ခဲ့ခြင်းဖြစ်ပြီး ပယ်မဲ လေးမဲရှိခဲ့ကြောင်း သိရသည်။

အခြားသော ကိုယ်စားလှယ်လောင်းနှစ်ဦးဖြစ်သည့် Sri Lanka Podujana Peramuna (အက်စ်အယ်ပီပီ) ပါတီမှ လွှတ်တော်ကိုယ်စားလှယ် အဖွဲ့ဝင် ဒူးလပ်စ် အလာပီရူမာက ၈၂ မဲနှင့် အမျိုးသားပြည်သူ့အင်အားပါတီ (အင်န်ပီပီ) ခေါင်းဆောင် အနူရာကူမာရာ ဒစ်ဆာနေရာကီက သုံးမဲသာ ရရှိခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**




ရာနေးလ် ဝစ်ကရမ်ဆင်း ဇူလိုင် ၂၀ ရက်က သမ္မတသစ်အတွက် လွှတ်တော်၌မဲခွဲဆုံးဖြတ်ရာ မဲရလဒ်များ ဖတ်ကြားနေသည်ကို ကြည့်ရှုနေစဉ်။

# ဖိလစ်ပိုင်နိုင်ငံ၌ ယခုနှစ်ပထမနှစ်ဝက်အတွင်း သွေးလွန်တုပ်ကွေးရောဂါကြောင့် သေဆုံးသူ ၂၇၄ ဦးရှိလာ

**မနီလာ ဇူလိုင် ၂၀**

ဖိလစ်ပိုင်နိုင်ငံ၌ ယခုနှစ် ပထမနှစ်ဝက်အတွင်း သွေးလွန်တုပ်ကွေးရောဂါကြောင့် သေဆုံးသူ ၂၇၄ ဦးရှိကြောင်း ကျန်းမာရေးဌာနက ဇူလိုင် ၁၉ ရက်က ပြောသည်။ ထို့ပြင် ဖိလစ်ပိုင်နိုင်ငံ၌ ယခုနှစ်တွင် ဇန်နဝါရီ ၁ ရက်မှ ဇူလိုင် ၂ ရက်အထိ သွေးလွန်တုပ်ကွေး ရောဂါ ဖြစ်ပွားသူ ၆၅၁၉၀ ရှိပြီး ယခင်နှစ်ကထက် ၈၃ ရာခိုင်နှုန်း မြင့်တက်လာကြောင်း သိရသည်။

ကျန်းမာရေးဌာနက ထုတ်ပြန်သော အချက်အလက်အရ အလယ်ပိုင်း လူဇုန်ဒေသတွင် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၉၄၄၈ ဦးဖြင့် အများဆုံးဖြစ်ပြီး ဗီဆာယပ်စ်ဒေသတွင် ၇၇၇၁ ဦးနှင့် နိုင်ငံတောင်ပိုင်း ဇမ်ဘိုအန်ဂါ ကျွန်းဆွယ်တွင် ၅၇၉၈ ဦး ဖြစ်ပွားကြောင်း သိရသည်။

အဆိုပါ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုသည် ဇွန် ၅ ရက်မှ ဇူလိုင် ၂ ရက် အထိ လေးပတ်အတွင်း ဒေသ ၁၇ ခုအနက် ၁၃ ခုအထိ ပျံ့နှံ့ကူးစက်လာပြီဖြစ်ကြောင်း သိရသည်။ သွေးလွန်တုပ်ကွေး ဆက်လက်ပြန့်ပွားမှုကို ထိန်းချုပ်တားဆီးနိုင်ရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနသည် ကျေးလက်ဒေသများနှင့် လုပ်ငန်းခွင်များ၌ ခြင်ပေါက်ပွားနိုင်သော နေရာများကို ရှင်းလင်းရန် ပြည်သူများကို တိုက်တွန်းထားသည်။

ဖိလစ်ပိုင်နိုင်ငံ၌ သွေးလွန်တုပ်ကွေးရောဂါကြောင့် သေဆုံးသူဦးရေ မြင့်တက်လာသည့်အတွက် ၂၀၁၉ ခုနှစ်ဩဂုတ်လတွင် အမျိုးသား သွေးလွန်တုပ်ကွေး ကပ်ရောဂါအဖြစ် ကြေညာချက်ထုတ်ပြန်ခဲ့သည်။

**ဆင်ဟွာ**



# တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရသူ ၇၆၄၀၂ ဦး စစ်ဆေးတွေ့ရှိ

**ဆိုးလ် ဇူလိုင် ၂၀**

တောင်ကိုရီးယား နိုင်ငံသည် အင်္ဂါနေ့ သန်းခေါင်ယံအထိ ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရသူ ၇၆၄၀၂ ဦး စစ်ဆေးတွေ့ရှိကြောင်း ကျန်းမာရေးအာဏာပိုင်များက ဗုဒ္ဓဟူးနေ့တွင် ပြောသည်။ ထို့ကြောင့် တောင်ကိုရီးယားနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါ စုစုပေါင်း ကူးစက်ခံရသူ ၁၈၉၃၇၉၇၁ ဦးအထိ ရှိလာပြီ ဖြစ်သည်။

အဆိုပါ ထပ်မံကူးစက်မှုပမာဏသည် ယခင်ရက်က ကူးစက်မှုပမာဏထက် တိုးလာကြောင်း တောင်ကိုရီးယား ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေး အေဂျင်စီက ပြောသည်။ အဆိုပါ ကူးစက်ခံရသူများအနက် ၄၂၉ ဦးသည် ပြည်ပပြန်ကူးစက်မှု ဖြစ်သည့်အတွက် ပြည်ပပြန်ကူးစက်မှုအရေအတွက် စုစုပေါင်း ၄၀၂၇၁ ဦးအထိ ရှိလာပြီဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံ၌ စိုးရိမ်ရသော အခြေအနေတွင်ရှိသည့် လူနာအရေအတွက် ၉၆ ဦးရှိပြီး ယခင်ရက်ကထက် ငါးဦးတိုးလာကြောင်း သိရသည်။ ထို့ပြင် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထပ်မံသေဆုံးသူ ၁၂ ဦး ရှိသည့်အတွက် အဆိုပါရောဂါဖြင့် သေဆုံးသူ စုစုပေါင်း ၂၄၇၇၇၇ ဦးအထိ ရှိလာပြီ ဖြစ်သည်။

**ဆင်ဟွာ**

# ဂျပန်နိုင်ငံသို့ လည်ပတ်သည့် နိုင်ငံခြားခရီးသွားဧည့်သည် သုံးလဆက်တိုက် ၁၀၀၀၀၀ ကို ကျော်လွန်လာ

**တိုကျို ဇူလိုင် ၂၀**

ဇွန်လတွင် ဂျပန်နိုင်ငံသို့ လာရောက် လည်ပတ်သည့် နိုင်ငံခြား ခရီးသွားဧည့်သည် အရေအတွက်သည် ၁၂၀၀၀၀ ထက် ကျော်လွန်ခဲ့ပြီး သုံးလဆက်တိုက် ၁၀၀၀၀၀ ထက် ကျော်လွန်လာခြင်းဖြစ်ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။

ဂျပန်နိုင်ငံသို့ ပြီးခဲ့သည့်လတွင် နိုင်ငံခြား ခရီးသွားဧည့်သည် ၁၂၀၄၀၀ ခန့် လာရောက်လည်ပတ်ခဲ့ကြောင်း ဂျပန်အမျိုးသား ခရီးသွားလုပ်ငန်းအဖွဲ့က ခန့်မှန်းခဲ့သည်။ ဂျပန်နိုင်ငံသို့ နည်းပညာဆိုင်ရာ သင်တန်းသားများနှင့် ကျောင်းသား ကျောင်းသူများ ဝင်ရောက်လာမှု အရေအတွက်သည် ယမန်နှစ် အလားတူကာလထက် မြင့်တက်လာခဲ့ကြောင်း သိရသည်။

ထိုကဲ့သို့ ဂျပန်နိုင်ငံကို လာရောက် လည်ပတ်သူများအနက် ဗီယက်နမ်နိုင်ငံက ၂၂၉၀၀ ဖြင့် အများဆုံးဖြစ်ပြီး ၎င်းနောက်တွင် တရုတ်နိုင်ငံက ၁၄၇၀၀ နှင့် တောင်ကိုရီးယားနိုင်ငံက ၁၁၂၀၀ လာရောက်လည်ပတ်ကြကြောင်း သိရသည်။ ဂျပန်နိုင်ငံသည် နိုင်ငံခြားခရီးသွားများကို ဇွန် ၁၀ ရက်မှစတင်ကာ ပြန်လည်လက်ခံခဲ့ကြောင်း သိရသည်။

ဇွန်လကုန်အထိ ဂျပန်နိုင်ငံသို့ နိုင်ငံခြားခရီးသွား ၂၅၂ ဦးသာ လာရောက်ခဲ့ကြောင်း၊ ထိုကဲ့သို့ နည်းပါးရခြင်းမှာ အဓိကအားဖြင့် ဗီဇာရရှိရန် အချိန်ကုန်သည့် လုပ်ငန်းစဉ်များကြောင့် ဖြစ်ကြောင်း အဆိုပါအဖွဲ့က ပြောသည်။

**အင်န်အိတ်ချ်ကေ**




# ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရသူ ၁၁၆၂ ဦး စစ်ဆေးတွေ့ရှိ

**ဟနွိုင်း ဇူလိုင် ၂၀**

ဗီယက်နမ်နိုင်ငံ၌ ဗုဒ္ဓဟူးနေ့၌ ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရသူ ၁၁၆၂ ဦး စစ်ဆေးတွေ့ရှိပြီး ကြာသပတေးနေ့ကထက် ၆၅ ဦး တိုးလာကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ ထပ်မံကူးစက်ခံရသူများကြောင့် ဗီယက်နမ်နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ စုစုပေါင်း ၁၀၇၆၃၆၉၄ ဦးအထိ ရှိလာပြီဖြစ်သည်။

ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် ထပ်မံသေဆုံးသူ မရှိကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံ၌ ဗုဒ္ဓဟူးနေ့အထိ စိုးရိမ်ရသော အခြေအနေတွင်ရှိပြီး အသက်ရှူကိရိယာတပ်ဆင်ရန် လိုအပ်သူ စုစုပေါင်း ၄၉ ဦးသာရှိကြောင်း သိရသည်။

နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ လူနာ ၉၈၃၂၆၄၆ ဦး (ရောဂါကူးစက်ခံရမှု၏ ၉၁ ရာခိုင်နှုန်း) သည် ရောဂါကင်းစင်၍ ပြန်လည်သက်သာလာပြီ ဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၂၀**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများ အရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နေပြည်တော် ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့ ကြံခင်းရပ်ကွက်နေ ဖူးမောင်မောင်(ခ) ဖူးလေးသည် ၎င်းအသုံးပြုသည့် "Micro Ko Phoo" Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် အမှတ်(၉၂)ရပ်ကွက်နေ ရဲဘုန်းမြတ်(ခ) ဖိုးသားသည် ၎င်းအသုံးပြုသည့် "Bhone Myat" Facebook အကောင့်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် အေးသာယာမြို့ (၇)ရပ်ကွက်နေ မိုးဆွေသည် ၎င်းအသုံးပြုသည့် "Moe Swe" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရောဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် အင်ဒူးကျေးရွာ ဘုန်းတော်ကြီးကျောင်း ကျောင်းထိုင်ဆရာတော်နှင့် ကပ္ပိယတစ်ဦးတို့ကို အကြမ်းဖက်သမားများက ဓားများဖြင့် ရက်စက်စွာသတ်ဖြတ်

**နေပြည်တော် ဇူလိုင် ၂၀**

နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်သမားများအနေဖြင့် နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်နှင့် ပြည်သူလူထုအကြား စိုးရိမ်ထိတ်လန့်မှုဖြစ်ပေါ်လာစေရန်ရည်ရွယ်၍ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများ၏ အထွတ်အမြတ်ထားရာ သာသနာပိုင် အဆောက်အဦများ၊ ဘုန်းတော်ကြီးကျောင်းများကိုပါ အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်ခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်းနှင့် ရဟန်းသံဃာတော်များအား ဖမ်းဆီးခေါ်ဆောင် သတ်ဖြတ်ခြင်းများကို စိတ်နှလုံးညှိုးနွမ်းဖွယ် ရက်စက်စွာ ပြုလုပ်နေကြသည်ကို တွေ့ရှိရသည်။

ထိုသို့ ပြုလုပ်လျက်ရှိရာတွင် ရောဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် အင်ဒူးကျေးရွာ ဘုန်းကြီးကျောင်းမှ ကျောင်းထိုင်ဆရာတော် သက်တော် (၉၃) နှစ်၊ ဝါတော်(၇၂)ဝါရှိ ဘဒ္ဒန္တ အိန္ဒြိယ နှင့် အဆိုပါဘုန်းကြီးကျောင်းမှ ကပ္ပိယဖြစ်သူ ဦးမောင်စော (၆၂) နှစ်တို့ကို ယနေ့နံနက်တွင် အကြမ်းဖက်သမားများက ဓားများဖြင့် ရက်စက်စွာ ဝိုင်းဝန်းထိုးခုတ်ခဲ့သဖြင့် ဆရာတော်တွင် ဦးခေါင်း ငယ်ထိပ်ပြတ်ရှဒဏ်ရာများနှင့် ဝဲပါးပြတ်ရှဒဏ်ရာများဖြင့် ပျံလွန်တော်မူခဲ့ပြီး ဦးမောင်စောတွင် မေးစေ့ပြတ်ရှဒဏ်ရာများဖြင့် သေဆုံးခဲ့သည်။



ဘဒ္ဒန္တ အိန္ဒြိယ (ပျံလွန်တော်မူ)



ဦးမောင်စော (သေဆုံး)

အကြမ်းဖက် သမားများ၏ အကြောင်းမဲ့ အကြမ်းဖက်သတ်ဖြတ်မှုကြောင့် နိုင်ငံတော်အတွင်း သံဃာတော် ၅၂ ပါးနှင့် သီလရှင်ဆရာကြီးတစ်ပါးတို့ ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပြီး အဆိုပါ ဖြစ်စဉ်မှ သံဃာတော်တစ်ပါးနှင့် ကပ္ပိယတို့အား ဘုန်းကြီးကျောင်းအတွင်း ဝင်ရောက် သတ်ဖြတ်ခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး နယ်မြေခံ လုံခြုံရေး တပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❖ *ကျောဖုံးမှ*

ရောဝတီအသင်းသည် ရာသီအစ ပထမဆုံးပွဲတွင် အရေးနိမ့်ခဲ့သော်လည်း နောက်ဆုံးသုံးပွဲဆက် အနိုင်ရခဲ့ပြီး ဇယားထိပ်ပိုင်းသို့ တက်လှမ်းနိုင်ခဲ့သည်။

ရောဝတီအသင်းသည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲ ပြုလုပ်ခဲ့သော်လည်း တိုက်စစ်ပိုင်းတွင်မူ ရန်ကျော်ထွေး၊ ကောင်းမြတ်သူနှင့် ရာဇာအောင်တို့ကို ဆက်လက် အသုံးပြုခဲ့သည်။ ရန်ကုန်အသင်းမှာမူ ပုံမှန်ပွဲထွက်နေသည့် ကစားသမားအများစုဖြင့် ဆက်လက်ယှဉ်ပြိုင်ခဲ့သော်လည်း ယခုပွဲတွင်မူ ပုံစံကောင်းပြသနိုင်ရန် ရုန်းကန်ခဲ့ရသည်။ ရောဝတီအသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားရာ ၄ မိနစ်မှာပင် ကောင်းမြတ်သူက အဖွင့်ဂိုးသွင်းယူခဲ့သည်။ ဂိုးရပြီးနောက်ပိုင်းတွင် ရောဝတီအသင်း ပွဲကို ထိန်းချုပ်နိုင်ခဲ့ပြီး ကောင်းမြတ်သူကပင် ၁၈၊ ၂၇ မိနစ်တွင် နှစ်ဂိုးထပ်မံသွင်းယူခဲ့သဖြင့် ဟက်ထရစ်ရရှိခဲ့သည်။

ရန်ကုန်အသင်းသည် ချေပဂိုးရရန် ကြိုးပမ်းခဲ့သော်လည်း တိုက်စစ်ကစားပုံမှာ ယခင်ပွဲများလောက် ထိရောက်မှု မရှိသလို ရရှိသည့် အခွင့်အရေးများကိုလည်း အသုံးမချနိုင်ခဲ့သဖြင့် ချေပဂိုးနှင့် ဝေးခဲ့ရသည်။ ဒုတိယပိုင်းတွင် ရောဝတီအသင်းက အနိုင်ရလဒ်ကို ထိန်းကစားသွားပြီး ရန်ကုန်အသင်း တိုက်စစ်ကို အကောင်းဆုံး ဟန့်တားကာ ပေးဂိုးမရှိ အနိုင်ရရှိခဲ့သည်။ လေးပွဲစီ ကစားအပြီးတွင် ရောဝတီနှင့် ရန်ကုန်အသင်းတို့က သုံးပွဲနိုင်၊ တစ်ပွဲရှုံးဖြင့် ရမှတ်ကိုးမှတ်စီ ရရှိထားသည်။

ရန်ကုန်အသင်းသည် ယခုပွဲရှုံးပွဲကြောင့် ဇယားထိပ်ဆုံးမှ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်ကို အမှတ်တူဖြင့် ဆက်လက်ဖိအားပေးနိုင်မည့် အခွင့်အရေး လက်လွှတ်ခဲ့ရသည်။

ပွဲစဉ် (၄) နောက်ဆုံးနေ့ကို ဇူလိုင် ၂၁ ရက် **(ယနေ့)** ညနေ ၃ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြဝတီအသင်းနှင့် ရခိုင်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင်**

**ဓာတ်ပုံ-MNL**

❏ *ကျောဖုံးမှ*

အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ စင်ကာပူ၊ အုပ်စု (ခ) တွင် ဩစတြေးလျ၊ မြန်မာ၊ ဖိလစ်ပိုင်နှင့် မလေးရှားအသင်းတို့ ပါဝင်နေသည်။ ပွဲစဉ်ရေးဆွဲထားမှုအရ မြန်မာအသင်းသည် အုပ်စုပွဲစဉ်များအဖြစ် ဇူလိုင် ၂၅ ရက်တွင် မလေးရှားအသင်း၊ ဇူလိုင် ၂၇ ရက်တွင် ဖိလစ်ပိုင်အသင်း၊ ဇူလိုင် ၂၉ ရက်တွင် ဩစတြေးလျအသင်းတို့နှင့် ကစားရမည်ဖြစ်သည်။ အုပ်စုပွဲစဉ်များကို ဇူလိုင် ၂၂ ရက်မှ ၃၀ ရက်၊ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဩဂုတ် ၂ ရက်၊ တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲကို ဩဂုတ် ၄ ရက်တွင် ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲဝင်မည့် မြန်မာ ယူ-၁၈ အမျိုးသမီးအသင်းတွင် **အုပ်ချုပ်သူ**- ဒေါ်မြတ်မြတ်ဦး၊ **နည်းပြချုပ်**- ဒေါ်သက်သက်ဝင်း၊ **လက်ထောက်နည်းပြ**- ဒေါ်စန်းယုနိုင်၊ ဒေါ်စိန်စီစီလှိုင်၊ ဒေါ်သူဇာထွေး၊ **ဂိုးနည်းပြ**- ဦးဇော်လင်းအောင်၊ ကစားသမားများအဖြစ် **ဂိုးသမား**- လူဆီးယာ၊ မေဦးခင်၊ ဖြိုးဇေ၊ **နောက်တန်း**- မိုးပြည့်ပြည့်မောင်၊ ကြယ်စင်၊ နန်းရွှေသင်း၊ ဖြူဖြူဝင်း၊ မေသက်မွန်မြင့်၊ ခင်ဌေးကြိုင်၊ ရွှန်းလဲ့ခိုင်၊ နွယ်မိုး၊ ဖြူဖွေး၊ **အလယ်တန်း**- နှင်းပွင့်အေး၊ ဝေဖူးအိမ်၊ ဝေဟင်ဖြိုး၊ ထက်ထက်ဝင်း၊ ဟေမာန်စိုး၊ ခင်စန်းလွင်၊ ဒေစီအောင်၊ အေးထက်ထက်ပိုင်၊ နန်းချိုမွှေး၊ ဂျူးထက်ဝေ၊ **ရှေ့တန်း**-ယဉ်လွန်းအိမ်၊ သိင်္ဂီထွေး၊ ဖျားမြာမို့မို့အေး၊ ဇင်မိုးပြည့်၊ ဒီဇင်ဘာနှင်း၊ ဆုမြတ်နိုးတို့ ပါဝင်ကြသည်။

ယင်းအသင်းကို နည်းပြချုပ်အဖြစ် ဒေါ်သက်သက်ဝင်းက ကိုင်တွယ်နေပြီး ဒေါ်သက်သက်ဝင်းသည် ဇူလိုင် ၄ ရက်မှ ၁၇ ရက်အထိ ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပသည့် ၂၀၂၂ အာဆီယံ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲဝင် မြန်မာ့လက်ရွေးစင်အသင်းကို ယာယီနည်းပြချုပ်အဖြစ် ကိုင်တွယ်၍ နာမည်ကြီးဗီယက်နမ်ကို ကျော်ဖြတ်ကာ တတိယဆုရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည်။

မြန်မာ ယူ-၁၈ အမျိုးသမီးအသင်းသည် ယင်းပြိုင်ပွဲအတွက် ဧပြီလတွင် စတင်လေ့ကျင့်ခဲ့ပြီး ပြိုင်ပွဲအကြို ခြေစမ်းပွဲများအဖြစ် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း၊ ရွှေပြည်သာလူငယ် အမျိုးသားအသင်းတို့နှင့် ယှဉ်ပြိုင်ကစားထားသည်။

**ရဲရင့်လွင်**

**အိမ်ပြင်ပ၌ ထွန်းသော မီးများကို နေ့အလင်းရောင် ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# ဇူလိုင် ၂၀ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၆ ဦး တွေ့ရှိ

## ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၀ ဒသမ ၃၁ ရာခိုင်နှုန်းရှိ

(၂၀-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေး လုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျလိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြုပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၉-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၀-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၅,၁၀၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၁၆) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၃၁) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၄၇၃,၅၂၄) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲ အတည်ပြုလူနာ စုစုပေါင်း (၆၁၃,၈၇၁) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၂) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၂,၇၆၆) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၁၉-၇-၂၀၂၂) ရက်နေ့ အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၀၁၂,၆၀၂) ဦးနှင့် အသက် (၁၈) နှစ် အောက် လူဦးရေစုစုပေါင်း (၅,၈၂၈,၇၈၀) ဦး တို့အား ထိုးနှံထားရှိပြီးဖြစ်ပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ**
**(၂၀-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၂၁၁) ခု | (၄) ဦး |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၂၀၂) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၅၉၉) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅၅၆) ခု | (၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃,၅၃၄) ခု | (၁၁) ဦး |
| စုစုပေါင်း | (၅,၁၀၂) ခု | (၁၆) ဦး |

**ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးမှု**
**(၁၉-၇-၂၀၂၂ ရက်နေ့အထိ)**

| | |
|---|---|
| အသက် (၁၈)နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၀၁၂,၆၀၂ |
| အသက် (၁၈)နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၅,၈၂၈,၇၈၀ |

- ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံမှုခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆ ခန့်အထိ လျော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့် ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် ပြည်သူများအားလုံးနှင့် အသက် ၅ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာ ကျောင်းသူ/ကျောင်းသားများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ခြောက်လနှင့်အထက်ရှိသော ပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေး ထိုးနှံမှုကို မပျက်မကွက် ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ပို့ဆောင်

**နေပြည်တော် ဇူလိုင် ၂၀**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အဓိကကျသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို တပ်မတော်သားဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေး အသင်းအဖွဲ့များပူးပေါင်း၍ နိုင်ငံတစ်ဝန်းတွင် ဆောင်ရွက်ပေးလျက်ရှိရာ ၎င်းလုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန်အတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို သတ်မှတ်အအေးလမ်းကြောင်း စံချိန်စံညွှန်းများအတိုင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ တပ်မတော် လေယာဉ်များ၊ ရဟတ်ယာဉ်များ၊ Cold Chain Delivery Logistics မော်တော်ယာဉ်ကြီးများဖြင့် ပို့ဆောင်ဖြန့်ဖြူးပေးလျက်ရှိသည်။

ထိုသို့ ပို့ဆောင်ဖြန့်ဖြူးပေးလျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုကာကွယ်ဆေးသိုလှောင်ခန်း၌ထားရှိသော ဆေးတစ်လုံးလျှင် လူ ၅ ဦး ထိုးနှံနိုင်သည့် Sinopharm နှင့် myancopharm ဆေးများကို ယနေ့တွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့သို့ Sinopharm ဆေး ၃၈၄၇ လုံး၊ myancopharm ဆေး ၇၀၄၈ လုံးနှင့် ဆေးထိုးအပ်များ၊ ထားဝယ်မြို့သို့ myancopharm ဆေး ၁၆၉၆ လုံးနှင့် ဆေးထိုးအပ်များ၊ ကော့သောင်းမြို့သို့ Sinopharm ဆေး ၆၀၀၊ myancopharm ဆေး ၂၉၆၀ နှင့် ဆေးထိုးအပ်များ၊ ရခိုင်ပြည်နယ် စစ်တွေမြို့သို့



ဆေးထိုးအပ်များ **(အပေါ်ပုံ)**၊ သံတွဲမြို့သို့ ဆေးထိုးအပ်များ၊ ချင်းပြည်နယ် ပလက်ဝမြို့သို့ Sinopharm ၈၀၀ နှင့် ဆေးထိုးအပ်တို့ကို တပ်မတော်မှ လေယာဉ်များဖြင့် ဆက်လက်ပို့ဆောင်ပေးသည်။

အဆိုပါ ကာကွယ်ဆေးများနှင့် ဆေးထိုးအပ်များကို တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် တာဝန်ရှိသူများက လက်ခံခဲ့ကြပြီး သက်ဆိုင်ရာနေရာများသို့ ဆက်လက်ဖြန့်ဖြူး ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မိုင်းရယ်မြို့နယ် ကျေးရွာအုပ်စုများ၌ ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေး

**မိုင်းရယ် ဇူလိုင် ၂၀**

ရှမ်းပြည်နယ်မြောက်ပိုင်း မိုင်းရယ်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးများကို ယနေ့နံနက်ပိုင်းက ဟိုယကျေးရွာအုပ်စု ကျေးလက်ကျန်းမာရေးဌာန(ခွဲ)နှင့် နောင်မိုကျေးရွာ ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ထိုးနှံပေးသည်။

အဆိုပါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံရာတွင် ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များက ပူးပေါင်းဆောင်ရွက်ပေးကြပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးမင်းအောင်နှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးသည်။

မိုင်းရယ်မြို့နယ်၌ ကာကွယ်ဆေးရရှိမှုအပေါ်မူတည်၍ ကာကွယ်ဆေးများကို ဦးတည်အုပ်စုများအလိုက် ထိုးနှံပေးလျက်ရှိပြီး ထပ်ဆောင်းကာကွယ်ဆေးများကိုလည်း ဆက်လက်ထိုးနှံပေးသွားမည် ဖြစ်ကြောင်း မြို့နယ် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီမှ သိရသည်။

မိုင်းရယ် (ပြန်/ဆက်)

# ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်၊ နိုင်ငံသားဖြစ်ခြင်း ပြည်ပလွှမ်းမိုးမှုနှင့် နိုင်ငံခြားအထောက်အပံ့များ

သုတကျော်

**နိဒါန်း**

ရွေးကောက်ပွဲဆိုသည်မှာ ဒီမိုကရေစီစနစ်၏ အခြေခံဖြစ်ပြီး နိုင်ငံတော်အစိုးရတင်မြှောက်ဖွဲ့စည်းရေးနှင့် လွှတ်တော်ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်သော ဖြစ်စဉ်တစ်ခုဖြစ်သည်။ နိုင်ငံတော်အစိုးရသည် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး အာဏာတို့ကို ဖော်ဆောင်ရာတွင် အမြင့်ဆုံးတာဝန်ရှိအဖွဲ့အစည်း ဖြစ်သည်။ ရွေးကောက်တင်မြှောက်ခံရသော လွှတ်တော်ကိုယ်စားလှယ်များသည် သက်ဆိုင်ရာလွှတ်တော်များတွင် ဥပဒေပြုရေးတာဝန်များ ထမ်းဆောင်ရမည်ဖြစ်ပြီး နိုင်ငံတော်အဆင့်၊ တိုင်းဒေသကြီးအဆင့်၊ ပြည်နယ်အဆင့်များ၊ ဌာနဆိုင်ရာတစ်ခုခုကိုဦးစီး၍ တာဝန်ယူထမ်းဆောင်မည့် အကြီးအကဲများအဖြစ်သို့ ခန့်အပ်တာဝန်ယူရခြင်းများလည်း ရှိမည်ဖြစ်သည်။ တစ်နည်းအားဖြင့် ရွေးကောက်တင်မြှောက်ခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် နိုင်ငံတော်၏ဥပဒေပြုရေး၊ အုပ်ချုပ်ရေးအာဏာများနှင့် သက်ဆိုင်သော တာဝန်တစ်ခုခုကို ထမ်းဆောင်ကြရမည်ဖြစ်သည်။ ထို့အတူ တရားစီရင်ရေးအာဏာနှင့်လည်း နီးနွယ်ဆောင်ရွက်ရပါမည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်၏အချုပ်အခြာအာဏာကို ထိန်းသိမ်းကိုင်တွယ်ဆောင်ရွက်ကြရမည့်လွှတ်တော်ကိုယ်စားလှယ်များသည် သတ်မှတ်အရည်အချင်းများ ပြည့်စုံရန် လိုအပ်ပါသည်။

**ရွေးချယ်တင်မြှောက်ခံပိုင်ခွင့်ရှိသူ/မရှိသူများ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ၊ ပုဒ်မ ၃၈ (က) တွင် နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် ရှိသည်ဟု ပြဋ္ဌာန်းထားပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၀၊ ၁၂၁၊ ၁၅၂၊ ၁၆၉ တို့တွင် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် ရှိခြင်း/မရှိခြင်းနှင့်စပ်လျဉ်း၍ သတ်မှတ်ဖော်ပြထားပါသည်။ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၈(ခ) တွင် နိုင်ငံသားမိဘနှစ်ပါးမှ မွေးဖွားသော နိုင်ငံသားဖြစ်သူ အမျိုးသား၊ အမျိုးသမီးမရွေး၊ ဘာသာမရွေး ရွေးကောက်ပွဲတွင် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်ဟူ၍ ပြဋ္ဌာန်းထားသည်။ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မရှိခြင်းနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၁၀(င)တွင် မွေးဖွားစဉ်က နိုင်ငံသားမဖြစ်သေးသော မိဘတစ်ပါးပါးမှဖြစ်စေ၊ နှစ်ပါးလုံးမှဖြစ်စေ မွေးဖွားသည့်နိုင်ငံသား အမျိုးသား၊ အမျိုးသမီးမရွေး၊ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်မရှိဟူ၍လည်းကောင်း၊ ၁၀(စ)တွင် နိုင်ငံခြားအစိုးရ၏ ကျေးဇူးသစ္စာကို ခံယူစောင့်ရှောက်ရှိသေသူ၊ နိုင်ငံခြားအစိုးရ၏ဩဇာခံယူသူ၊ နိုင်ငံခြားအစိုးရ၏ လက်အောက်ခံဖြစ်သူ သို့မဟုတ် တိုင်းတစ်ပါး၏ နိုင်ငံသားဖြစ်သူဟူ၍လည်းကောင်း၊ ၁၀(ဆ)တွင် နိုင်ငံခြားအစိုးရ၏ လက်အောက်ခံဖြစ်သူသော်လည်းကောင်း၊ တိုင်းတစ်ပါး၏ နိုင်ငံသားသော်လည်းကောင်း ခံစားရသော အခွင့်အရေးများ သို့မဟုတ် ကျေးဇူးခံစားခွင့်များကို ခံစားနိုင်ခွင့်ရှိသူ ဟူ၍လည်းကောင်း၊ ၁၀(ဇ) တွင် နိုင်ငံခြားတိုင်းပြည်တစ်ခုခု၏အစိုးရ သို့မဟုတ် ဘာသာရေး အဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးထံမှ ငွေကြေး၊ မြေ၊ အိမ်၊ အဆောက်အအုံ၊ ယာဉ်၊ ပစ္စည်းစသည်တို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သောနည်းဖြင့်ဖြစ်စေ အထောက်အပံ့ရယူသုံးစွဲသူ သို့မဟုတ် ယင်းသို့ အထောက်အပံ့ရယူသုံးစွဲသည့် အဖွဲ့အစည်းဝင်ဖြစ်သူဟူ၍လည်းကောင်း သတ်မှတ်ထားသည်။ ထို့အတူ နိုင်ငံရေးပါတီအဖြစ် လျှောက်ထားခွင့်မရှိသော အဖွဲ့အစည်းများမှာ နိုင်ငံခြားတိုင်းပြည်တစ်ခုခု၏အစိုးရ သို့မဟုတ် ဘာသာရေးအဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးထံမှ ငွေကြေး၊ ပစ္စည်း၊ အခြားအထောက်အပံ့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ရယူသုံးစွဲခြင်း သို့မဟုတ် ယင်းတို့၏ ဩဇာခံယူခြင်းပြုသည့် အဖွဲ့အစည်းဟူ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၇(ဃ) တွင် သတ်မှတ်ထားသည်။ နိုင်ငံသားဖြစ်ခြင်းနှင့် စပ်လျဉ်း၍ ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသားဥပဒေပါ ပြဋ္ဌာန်းချက်အချို့ကို ဖော်ပြလိုပါသည်။

**နိုင်ငံသားဖြစ်ခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)၊ ပုဒ်မ ၃၄၅ တွင် နိုင်ငံသားအရည်အချင်းများကို

> **"ပြည်ပစွက်ဖက်မှုဆိုသည်မှာ မိမိတို့နိုင်ငံ၏ ပြည်တွင်းရေး၊ နိုင်ငံရေး မတည်မငြိမ်ဖြစ်စေရန်၊ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာဆုံးရှုံးစေရန် လုပ်ဆောင်နေခြင်းကို ဆိုလိုသည်။ ပြည်ပစွက်ဖက်မှု ခံနေရခြင်းကို လေ့လာကြည့်လျှင် မိမိနိုင်ငံအတွင်း ပြည်ပအားကိုးပုဆိန်ရိုးများ ရှိနေ၍ ဖြစ်သည်"**

သတ်မှတ်ပြဋ္ဌာန်းထားပါသည်။ ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသား ဥပဒေတွင် မွေးရာပါ မြန်မာနိုင်ငံသားနှင့် ဥပဒေအရ ဖြစ်တည်လာသည့် မြန်မာနိုင်ငံသားဟူ၍ နှစ်မျိုးရှိပါသည်။ နိုင်ငံတကာတွင်လည်း ထိုနည်းအတိုင်း ဖြစ်သည်။ သက်ဆိုင်ရာနိုင်ငံ၏ ဇာတိနိုင်ငံသားနှင့် အခြားပင်ရင်းနိုင်ငံတစ်ခုခုမှ ရွှေ့ပြောင်းအခြေချ၍ အနေကြာသူများအား ဥပဒေအရ ခွင့်ပြုခဲ့သည့် နိုင်ငံသားဟူ၍ နှစ်မျိုးနှစ်စားရှိကြစမြဲ ဖြစ်ပါသည်။ ဥပဒေအရ ခွဲခြားပြဆိုထားခြင်းသာ ဖြစ်ပြီး ထိုနှစ်မျိုးနှစ်စားစလုံးသည် ထိုနိုင်ငံ၏ နိုင်ငံသားများဖြစ်သည်။ မြန်မာနိုင်ငံတွင်လည်း အခြားပင်ရင်း နိုင်ငံဟူ၍ မရှိ၊ မြန်မာ့မြေပေါ်တွင် မူလအစကပင် ပင်ရင်းနိုင်ငံအဖြစ် အစဉ်တစိုက် နေထိုင်ပေါက်ဖွားဆင်းသက်လာကြသော ပြည်ထောင်စုဖွားတိုင်းရင်းသားမွေးရာပါ နိုင်ငံသားများနှင့် ဥပဒေအရ ခွင့်ပြုထားသည့် နိုင်ငံသားများဟူ၍ ဥပဒေတွင် ပြဋ္ဌာန်းထားရှိပါသည်။ ဥပဒေတွင် အခန်း (၈)ခန်းရှိပြီး ပုဒ်မ (၇၆)ခု ပါဝင်ပါသည်။


နိုင်ငံတော်တွင် ပါဝင်သောနယ်မြေတစ်ခုခု၌ မြန်မာသက္ကရာဇ် ၁၁၈၅ ခုနှစ်၊ ခရစ်သက္ကရာဇ် ၁၈၂၃ ခုနှစ် မတိုင်မီကာလမှစ၍ ပင်ရင်းနိုင်ငံအဖြစ် အမြဲနေထိုင်ခဲ့သော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည့် တိုင်းရင်းသားများနှင့် မျိုးနွယ်စုများသည် မြန်မာနိုင်ငံသားများ ဖြစ်သည်။ (၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသားဥပဒေ ပုဒ်မ ၃)

တိုင်းရင်းသားတိုင်းသည် လည်းကောင်း၊ တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူတိုင်းသည် လည်းကောင်း မွေးရာပါနိုင်ငံသားဖြစ်သည်။ (မြန်မာနိုင်ငံသားဥပဒေ ပုဒ်မ ၅)


ဤဥပဒေအာဏာတည်သည့်နေ့တွင် နိုင်ငံသား ဖြစ်ပြီးသူသည် နိုင်ငံသားဖြစ်သည်။ သို့ရာတွင် ပုဒ်မ ၁၈ ပါ ပြဋ္ဌာန်းချက်နှင့်ငြိစွန်းလျှင် ယင်းပုဒ်မအရ အရေးယူခြင်းခံရမည်။
(မြန်မာနိုင်ငံသား ဥပဒေပုဒ်မ ၆)

နိုင်ငံတော်အတွင်း၌ဖြစ်စေ၊ နိုင်ငံတော်ပြင်ပ၌ဖြစ်စေ မွေးဖွားသည့် အောက်ပါသူတို့သည်လည်း နိုင်ငံသားဖြစ်သည် –
(မြန်မာနိုင်ငံသားဥပဒေ ပုဒ်မ ၇)


(က) နိုင်ငံသားမိဘနှစ်ပါးမှ မွေးဖွားသူများ၊
(ခ) နိုင်ငံသားနှင့် ဧည့်နိုင်ငံသား မိဘနှစ်ပါးမှ မွေးဖွားသူများ၊
(ဂ) နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူ မိဘနှစ်ပါးမှ မွေးဖွားသူများ၊
(ဃ) ဧည့်နိုင်ငံသား မိဘနှစ်ပါးမှ မွေးဖွားသော သားသမီးနှင့်–
(၁) နိုင်ငံသား သို့မဟုတ်
(၂) ဧည့်နိုင်ငံသား သို့မဟုတ်
(၃) နိုင်ငံသားပြုခွင့်ရသူ မိဘနှစ်ပါးမှ မွေးဖွားသူများ




(င) နိုင်ငံသားပြုခွင့်ရသူ မိဘနှစ်ပါးမှ မွေးဖွားသော သားသမီးနှင့် –
(၁) နိုင်ငံသား သို့မဟုတ်
(၂) ဧည့်နိုင်ငံသား သို့မဟုတ်
(၃) နိုင်ငံသားပြုခွင့်ရသူ မိဘနှစ်ပါးမှ မွေးဖွားသူများ




(စ) ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူ မိဘနှစ်ပါးမှ မွေးဖွားသော သားသမီးနှင့် –
(၁) နိုင်ငံသား သို့မဟုတ်
(၂) ဧည့်နိုင်ငံသား သို့မဟုတ်
(၃) နိုင်ငံသားပြုခွင့်ရသူ မိဘနှစ်ပါးမှ မွေးဖွားသူများ




**မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက်အက်ဥပဒေ**

မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက်အက်ဥပဒေကို ၁၉၂၃ ခုနှစ် ဧပြီ ၂ ရက်တွင် ပြဋ္ဌာန်းခဲ့သည်။ ဥပဒေတွင် ပုဒ်မပေါင်း ၁၅ ခု ပါဝင်ပြီး ထိုအက်ဥပဒေသည် ပြည်ထောင်စုမြန်မာနိုင်ငံ တစ်ဝန်းလုံးနှင့် သက်ဆိုင်သည့်အပြင် မည်သည့်ဒေသမဆိုရှိသော ပြည်ထောင်စုမြန်မာနိုင်ငံသားအားလုံးနှင့်လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအားလုံးနှင့်လည်းကောင်း သက်ဆိုင်ကြောင်း ဖော်ပြထားသည်။ ဥပဒေ၏ ရည်ရွယ်ချက်မှာ နိုင်ငံတော်၏လုံခြုံရေးနှင့် အကျိုးစီးပွားကို ထိခိုက်စေသော အကြောင်းအရာများ၊ သူလျှိုပြုလုပ်ခြင်းများအတွက် ကျူးလွန်သည့်ပြစ်မှုအလိုက် ပြစ်ဒဏ်အသီးသီးကို သတ်မှတ်ဖော်ပြထားသည်။ ထိုအက်ဥပဒေပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်ရန် အားထုတ်လျှင် သို့မဟုတ် ကျူးလွန်စေရန်အားပေးကူညီလျှင် အဆိုပါပြစ်မှုကို မိမိကျူးလွန်မိသကဲ့သို့ အလားတူ ပြစ်မှုစီရင်ခြင်းခံရမည့်အပြင် အလားတူနည်းအတိုင်း အရေးယူခြင်းခံရမည်ဖြစ်ကြောင်း ပါဝင်သည်။ ထို့ပြင် ရာဇသတ်ကြီး (The Penal Code) အခန်း ၆၊ ပြည်ထောင်စုနိုင်ငံတော်အစိုးရကို ဆန့်ကျင်ကျူးလွန်သော ပြစ်မှုများကို ပုဒ်မ ၁၂၁ မှ ၁၃၀ ထိ ပြဋ္ဌာန်းထားရာ ပုဒ်မ ၁၂၁ တွင် နိုင်ငံတော် သစ္စာဖောက်ဖျက် ပုန်ကန်ခြင်း၊ ပုဒ်မ ၁၂၂ တွင် နိုင်ငံတော်သစ္စာဖောက်ဖျက် ပုန်ကန်မှုကြီးအတွက် ပြစ်ဒဏ်စသည်ဖြင့် ပြဋ္ဌာန်းထားသည်။

**နိုင်ငံတော်၏အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ၊ ပုဒ်မ ၁ တွင် မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင် လွတ်လပ်သည့်နိုင်ငံဖြစ်သည်ဟု ပြဋ္ဌာန်းထားပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၆၊ နိုင်ငံတော်၏ အခြေခံမူ( ၆ )ချက်တွင် " နိုင်ငံတော်သည် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို အစဉ်တစိုက် ဦးတည်သည်" ဟုလည်းကောင်း ပြဋ္ဌာန်းထားသည်။ နိုင်ငံတော်သည် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးသည် တို့တာဝန်အရေးသုံးပါးတွင်လည်း ပါဝင်ပြီး နိုင်ငံတော်၏အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲမှသာ မြန်မာနိုင်ငံသည် ကမ္ဘာ့အလယ်တွင် ထာဝစဉ်ရပ်တည်နိုင်မည် ဖြစ်သည်။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၆ တွင် နိုင်ငံရေးပါတီများ စောင့်ထိန်းလိုက်နာရမည့် ပြဋ္ဌာန်းချက်မှာ တို့တာဝန်အရေးသုံးပါးတွင်ပါဝင်သော အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို ထိန်းသိမ်းစောင့်ရှောက်မည်ဖြစ်ကြောင်း ဝန်ခံချက်ကို ဖော်ပြရပါသည်။ အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သော ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးမဏ္ဍိုင်များတွင် နိုင်ငံသားများ၏ ကိုယ်စား တာဝန်ယူဆောင်ရွက်ကြရမည့် လွှတ်တော်ကိုယ်စားလှယ်များသည် နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန် လိုအပ်သကဲ့သို့ နိုင်ငံသားတိုင်းသည်လည်း မိမိနိုင်ငံ၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန် လိုအပ်သည်။

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

နိုင်ငံ၏အချုပ် အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ ပြည်တွင်းရေးတွင် နိုင်ငံခြားမှ ဝင်ရောက်စွက်ဖက်ခြင်း မရှိစေရန်အတွက် နိုင်ငံအသီးသီး ဥပဒေပြဋ္ဌာန်း၍ ဆောင်ရွက်လျက်ရှိသည်။

**စင်ကာပူနိုင်ငံ**

ပြည်တွင်းရေးကို နိုင်ငံခြားဝင်ရောက်စွက်ဖက်မှု (တန်ပြန်ဆောင်ရွက်မှု) အက်ဥပဒေ Foreign Interference (Counter–measures) Act ကို ပါလီမန်ထဲတွင် ၁၀ နာရီကြာ အပြင်းအထန်ဆွေးနွေး၍ အောက်တိုဘာလ ၄ ရက်နေ့၊ ၂၀၂၁ ခုနှစ်၌ အတည်ပြုခဲ့သည်။ FICA ခေါ် Foreign Interference (Countermeasures) Act တွင် နိုင်ငံခြားကဝင်ရောက်စွက်ဖက်မှုကို တန်ပြန်အရေးယူနိုင်ရန် ကျယ်ပြန့်သောအချက်အလက်များ ပါဝင်သည်။ FICA ဥပဒေအရ နိုင်ငံခြားတိုင်းပြည်များက ဝင်ရောက်စွက်ဖက်ခြင်းကို မသင်္ကာမှုအပေါ်အခြေခံပြီး ရန်လိုသည့် သတင်းအချက်အလက်များနှင့် သွေးထိုးလှုံ့ဆော်နေမှုများကို ဖော်ထုတ်ရန် ပြည်သူများ၏အကျိုးကို ရည်မျှော်ပြီး စုံစမ်းစစ်ဆေးမှုဆောင်ရွက်ရန်မှာ ပြည်ထဲရေးဝန်ကြီးက အမိန့်ပေးညွှန်ကြားခွင့်ရှိသည်။

စင်ကာပူနိုင်ငံ၏ အကျိုးစီးပွားကို ထိခိုက်စေရန်ဖြစ်စေ၊ စင်ကာပူအစိုးရအပေါ် မုန်းတီးစိတ် ဝင်လာစေရန် သို့မဟုတ် အယုံအကြည်ပျက်စေရန်ဖြစ်စေ လူတစ်ဦးတစ်ယောက်က နိုင်ငံခြားအဖွဲ့ အစည်းတစ်ခုခု၏ကိုယ်စား စင်ကာပူနိုင်ငံအတွင်းတွင် လှုံ့ဆော်ရေးသားမှုများ ပြုလုပ်မည်ဆိုပါက ၎င်းဥပဒေကို ချိုးဖောက်ရာကျမည်ဖြစ်သည်။

ယင်းဥပဒေချိုးဖောက်သည်ဆိုပါက တရားစွဲရာတွင် ပြည်ထဲရေးဝန်ကြီး၏ ဆုံးဖြတ်ချက်အပေါ် အယူခံလျှောက်ထားမှုများကို လူထုရှေ့မှောက်၌ ကြားနာစစ်ဆေးမှုများ ပြုလုပ်မည်မဟုတ်ဘဲ တရားသူကြီးတစ်ဦး ဦးဆောင်သော သီးခြားလွတ်လပ်သည့် ခုံသမာဓိအဖွဲ့က ကြားနာစစ်ဆေးမည်ဖြစ်သည်။ ထိုကဲ့သို့ဆောင်ရွက်ရခြင်းမှာ ဖြစ်ပွားသောအမှုများသည် နိုင်ငံတော်လုံခြုံရေးနှင့် ဆက်နွယ်ပတ်သက်နေသောကြောင့် အတိမ်းအစောင်းမခံသည့် သတင်းအချက်အလက်များ ပါကောင်းပါနေနိုင်သည့်အတွက် သီးခြားလွတ်လပ်သည့် ခုံသမာဓိအဖွဲ့က ကြားနာစစ်ဆေးမည် ဖြစ်သည်။

ထို့ပြင် နိုင်ငံတော်လုံခြုံရေးနှင့်အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို ထိခိုက်လာနိုင်သော ခြိမ်းခြောက်မှုအန္တရာယ်ကို တုံ့ပြန်ဖြေရှင်းရန်၊ စင်ကာပူပြည်သူများအနေဖြင့် မိမိတိုင်းပြည်ကို မိမိတို့ကမည်ကဲ့သို့အုပ်ချုပ်သင့်သည်၊ မိမိတို့ဘဝကို မည်ကဲ့သို့ နေထိုင်သင့်သည်များအပေါ် ကိုယ်ပိုင်ရွေးချယ်ခွင့်ရှိရန် ရည်ရွယ်ခြင်းဖြစ်သည်။ နိုင်ငံခြားတိုင်းပြည်များ၏ ဝင်ရောက်စွက်ဖက်မှုကို တားဆီးသည့် ဥပဒေကို ဩစတြေးလျနှင့် ရုရှားကဲ့သို့ နိုင်ငံကြီးများတွင်လည်း ပြဋ္ဌာန်းထားပြီးဖြစ်သည်။

**ဩစတြေးလျနိုင်ငံ**

ဩစတြေးလျပါလီမန်က ၂၀၁၈ ခုနှစ်လနှောင်းပိုင်းတွင် နိုင်ငံခြားစွက်ဖက်မှုများကို တားဆီးနိုင်ရေးရည်ရွယ်သည့် ဥပဒေသစ်တစ်ရပ်ကို အတည်ပြုခဲ့သည်။ ဝန်ကြီးချုပ် မယ်လ်ကွမ်တန်းဘူးလ် ဦးဆောင်သည့် အစိုးရ၏အကြံပြုချက်အရဖြစ်ပြီး ထိုဥပဒေမှာ နိုင်ငံရေးအပါအဝင် ပြည်တွင်းရေးတွင် နိုင်ငံခြားတိုင်းပြည်များ၏ ဩဇာလွှမ်းမိုးစွက်ဖက်မှုကို ကာကွယ်နိုင်ရန်နှင့် တိုင်းပြည်အတွင်း နိုင်ငံရပ်ခြားတိုင်းပြည်များက သူလျှိုပြုလုပ်ထောက်လှမ်းခြင်းများကို တားဆီးနိုင်ရန် ရည်ရွယ်ခြင်းဖြစ်သည်။

ဥပဒေအရ နိုင်ငံရေးပါတီများနှင့် ရွေးကောက်ပွဲဝင်မည့် နိုင်ငံရေးပါတီကိုယ်စားလှယ်များ၏ နိုင်ငံခြားအလှူငွေများအပေါ် ကန့်သတ်ချက်များနှင့် နိုင်ငံရေးလှုပ်ရှားသူများအားလည်း နိုင်ငံရေး ကုန်ကျစရိတ်များ ရန်ပုံငွေသို့ နိုင်ငံခြားလှူဒါန်းငွေများ အသုံးပြုခြင်းမှ တားမြစ်ခဲ့သည်။ ဩစတြေးလျနိုင်ငံသည် နိုင်ငံခြားဩဇာသက်ရောက်မှု ပွင့်လင်းမြင်သာမှုဆိုင်ရာစနစ်ကိုလည်း ပြဋ္ဌာန်းခဲ့သည်။ အဆိုပါစနစ်တွင် နိုင်ငံခြားအကြီးအကဲများအတွက် နိုင်ငံရေးလှုပ်ရှားမှုများကို တာဝန်ယူသည့် ပုဂ္ဂိုလ်များသည် စနစ်၏လိုအပ်ချက်များဖြစ်သည့် မှတ်ပုံတင်ခြင်း၊ ထုတ်ပြန်ကြေညာခြင်းတို့ကို ပြုလုပ်ရန် လိုပေသည်။ ထို့ပြင် ဩစတြေးလျနိုင်ငံသည် နိုင်ငံခြား ကြားဝင်နှောင့်ယှက်မှုနှင့် ပတ်သက်သည့် ပြစ်မှုအသစ်များကို ပြဋ္ဌာန်းခဲ့ရာ ထိုအထဲတွင် “ အပြည်ပြည်ဆိုင်ရာ နိုင်ငံခြား ဝင်ရောက်စွက်ဖက်မှု” (Intentional Foreign Interference)နှင့်ပတ်သက်သည့် ပြစ်မှုပါဝင်ပြီး နိုင်ငံ၏နိုင်ငံရေးနှင့် အစိုးရလုပ်ငန်းတွင် ဩဇာအာဏာသုံးရန် ရည်ရွယ်သည့် နိုင်ငံခြားအကြီးအကဲများ၏ လျှို့ဝှက်ကြံစည်မှု သို့မဟုတ် ရွေးကောက်ပွဲလိမ်ညာမှု/ မသမာမှုပြုသည့် ပြုလုပ်မှုအတွက် ထောင်ဒဏ် နှစ် ၂၀ အထက် ပြစ်ဒဏ်ကို ချမှတ်နိုင်ကြောင်း ပြဋ္ဌာန်းထားသည်။

> ◆ **မိမိတို့ မြန်မာနိုင်ငံအနေဖြင့်လည်း နိုင်ငံရေးပါတီများ၊ ရွေးကောက်ပွဲများတွင် ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်များသည် နိုင်ငံကိုကိုယ်စားပြု၍ လည်းကောင်း၊ ပြည်သူကိုကိုယ်စားပြု၍ လည်းကောင်း နိုင်ငံ၏အရေးကြီးသောကဏ္ဍများတွင် တာဝန်ထမ်းဆောင်ကြရမည်ဖြစ်သောကြောင့် နိုင်ငံရေးပါတီများ၊ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် ပြည်ပအထောက်အပံ့များ၊ အကူအညီများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရယူဆောင်ရွက်ခြင်းကို သတိပြုဆင်ခြင်ဖွယ်ဖြစ်သည်**

**ရုရှားနိုင်ငံ**

ရုရှားနိုင်ငံတွင်လည်း နိုင်ငံခြားအေးဂျင့် (နိုင်ငံရပ်ခြားကို ကိုယ်စားပြုပြီး ပြည်တွင်း၌ လှုပ်ရှားဆောင်ရွက်နေသူ)များကို ကိုင်တွယ်ထိန်းချုပ်နိုင်ရန် နိုင်ငံခြားအေးဂျင့်များဆိုင်ရာ ဥပဒေကို ၂၀၁၂ ခုနှစ်၌ ပထမဆုံးအကြိမ် ပြဋ္ဌာန်းခဲ့ပြီး ထိုဥပဒေကို ၂၀၁၉ ခုနှစ်တွင် “နိုင်ငံခြားအေးဂျင့် မီဒီယာဥပဒေ” အဖြစ် အသစ်ပြင်ဆင်ပြဋ္ဌာန်းသည်။ အဆိုပါဥပဒေအရ နိုင်ငံခြားတိုင်းပြည်များ သို့မဟုတ် နိုင်ငံခြားအဖွဲ့အစည်းများမှ ဘဏ္ဍာငွေ အထောက်အပံ့ရယူသော မည်သည့်မီဒီယာမဆို ပြည်ပသူလျှိုအဖြစ် တရားရေးဝန်ကြီးဌာနက သတ်မှတ်မည်ဖြစ်ကြောင်း ပါရှိသည်။

**ပြည်ပစွက်ဖက်မှု**

ပြည်ပစွက်ဖက်မှုဆိုသည်မှာ မိမိတို့နိုင်ငံ၏ ပြည်တွင်းရေး၊ နိုင်ငံရေးမတည်မငြိမ်ဖြစ်စေရန်၊ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာဆုံးရှုံးစေရန် လုပ်ဆောင်နေခြင်းကို ဆိုလိုသည်။ သာမန် ကူးသန်းရောင်းဝယ်ခြင်း၊ မြန်မာနိုင်ငံအပေါ် ကောင်းမွန်သော အကူအညီပေးခြင်းမျိုးကိုဆိုလိုခြင်း မဟုတ်ပါ။ ပြည်ပစွက်ဖက်မှုခံနေရခြင်းကို လေ့လာကြည့်လျှင် မိမိနိုင်ငံအတွင်း ပြည်ပအားကိုး ပုဆိန်ရိုးများရှိနေ၍ဖြစ်သည်။ မြန်မာနိုင်ငံတွင် အင်အားတောင့်တင်းခိုင်မာသော အစိုးရတစ်ရပ် ရှိနေသည့်အခါ ပြည်ပစွက်ဖက်မှုများကို တားဆီးနိုင်သည်။ ပြည်ပစွက်ဖက်မှုဆိုသည်မှာလည်း နည်းမျိုးစုံသုံး၍ စွက်ဖက်မှုပြုလုပ်နေခြင်းဖြစ်သည်။ မြန်မာ့သမိုင်းကို ပြန်ပြောင်းလေ့လာလျှင် ပြည်ပစွက်ဖက်မှုသည် မြန်မာ့သမိုင်းစဉ်တစ်လျှောက် ရှိခဲ့သည်။ နိုင်ငံတကာတွင်လည်း ပြည်ပစွက်ဖက်မှုနှင့် ပြည်ပသူလျှိုအန္တရာယ်နှင့်ပတ်သက်၍ ကမ္ဘာကျော်ဖြစ်ရပ်တစ်ခုမှာ အစ္စရေးနိုင်ငံ၏ ကမ္ဘာကျော်မော့စ်ဆက်ဟုသည့် ထောက်လှမ်းရေးအဖွဲ့အစည်းကြီး၏ သူလျှိုအလီကိုဟင်သည် ဆီးရီးယားနိုင်ငံတွင် ကာကွယ်ရေးဝန်ကြီးခန့်အပ်ရန် လျာထားခဲ့သည်အထိ ဖြစ်ပွားခဲ့သောဖြစ်စဉ်မှာ ဆီးရီးယားနိုင်ငံ၏ နိုင်ငံတော်လျှို့ဝှက်ချက်များကို တိုင်းတစ်ပါးလက်သို့ ရောက်ရှိသွားခဲ့သည်မှာ ဖြစ်ရပ်မှန်တစ်ခုပင်ဖြစ်သည်။

**အလီကိုဟင်(Eli Cohen)**

ဖြစ်စဉ်အကျဉ်းကိုဖော်ပြရလျှင် ဆီးရီးယားနိုင်ငံဖွား ကာမေးအာမင်သဘက် (Kamel Amem Thaabet) စီးပွားရေးလုပ်ငန်းရှင်သူဌေးကြီးတစ်ဦးသည် ၁၉၆၂ ခုနှစ်တွင် ဆီးရီးယားနိုင်ငံ ဒမတ်စကတ်မြို့သို့ ပြန်လည်ရောက်ရှိလာခဲ့သည်။ အဆိုပါကာမေးအာမင်သဘက်သည် ၁၉၂၄ ခုနှစ်တွင် ဆီးရီးယားနိုင်ငံ၌မွေးဖွား၍ အာဂျင်တီးနားနိုင်ငံသို့ ပြောင်းရွှေ့သွားသူတစ်ဦးအဖြစ် အသွင်ယူ၍ ဆီးရီးယားသို့ ရောက်ရှိလာခြင်းဖြစ်သည်။ ကာမေးအာမင်သဘက်၏ မူလရုပ်သွင်မှာ အစ္စရေးနိုင်ငံ မော့စ်ဆက်အဖွဲ့၏သူလျှိုအလီကိုဟင်ဖြစ်သည်။ ကိုဟင်သည် ဆီးရီးယားနိုင်ငံရောက်ရှိလာပြီး ငွေကြေးမြောက်မြားစွာသုံးစွဲကာ ဝန်ကြီးများ၊ စစ်ဘက်ခေါင်းဆောင်များ၊ နိုင်ငံရေးသမားများနှင့် ရင်းနှီးသောဆက်ဆံရေးကို တည်ဆောက်ခဲ့သည်။ ဆီးရီးယားနိုင်ငံ၏နိုင်ငံရေးလောကတွင် အလားအလာကောင်းများရှိသော ပုဂ္ဂိုလ်တစ်ဦးဖြစ်သည့် အာမင်အယ်လ်ဟာဖစ်နှင့် အလွန်နီးကပ်သော ဆက်ဆံရေးရှိခဲ့ပြီး ယုံကြည်မှုတည်ဆောက်နိုင်ခဲ့သည်။

အလီကိုဟင်သည် ဒမတ်စကတ်မြို့ရှိ ခမ်းနားသောနေအိမ်တွင် ပါတီပွဲများပေးခြင်း၊ စစ်ရေးခေါင်းဆောင်များနှင့် နိုင်ငံရေးသမားများ၏ လိုလားချက်၊ လိုလားမှုများကို ဖြည့်ဆည်းပေးခြင်းများကို ဆောင်ရွက်ပေးပြီး သတင်းများကို ရယူနိုင်ခဲ့သည်။ ကိုဟင်သည် ၁၉၆၂ ခုနှစ်မှစတင်ကာ ဆီးရီးယားနိုင်ငံ၏ စစ်ရေး၊ နိုင်ငံရေး သတင်းအချက်အလက်များကိုစုဆောင်း၍ မိခင်အစ္စရေးနိုင်ငံသို့ ပြန်လည်ပေးပို့ခဲ့သည်။ အစ္စရေးနိုင်ငံကို အဓိကခြိမ်းခြောက်နေသော ဂိုလန်ဒေသခံစစ်စခန်း၊ အမြောက်စခန်းများ၊ ဗုံးပုံစခန်းများကို လေ့လာခွင့်ရရှိခဲ့ပြီး ပုံစံများ၊ တည်နေရာများ၊ လက်နက်တပ်ဆင်ထားမှုအချက်အလက်များကို ပေးပို့ခဲ့သဖြင့် အစ္စရေးနိုင်ငံလေတပ်မှ ထိုနေရာများကို အတိအကျချေမှုန်းနိုင်ခဲ့သည်။

အလွန်နီးကပ်သောဆက်ဆံရေးရှိခဲ့ပြီး ယုံကြည်မှုတည်ဆောက်နိုင်ခဲ့သော အာမင်အယ်လ်ဟာဖစ်သည် ဆီးရီးယားနိုင်ငံ၏ဝန်ကြီးချုပ်ဖြစ်လာချိန်တွင် အလီကိုဟင်ကို ကာကွယ်ရေးဝန်ကြီး ရာထူးခန့်အပ်ရန်အထိ လျာထားခဲ့သည်။ သို့ရာတွင် ဆီးရီးယားထောက်လှမ်းရေးအကြီးအကဲ ဗိုလ်မှူးကြီး အာမက်ဆူဒါနီသည် အလီကိုဟင်အား အမြဲတစေမသင်္ကာဖြစ်နေခဲ့သည်။ ဂိုလန်ကုန်းမြေဒေသ ဗုံးကြဲခံရပြီးနောက်ပိုင်း အလီကိုဟင်ကို ပိုမိုစောင့်ကြည့်ခြင်း၊ အသံလှိုင်းအာရုံခံကိရိယာများကို အလီကိုဟင် နေထိုင်သောနေအိမ်အနီး လျှို့ဝှက်စွာတပ်ဆင်ထောက်လှမ်းခဲ့ရာ ရေဒီယိုအသံလှိုင်းမှတစ်ဆင့် ခြေရာခံနိုင်ခဲ့ပြီး ၁၉၆၅ ခုနှစ် မေလ ၁၀ ရက်နေ့တွင် အလီကိုဟင်ကို ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည်။ အလီကိုဟင်၏ဇနီး နာဒီယာကိုယ်တိုင်ပင် အလီကိုဟင်ကို ကြိုးပေးကွပ်မျက်ချိန်မှ ၎င်း၏ ခင်ပွန်းမှာသူလျှိုတစ်ဦးဖြစ်ကြောင်း သိရှိခဲ့သည်။

**ပြည်ပလွှမ်းမိုးမှုနှင့် နိုင်ငံခြားအထောက်အပံ့များ**

ပြည်တွင်းရေးကို နိုင်ငံခြားဝင်ရောက်စွက်ဖက်မှုမရှိစေရန်၊ ပြည်ပအထောက်အပံ့များ၊ အကူအညီများမှတစ်ဆင့် ပြည်ပဩဇာလွှမ်းမိုးမှုများ မဖြစ်စေရန်အတွက် ကမ္ဘာ့အင်အားကြီးနိုင်ငံများ အပါအဝင် နိုင်ငံများအားလုံးသည် ဥပဒေများ ပြဋ္ဌာန်းခြင်း၊ တားဆီးကာကွယ်ခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။ မိမိတို့ မြန်မာနိုင်ငံအနေဖြင့်လည်း နိုင်ငံရေးပါတီများ၊ ရွေးကောက်ပွဲများတွင် ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်များသည် နိုင်ငံကိုကိုယ်စားပြု၍ လည်းကောင်း၊ ပြည်သူကိုကိုယ်စားပြု၍လည်းကောင်း နိုင်ငံ၏အရေးကြီးသောကဏ္ဍများတွင် တာဝန်ထမ်းဆောင်ကြရမည်ဖြစ်သောကြောင့် နိုင်ငံရေးပါတီများ၊ ရွေးကောက်ပွဲတွင် ဝင်ရောက် ယှဉ်ပြိုင်ကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် ပြည်ပအထောက်အပံ့များ၊ အကူအညီများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရယူဆောင်ရွက်ခြင်းကို သတိပြုဆင်ခြင်ဖွယ် ဖြစ်သည်။

**နိဂုံး**

မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင်လွတ်လပ်သောနိုင်ငံဖြစ်သည်နှင့်အညီ မြန်မာနိုင်ငံ၏ ပြည်တွင်းရေး၊ နိုင်ငံရေးများကို ဖြေရှင်းရာတွင်လည်းကောင်း၊ ညှိနှိုင်းအဖြေရှာရာတွင် လည်းကောင်း ပြည်ပနိုင်ငံများ၏ ကြားဝင်စွက်ဖက်မှုများမပါဘဲ မိမိနိုင်ငံသားများကသာ ဖြေရှင်းဆောင်ရွက်ရမည်ဖြစ်သည်။ ဒီမိုကရေစီစနစ်သို့ အသွင်ကူးပြောင်းရာတွင် ရွေးကောက်ပွဲများကျင်းပရာ၌ ဝင်ရောက်ယှဉ်ပြိုင်မည့် နိုင်ငံရေးပါတီများ၊လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် ပြည်ပနိုင်ငံများ၏ အထောက်အပံ့၊ ဩဇာနှင့် လွှမ်းမိုးမှုများကင်းစင်ရန် သတိပြုရပေမည်။ ထိုမှတစ်ဆင့် နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးတို့တွင် ပြည်ပစွက်ဖက်မှုများ၊ လွှမ်းမိုးမှုများ ဖြစ်ပေါ်လာနိုင်သည်။ မိမိတို့နိုင်ငံ၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ကြရမည်မှာ မြန်မာနိုင်ငံသား တိုင်းရင်းသားအားလုံး၏ တာဝန်ပင်ဖြစ်သည်။ သို့ဖြစ်ပါ၍ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးအကောင်အထည်ဖော်နိုင်ရေး ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် ပါဝင်သူများအပါအဝင် နိုင်ငံသားအားလုံးက နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို ထိပါးနှောင့်ယှက်ခြင်းများကို ဝိုင်းဝန်းကာကွယ်တားဆီးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

# ယခုနှစ် ပထမခြောက်လအတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၇၈၃၅ ဦးနှင့် သေဆုံးသူ ၃၁ ဦးရှိ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးတွင် ကျန်းမာရေးအသိပညာ မြှင့်တင်ပေးရန်လို

**နေပြည်တော် ဇူလိုင် ၂၀**

ရောဂါမျိုးသယ်ဆောင်သော ပိုးမွှားကောင်များမှ တစ်ဆင့် ကူးစက်တတ်သောရောဂါများ ကာကွယ်တိုက်ဖျက်ရေးဌာနခွဲ၏ နှစ်ပတ်လည်လုပ်ငန်း ဆန်းစစ်ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေး စည်းကမ်းများနှင့်အညီ ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးတွင် ဒုတိယဝန်ကြီး ဒေါက်တာ အေးထွန်းက ၂၀၂၀ ပြည့်နှစ်တွင် ငှက်ဖျားဖြစ်ပွားသူ စုစုပေါင်း ၅၈၈၃၅ ဦး နှင့် ၂၀၂၁ ခုနှစ်တွင် ၇၉၀၀၁ ဦး ရှိကြောင်း၊ ငှက်ဖျားရောဂါ တိုက်ဖျက်ရေးစီမံချက်အနေဖြင့် ၂၀၂၅ ခုနှစ်တွင် မြန်မာနိုင်ငံအတွင်း Plasmodium falciparum ပိုးတွေ့သူ လုံးဝမရှိစေရေးနှင့် ၂၀၃၀ ပြည့်နှစ်မှာ ငှက်ဖျားရောဂါ ကူးစက်မှု ပပျောက်စေရန် ရည်မှန်းချက်ထား ဆောင်ရွက်နေကြောင်း၊ ငှက်ဖျားရောဂါကုသဆေးနှင့် ဆေးပစ္စည်းများ လူတိုင်းလက်လှမ်းမီရရှိစေရေးနှင့် မပြတ်လပ်စေရေး၊ သက်တမ်းများ ရက်လွန်မဖြစ်စေရေးစသည့် supply chain management လုပ်ငန်းများ၊ ဆေးစိမ်ခြင်ထောင်ဖြန့်ဝေခြင်းလုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်ရေး အဆင့်ဆင့်ကြီးကြပ်သွားရန် လိုကြောင်း။

ယခုနှစ် ပထမခြောက်လအတွင်း သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားသူ ၇၈၃၅ ဦးနှင့် သေဆုံးသူ ၃၁ ဦးရှိပြီး ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် အများဆုံးဖြစ်ပွားနေသည်ကို တွေ့ရကြောင်း၊ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးတွင် ကျန်းမာရေးအသိပညာ မြှင့်တင်ပေးရန်လိုကြောင်း။

ငှက်ဖျားရောဂါ ကင်းဝေးရေးလုပ်ငန်းများနှင့် သွေးလွန်တုပ်ကွေး ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်မှု ဒေသဆိုင်ရာအစိုးရအဖွဲ့၏ ကူညီပံ့ပိုးမှုများဖြင့် ဆောင်ရွက်ပေးကြရန်လိုကြောင်း ပြောကြားသည်။

အစည်းအဝေးတွင် ၂၀၂၀-၂၀၂၁ ခုနှစ်အတွင်း ခြင်ကိုက်ခြင်းမှတစ်ဆင့် ကူးစက်တတ်သည့် ရောဂါများဖြစ်သော ငှက်ဖျားရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ၊ ဆင်ခြေထောက်ရောဂါ၊ ဂျပန်ဦးနှောက်ရောင်ရောဂါ၊ ချီခန်ဂန်းညား၊ ဇီကာ အစရှိသည့်ရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ၊ တွေ့ကြုံခဲ့ရသည့် အားသာချက်၊ အားနည်းချက်၊ လိုအပ်ချက်များ၊ အခက်အခဲများနှင့် ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ဆွေးနွေးကြမည်ဖြစ်သည်။

အဆိုပါအခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ WHO၊ UNOPS PR ၊ Save the Children PR မိတ်ဖက်အဖွဲ့အစည်းများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**




## မြန်မာပြည်သိန်းတန်၏ “သီချင်းဒိုင်ယာရီ - ၃” တေးဂီတဖျော်ဖြေပွဲ မြန်မာ့ရုပ်မြင်သံကြား၌ ပြသမည်

**နေပြည်တော် ဇူလိုင် ၂၀**

ပြည်သူများ အပန်းပြေစေရန်၊ ပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအစီအစဉ်များ တိုးမြှင့်တင်ဆက်လျက်ရှိရာ Friday Night Show ဆန်းသစ်တင်ဆက်မှုအဖြစ် နိုင်ငံကျော်အဆိုတော်ကြီး မြန်မာပြည်သိန်းတန်၏ “သီချင်းဒိုင်ယာရီ-၃” တေးဂီတ ဖျော်ဖြေပွဲကို ဇူလိုင် ၂၂ ရက် (သောကြာနေ့) ည ၈ နာရီ သတင်းအပြီးတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ယင်းအစီအစဉ်တွင် မြန်မာပြည်သိန်းတန်နှင့်အတူ မျိုးဆက်သစ်တေးသံရှင်များဖြစ်ကြသည့် စောဒယ်နီရယ်၊ ရေဂျီနား၊ ချိုမီမီဇော်နှင့် အိအိလှိုင်တို့က သီဆိုဖျော်ဖြေကြမည်ဖြစ်ပြီး မြန်မာ့အသံတေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ သရုပ်ဆောင် နေဒွေးနှင့် သဉ္ဇာမြင့်မိုရ်တို့ကလည်း အားဖြည့်တင်ဆက်ပေးကြမည်ဖြစ်သည်။

ထိုသို့ တင်ဆက်မှုကို ဇူလိုင် ၂၄ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင် ဒုတိယအကြိမ် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၂၀**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန် မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

**မိုး/ဇလ**

## “(၃၈)ဖြာ မင်္ဂလာအစီအစဉ်” ဆန်းသစ်တင်ဆက်မှု မြန်မာ့ရုပ်မြင်သံကြား၌ ဆက်လက်ပြသမည်

**နေပြည်တော် ဇူလိုင် ၂၀**




လူငယ်လူရွယ်များနှင့် ကလေးငယ်များ ယဉ်ကျေးလိမ္မာစေရန်နှင့် အသိပညာ ဗဟုသုတ တိုးပွားစေရန်အပြင် ဇာတ်သဘင်ကြိုက်နှစ်သက်ကြသည့် မိဘပြည်သူများအတွက် “(၃၈)ဖြာ မင်္ဂလာအစီအစဉ်” ဆန်းသစ်တင်ဆက်မှုကို မေ ၂၁ ရက်နေ့မှ စတင်၍ အပတ်စဉ်စနေနေ့တိုင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ည ၈ နာရီသတင်းအပြီးတွင် ထုတ်လွှင့်ပြသလျက်ရှိသည်။

အဆိုပါ (၃၈)ဖြာမင်္ဂလာအစီအစဉ်များအနက် ဘဝတိုးတက်ရေးအတွက် အဆုံးအမများစွာပါဝင်သည့် ဝိရဓံ၊ ခေမံ (ကိလေသာကင်း၊ ဘေးမရှိခြင်း) အစီအစဉ်ကို ဇူလိုင် ၂၃ ရက် (စနေနေ့) ည ၉ နာရီတွင် ဆက်လက်ပြသမည်ဖြစ်သည်။

ယင်းတင်ဆက်မှုကို ရွှေနန်းတင်မျိုးဆက် သဘင်ပညာရှင် ဦးနန်းဝင်းက ရေးသားပူဇော်ပြီး ရန်ကုန်စူဝံတေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ ရွှေဘုန်းကံ၊ မိုးပြည်ပြည့်မောင်၊ ရန်ရှင်းမောင်၊ ထက်မြက်အောင်၊ ဓာတ်လင်း၊ ရွှေအိုး၊ ဒိုးဇက်နှင့် သဘင်ပညာရှင်များ၊ အနုပညာရှင်များက ပါဝင်တင်ဆက်ကြမည်ဖြစ်သည်။

အဆိုပါ အစီအစဉ်ကို ဇူလိုင် ၂၇ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၆ နာရီ သတင်းအပြီးတွင် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## သုတဝေဖြာ သီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာမျှဝေမှုအစီအစဉ် လူ့ရှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်မည်

**နေပြည်တော် ဇူလိုင် ၂၀**

သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် (Family Quiz) ပွဲစဉ် (၇၅) ကို ဇူလိုင် ၂၂ ရက်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ဆက်လက်ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါ ကိုဗစ်- ၁၉ ဆိုင်ရာ အသိပညာမျှဝေမှု အစီအစဉ်ကို အစီအစဉ်တင်ဆက်သူ ထူးပြည့်အောင်နှင့် ပွင့်နဒီမောင်တို့က တင်ဆက်ကြမည်ဖြစ်ပြီး လူ့ရှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို ဇူလိုင် ၂၂၊ ၂၃ နှင့် ၂၄ ရက်တို့တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD မှ ညနေ ၆ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## နန်းယွန်းမြို့နယ် ချန်ဖန်းကျေးရွာ၌ အသက်မွေးဝမ်းကျောင်းဆိုင်ရာ မွေးမြူရေးလုပ်ကိုင်နိုင်ရန် ဒေသဝက်နှင့် ဒေသကြက်များ ထောက်ပံ့ပေးအပ်

**လဟယ် ဇူလိုင် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမြို့နယ် ဒုံဟီးမြို့ ချန်ဖန်းကျေးရွာတွင် မူးယစ်ဆေးဝါးပပျောက်ရေးနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ မွေးမြူရေးလုပ်ကိုင်နိုင်ရန်အတွက် ဒေသဝက်နှင့် ဒေသကြက် ထောက်ပံ့ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် ချန်ဖန်းကျေးရွာ၌ ကျင်းပသည်။

ထို့နောက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ အသက်မွေးဝမ်းကျောင်းဆိုင်ရာ မွေးမြူရေးလုပ်ငန်းအထောက်အကူပြုပညာပေးဟောပြောခြင်းနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်နိုင်ရန် တစ်အိမ်ထောင်စုလျှင် ဒေသကြက် ၁၀ ကောင်၊ အိမ်ထောင်စု ၁၀ စုအတွက် ဒေသကြက် အကောင် ၁၀၀၊ တစ်အိမ်ထောင်စုအတွက် ဒေသဝက် တစ်ကောင် အိမ်ထောင်စု ၁၀ စုအတွက် ဝက် ၁၀ ကောင် ဖြန့်ဖြူးပေးသည်။

ထောက်ပံ့ပေးအပ်ပွဲသို့ နာဂဒေသ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဒေသဦးစီးမှူး ဒေါက်တာကျော်လင်း၊ ဒုံဟီးမြို့ အုပ်ချုပ်ရေးမှူး ဦးအာကာနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ယွန်း(မုံရွာ၊ကိုယ်ပွား)**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၁-၇-၂၀၂၂ ကြာသပတေးနေ့

### MRTV HD

၀၆:၀၀ မေတ္တာသုတ်၊ ရတနသုတ်၊ မောရွှ်သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၅ ပြည်သူအားလုံးနှင့်သက်ဆိုင်သော အနာဂတ်ဒီပိုကရေစီ
၀၉:၁၀ NRC အစီအစဉ်(မွန်) 'အလှဖြာဝေရာမညမြေ'
၁၀:၀၀ သတင်းထဲကသတင်း
၁၀:၃၀ ဝင်ငွေသေချာရွှေနေကြာ
၁၂:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဘတ်စကက်ဘောအက်ဘေး'(အပိုင်း-၂၅)
၁၃:၃၀ MRTV National News
၁၆:၃၅ မျက်မှောက်ရေးရာအဖြာဖြာ
၁၇:၁၅ Soccer View
၁၇:၃၀ လူမှုစီးပွားမြင်ကွင်းများ
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၅ '(၃၀)ဖြာမဏ္ဍလာ' (ဦးနန်းဝင်းရေးသားပူဇော်တင်ဆက်သည်) 'ဒုတ္တိ'
၁၉:၁၀ မြန်မာဇာတ်လမ်းတွဲ 'အချစ်ရဲ့အိပ်မက်တန်ဖိုး' (အပိုင်း-၁)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၀၀ သံစဉ်ဝေဖြာစတီရီယိုတေးယိုကမ္ဘာ
၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ပြည့်စုံခြင်းအိပ်မက်'(အပိုင်း-၁၅)
၂၂:၂၀ ရုပ်မြင်သံကြားဇာတ်လမ်း 'တန္တာရထဲကအိုင်အဝစ်'

### mitv

07:01 Evergreen Classic: Than Thayar Kayee Thel (Ei Ei Chon)
07:09 Let's Taste Delicious Insects: Silkworm Masala & Peppery Cricket Bread with Sunflower and Pumpkin Seeds
07:31 Myanmar Masterclass: Cubism
07:37 Ecotourism: Naga Traditional Customs
07:56 Golden Mandalay Hill
08:01 Trend of Kachin Dress
08:28 Dances of Myanmar: Enn Traditional Dance
08:31 Introductory Programme of Literary Award Winners (U Ye Dway)
08:54 Paper Toys
09:01 News
09:27 Products of Myanmar - Pictures Decorated With Seashells And Gemstones
09:39 Yangon Markets: Nyaung Pin Lay Market
09:46 All About Orchids

### MRTV NRC

**အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
လျှာလည်သွားစေမယ့်ခရုသုပ်

**အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
စာပေစကားပြောကြရအောင်(အပိုင်း-၃)

**ချင်း(လိုင်ဇိုး) (၀၈:၀၀ မှ ၀၉:၀၀)**
ချင်းတောင်တွင်စီးပွားဖြစ်လာသည့် စတော်ဘယ်ရီသီးစိုက်ပျိုးရေး

**ချင်း(ချိုး) (၀၉:၀၀ မှ ၁၀:၀၀)**
ဆွေညီနောင်များဘာသာစကားဖြင့် ချစ်ကြည်စေမည်(အပိုင်း-၈)

**မွန် (၁၀:၀၀ မှ ၁၂:၀၀)**
ထန်းပင်ပေါ်ကတို့ဖေဖေ

**ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)**
ရခိုင်တိုင်းရင်းသားတို့ရဲ့ချစ်စရာရိုးရာအိမ်ကလေး

**ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)**
စံကားမြို့ပေါင်းနှင့်ဖယ်ခုံအင်းအလှ

**ဝ (၁၆:၀၀ မှ ၁၈:၀၀)**
နမ့်လျှန်ချောင်း(ဟိုပန်မြို့)

**ကချင် (၁၈:၀၀ မှ ၂၀:၀၀)**
မူလာရှီးဒီသို့အလည်တစ်ခေါက်

**ကယား (၂၀:၀၀ မှ ၂၂:၀၀)**
ဒေါလဲဒွန်ရွာအကြောင်း

**ဝကောကရင် (၂၂:၀၀ မှ ၂၃:၀၀)**
တုပ်ကွေးရောဂါအကြောင်းသိကောင်းစရာ

### MRTV NEWS

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၉:၁၅ သတိထားပါမျောက်ကျောက်ရောဂါ
၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၃:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၄:၀၀ MRTV National News
၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
၂၁:၄၅ သတင်းသမားပြောတဲ့သတင်းစကား

### MRTV PARLIAMENT

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'တာဝန်နှင့်လူ'
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၇)
၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ကိုရီးယားနိုင်ငံ)(အပိုင်း-၂)
၁၁:၃၀ အတွေးအမြင် (အပိုင်း-၇)

### MRTV FARMERS'

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
၀၆:၄၅ မျိုးပိုးဥထုတ်ခြင်းသုတကဏ္ဍ
၀၇:၁၅ ရွှေဖြူအကြောင်းသိကောင်းစရာ
၀၈:၄၀ သတိပြုကာကွယ်ကြက်လည်လိမ်ရောဂါအန္တရာယ်
၀၈:၅၅ အာဟာရကြွယ်ဝရောင်းပန်းလှကျန်းမာလှပ ဝင်ငွေရမြန်မာ့လိမ္မော်ရှောက်မျိုးများရဲ့အလှ
၀၉:၀၀ မျိုးနှင့်နည်းပညာဖြန့်ဝေရာ မြစ်သားစိုက်/သုခြမှာ
၀၉:၂၀ မင်းဘူးရောက်နဂါးမောက်

### MRTV SPORTS

၀၆:၀၀ အဖွင့်
၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
၀၇:၀၀ Sports News
၀၇:၃၀ Soccer View/ Weekly Sports Info
၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၅)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲတွင် မြန်မာမှ ရွှေနှင့် ငွေတံဆိပ်ဆုများ ဆွတ်ခူး

**ရန်ကုန် ဇူလိုင် ၂၀**

မော်လ်ဒိုက်နိုင်ငံ၌ ဇူလိုင် ၁၇ ရက်မှ ၂၁ ရက်အထိ ကျင်းပသည့် (၅၄) ကြိမ်မြောက် အာရှကာယဗလနှင့်ကာယကြံ့ခိုင်မှု ချန်ပီယံရှစ်ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု ဒုတိယ (ငွေတံဆိပ်)ဆု ထပ်မံဆွတ်ခူးရရှိကြောင်း သိရသည်။

ဇူလိုင် ၂၀ ရက်က ကျင်းပသည့် အမျိုးသား ၇၀ ကီလိုတန်းတွင် အိန္ဒိယက ပထမ၊ မြန်မာမှ ရဲထွန်းနောင်က ဒုတိယ၊ အင်ဒိုနီးရှားက တတိယ ရရှိခဲ့ပြီး ၈၀ ကီလိုတန်းတွင် ခင်မောင်ကျော်က စတုတ္ထ၊ ၅၅ ကီလိုတန်းတွင် ကျော်မင်းသန်းက နောက်ဆုံးဆန်ခါတင်ဖိုင်နယ် ငါးဦး တက်ရောက်ခဲ့ကာ ပဉ္စမနေရာဖြင့် ကျေနပ်ခဲ့ရသည်။ အဆိုပါပြိုင်ပွဲတွင် မြန်မာကာယဗလအားကစားအဖွဲ့သည် အမျိုးသမီးကာယဗလ ၁၆၀ စင်တီမီတာအထက်တွင် အေးသန္တာခိုင်က ရွှေ၊ အမျိုးသား ၇၀ ကီလိုတန်းတွင် ရဲထွန်းနောင်က ငွေတံဆိပ်ဆုရရှိကြောင်း သိရသည်။



**အာကာစိုး**

# ပိုလန်တိုက်စစ်မှူး လီဝမ်ဒေါစကီးကို လေးနှစ်စာချုပ်ဖြင့် ဘာစီလိုနာအသင်း အပြီးသတ်ခေါ်ယူ

စပိန်နာမည်ကြီး ဘာစီလိုနာအသင်းသည် ဘိုင်ယန်မြူးနစ်အသင်းမှ ပိုလန်တိုက်စစ်မှူး လီဝမ်ဒေါစကီးကို ပေါင် ၄၂ ဒသမ ၆ သန်းနှင့်အတူ လေးနှစ်စာချုပ်ဖြင့် အပြီးသတ်ခေါ်ယူလိုက်ပြီဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ဘာစီလိုနာအသင်းသည် အဆိုပါ စာချုပ်တွင် စာချုပ်ဖျက်သိမ်းကြေး ပေါင် ၄၂၅ ဒသမ ၉ သန်းကို ထည့်သွင်းချုပ်ဆိုထားကြောင်း သိရသည်။

၎င်းသည် ပြီးခဲ့သည့်ရာသီက ဘိုင်ယန်မြူးနစ်အသင်းအတွက် ၄၆ ပွဲ ပါဝင်ကစားထားပြီး ဂိုး ၅၀ သွင်းယူကာ ဘွန်ဒက်စ်လီဂါဖလားကို ၁၀ ကြိမ်ဆက် ဆွတ်ခူးရရှိရန် ကူညီပေးထားနိုင်သည်။ ဘိုင်ယန်မြူးနစ်အသင်းတွင် ပြိုင်ပွဲအရပ်ရပ် ၃၇၄ ပွဲ ပါဝင်ကစားထားကာ ၃၄၄ ဂိုးအထိ သွင်းယူပေးထားသည်။

လီဝမ်ဒေါစကီးသည် ဘာစီလိုနာအသင်း၏ ယခုနှစ်ရာသီ စတုတ္ထမြောက်ခေါ်ယူသည့် ကစားသမား ဖြစ်လာခဲ့ပြီး ၎င်းမတိုင်မီ ကက်ဆီ၊ ခရစ္စတန်ဆန်နှင့် ရာဖင်ဟာတို့ကို ယခုနှစ်ရာသီတွင် ခေါ်ယူထားခြင်းဖြစ်သည်။

**အောင်ဇော်**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၀-၇-၂၀၂၂

### ရွှေ

၂၀-၇-၂၀၂၂ ဈေးနှုန်း

| | | | |
|---|---|---|---|
| ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၂၀၆၈၀၀၀ |
| ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၉၄၆၄၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

### စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၁၂၅ ကျပ် | ၂၁၇၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၁၈၅ ကျပ် | ၂၂၃၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၇၉၅ ကျပ် | ၁၈၄၅ ကျပ် |
| အောက်တိန်း ၉၅ | ၁၈၆၀ ကျပ် | ၁၉၀၅ ကျပ် |

(SBP စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

### နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၈၅၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၈၉၄ . ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၂၈ . ၉ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၀ . ၄၂၉ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၃၃၈ . ၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၁၅ . ၅၄ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၄ . ၀၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၁၃၅ |

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇၄၀၀ | ၇၄၀၀ | ၆၇၃ | ၄၉၈၀၂၀၀ |
| MTSH | ၂၆၀၀ | ၂၆၀၀ | ၄၀၀၀ | ၁၀၄၀၀၀၀၀ |
| MCB | ၇၃၀၀ | ၇၃၀၀ | ၁ | ၇၃၀၀ |
| FPB | ၁၇၅၀၀ | ၁၈၀၀၀ | ၁၁၈ | ၂၁၁၂၅၀၀ |
| TMH | ၂၅၀၀ | ၂၅၀၀ | ၃ | ၇၅၀၀ |
| EFR | ၂၅၅၀ | ၂၅၅၀ | ၃ | ၂၆၅၀ |
| AHP | ၄၉၀၀ | ၄၉၀၀ | ၁ | ၄၉၀၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မိမိဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# မင်္ဂလာရှိသောသတင်း

မြင့်မောင်စိုး

ကျွန်တော်သည် ၂၀၁၉ ခုနှစ်က ကချင်ပြည်နယ် ခေါင်လန်ဖူးသို့ သွားရောက်ခဲ့ပါသည်။ သွားရောက်ခဲ့သော အကြောင်းရင်းကတော့ ဝေးလံခေါင်ဖျားသောဒေသရှိ ကလေးများအား ပညာရေးဝန်ထမ်း ဆရာ ဆရာမများက ခက်ခဲပင်ပန်းစွာ ပညာသင်ကြားပေးနေရမှုကို အကြောင်းပြု၍ ဆောင်းပါးများ ရေးသားရန် သွားရောက်ခဲ့ခြင်း ဖြစ်ပါသည်။ ကျွန်တော်နှင့်အတူ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတိုင်းရင်းသားရုပ်သံချန်နယ် ရိုက်ကူးရေးအဖွဲ့လည်း ပါပါသည်။ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းစီစဉ်ခဲ့သည့် နယ်စပ်ဒေသ ရိုက်ကူးတင်ဆက်ရေးအစီအစဉ်လည်း ဖြစ်ပါသည်။ ထိုခရီးစဉ်သည် အလွန်ခက်ခဲသည့် တောတွင်းရိုက်ကူးရေးအစီအစဉ် ဖြစ်ပါသည်။ အကြောင်းသည်ကား လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုကြောင့် ဖြစ်သည်။

**တောင်ဆင်းတောင်တက်ကြမ်းတမ်းသောခရီး**

ခေါင်လန်ဖူးသို့ သွားရောက်ရန်အတွက် ရန်ကုန်မြို့မှသည် မြစ်ကြီးနားမြို့သို့ ကားဖြင့်၊ မြစ်ကြီးနားမြို့မှသည် ပူတာအိုသို့ လေယာဉ်ဖြင့်၊ တစ်ဖန် ပူတာအိုမှသည် မချမ်းဘော့သို့ ကားဖြင့် အဆင့်ဆင့်ခရီးနှင်ပြီးမှ မဂွေဇဆိုသောအရပ်မှစတင်ကာ ခေါင်လန်ဖူးအထိ ခြေကျင်ခရီးအဖြစ် တစ်တောဝင် တစ်တောင်တက်သွားခဲ့ရပါသည်။ အလွန်ပင်ပန်းနွမ်းနယ်လှသော တောတွင်းခရီးကြမ်းကို ရက်ရှည်သွားရောက်ခဲ့ရခြင်းဖြစ်ပါသည်။ မဂွေဇမှသည် ခေါင်လန်ဖူးသို့ ခြေကျင်ခရီးသည် အနည်းဆုံး မိုင် ၅၀၊ ၆၀ ကွာဝေးသော တောင်ဆင်းတောင်တက် ကြမ်းတမ်းသော ခရီးဖြစ်သည်။ အဆိုးဆုံး၊ အပင်ပန်းဆုံးမှာ ပေပေါင်း ၇၇၀၀ ကျော်မြင့်သည့် ဆန်းလွတ်ချက် တောင်တက်တောင်ဆင်းခရီးစဉ် ဖြစ်သည်။ ခေါင်လန်ဖူးသို့ရောက်ရန် လမ်းတွင် အနည်းဆုံး လေးညအိပ်ပြီးနား၍ သွားခဲ့ရခြင်း ဖြစ်သည်။

ထိုစဉ်က အတူသွားခဲ့ရသော ဆရာ ဆရာမလေးများသည် လမ်းခရီး ပင်ပန်းလွန်းအားကြီး၍ ဖျားသူဖျား၊ နာသူနာ၊ ငိုသူငိုဖြင့် အတော်လေးပင် စိတ်မကောင်းစရာများ မြင်တွေ့ခဲ့ရမှုများကို အမှတ်ရနေဆဲဖြစ်ပါသည်။ ထို့ကြောင့်လည်း ခေါင်လန်ဖူးဆိုလျှင် ပညာရေးဝန်ထမ်းများအဖို့ သွားရောက်တာဝန်ထမ်းဆောင်ရမည်ကို ကြောက်လန့်နေခြင်းမှာ မဆန်းပါ။ အသွားဆင်းရဲ၊ အလာဆင်းရဲ၊ အစားဆင်းရဲ၊ အနေဆင်းရဲဖြင့် ပေးအပ်သောတာဝန်ကို ကျေပွန်စွာထမ်းဆောင်နေရခြင်းပါ။ တာဝန်ထမ်းဆောင်ရင်း လမ်းခရီးတွင် ပင်ပန်းလွန်းအားကြီး၍ နာဖျားသေဆုံးသည့် ဆရာမများပင် ရှိခဲ့ပါသည်။ ခေါင်လန်ဖူးလမ်းပန်းဆက်သွယ်ရေးသည် ထိုမျှပင် ခက်ခဲကြမ်းတမ်းလှပါသည်။ အခုတော့ ပြီးခဲ့သည့်နှစ်က မဂွေဇမှ ခေါင်လန်ဖူးအထိ တစ်ကြောင်းထိုး မြေသားလမ်းပေါက်သွားပြီဟု သိရပါသည်။

**ခေါင်လန်ဖူး၏ ပညာရေးကဏ္ဍ**

ခေါင်လန်ဖူးသည် မြို့ဟုဆိုသော်လည်း စုစုပေါင်း အိမ်ခြေ ၈၀၊ ၁၀၀ ခန့်သာ ရှိပါသည်။ မြို့အခြေစိုက်ဗဟိုပြုထား၍ မြို့နယ်အုပ်ချုပ်ရေး ထွေအုပ်ရုံးရှိသည်။ ရဲစခန်းနှင့် ကျောင်း ရှိသည်။ မြို့နယ်ပြန်ဆက်ရုံး၊ စီမံကိန်းရုံး၊ ဆေးရုံတို့လည်းရှိသည်။ မြို့နယ်ပညာရေးမှူးရုံးကတော့ လကုန်ရက်ရောက်လျှင် ဆရာဆရာမများ ဝင်ထွက်သွားလာရာနေရာဖြစ်သည်။ လခထုတ်ခြင်း၊ ရုံးကိစ္စ၊ ကျောင်းကိစ္စဆောင်ရွက်ခြင်း၊ စာရေးကိရိယာ၊ ကျောင်းသုံးစာအုပ်၊ ဗလာစာအုပ်ထုတ်ယူခြင်းတို့ ဆောင်ရွက်ရာနေရာလည်း ဖြစ်ပါသည်။

ထိုသို့လုပ်ဆောင်ရွက်ရန်အတွက် ဆရာ ဆရာမများအနေဖြင့် မြို့နယ်ပညာရေးမှူးရုံးသို့ လစဉ်လာရောက်ရသည်မှာလည်း လွယ်ကူသောကိစ္စမဟုတ်ချေ။ ခေါင်လန်ဖူးမြို့နယ်အတွင်း ကျေးရွာငယ်များရှိ မူလတန်း၊ အလယ်တန်းကျောင်းအသီးသီးတွင် တာဝန်ထမ်းဆောင်နေကြသော ဆရာ ဆရာမလေးများသည် မြို့နယ်ရုံးနှင့် လစဉ်ဆက်သွယ်သွားလာကြရပါသည်။ အချို့သော ဆရာမလေးများသည် မြို့နယ်ရုံးသို့ မိုင် ၂၀၊ ၃၀ ကွာဝေးသောအရပ်မှ တစ်တောဝင် တစ်တောင်တက် လာခဲ့ရခြင်းဖြစ်သည်။ တောင်ပေါ်ဒေသပညာရေးသည် ခက်ခဲလှပါဘိ။

**တက္ကသိုလ်ဝင်တန်းအောင်ချက်**

**၁၀ နှစ်တိုင်တိုင် သုည**

ထို့ကြောင့်လည်း သင်ကြားရေးသည် ထင်သလောက်မပေါက်ရောက်ခဲ့။ ဆရာ မပြည့်စုံ၊ သင်ကြားသင်ယူမှု မပြည့်စုံနှင့် အဘက်ဘက်မှ လိုအပ်ချက်များကြောင့် ခေါင်လန်ဖူးမြို့နယ်၏ တက္ကသိုလ်ဝင်တန်းအောင်ချက် ရာခိုင်နှုန်းသည် ၂၀၁၉ ခုနှစ်အထိ ဆယ်နှစ်တိုင်တိုင် သုညဖြစ်ခဲ့ရကြောင်း သိရသည်။ ခေါင်လန်ဖူးမြို့နယ်မှ ဝင်ရောက်ဖြေဆိုသော ကျောင်းသား ကျောင်းသူများသည် တက္ကသိုလ်ဝင်တန်းကို မအောင်တော့သည်မှာ ဆယ်နှစ်ဆယ်မိုးပင် ကြာညောင်းခဲ့လေပြီ။ အခုတော့ထိုသို့မဟုတ်တော့ပါ။ ထိုရလဒ်အခြေအနေကို ပြောင်းပြန်ပြောင်းလဲလိုက်ပြီဖြစ်သည်။ ဆရာ ဆရာမများ၏ ကြိုးစားသင်ပြမှု၊ ကျောင်းသား ကျောင်းသူများ၏ လုံ့လပြုမှု၊ ရပ်ရွာ ကျောင်းသားမိဘနှင့် မြို့နယ်ထွေအုပ်စသည်ဖြင့် ဝိုင်းဝန်းအားပေးမှုများကြောင့် ခေါင်လန်ဖူးမြို့နယ်၏ တက္ကသိုလ်ဝင်တန်းအောင်ချက်ရာခိုင်နှုန်းသည် တမဟုတ်ချင်း တိုးတက်ပြောင်းလဲခဲ့ပေပြီ။ အားလုံးဝိုင်းဝန်းကြိုးစားအားထုတ်ခဲ့ခြင်း၏ ရလဒ်ပေတည်း။




ဂုဏ်ထူးရ ကျောင်းသူတစ်ဦးအား ဂုဏ်ပြုဆုပေးအပ်နေစဉ်။ ဓာတ်ပုံ - (ပြန်/ဆက်)

> ❖ **ဆရာ မပြည့်စုံ၊ သင်ကြားသင်ယူမှု မပြည့်စုံနှင့် အဘက်ဘက်မှ လိုအပ်ချက်များကြောင့် ခေါင်လန်ဖူးမြို့နယ်၏ တက္ကသိုလ်ဝင်တန်းအောင်ချက် ရာခိုင်နှုန်းသည် ၂၀၁၉ ခုနှစ်အထိ ဆယ်နှစ်တိုင်တိုင် သုညဖြစ်ခဲ့ရကြောင်း သိရသည်။ ခေါင်လန်ဖူးမြို့နယ်မှ ဝင်ရောက်ဖြေဆိုသော ကျောင်းသား ကျောင်းသူများသည် တက္ကသိုလ်ဝင်တန်းကို မအောင်တော့သည်မှာ ဆယ်နှစ်ဆယ်မိုးပင် ကြာညောင်းခဲ့လေပြီ။ အခုတော့ ထိုသို့မဟုတ်တော့ပါ။ ထိုရလဒ်အခြေအနေကို ပြောင်းပြန်ပြောင်းလဲလိုက်ပြီဖြစ်သည်။**

**ဂုဏ်ပြုချီးမြှင့်ပွဲ**

ပြီးခဲ့သည့် ဇူလိုင် ၁၅ ရက်က ဖြစ်သည်။ ၂၀၂၂ ခုနှစ် မတ်လက ကျင်းပပြုလုပ်ခဲ့သည့် တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများနှင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်ချက်မြင့်မားရေးအတွက် ကြိုးပမ်းသင်ကြားပေးခဲ့ကြသော ဆရာမများအား ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားကို ခေါင်လန်ဖူးမြို့ ဂီထေ့တောင်ခန်းမကြီး၌ ကျင်းပပြုလုပ်ခဲ့ကြသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းဆန်းထွန်း၊ မြို့မိမြို့ဖ ဦးပီတာနှင့် ကျောင်းသားမိဘ ဦးမီးကော်ဖူးတို့က ဂုဏ်ပြုကျေးဇူးတင်စကားများ ပြောကြားကြပြီး သုံးဘာသာဂုဏ်ထူးရှင် ကျောင်းသူသုံးဦး၊ တစ်ဘာသာ ဂုဏ်ထူးရှင် ကျောင်းသား ကျောင်းသူ နှစ်ဦး၊ ရိုးရိုးအောင် ကျောင်းသား ကျောင်းသူ လေးဦးနှင့် သင်ကြားပို့ချပေးခဲ့သော ဆရာမ ၁၂ ဦးတို့အား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း၊ ခေါင်လန်ဖူးတွင် ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်တန်း ဖြေဆိုသူ ၃၅ ဦးအနက် ကိုးဦး အောင်သဖြင့် အောင်ချက်ရာခိုင်နှုန်း ၂၅ ဒသမ ၇၁ ဖြစ်ကြောင်း သိရလေသည်။

အဆိုပါအခမ်းအနားတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးက ငွေကျပ် ၁၀ သိန်း၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တိုင်းမှူး ဗိုလ်ချုပ် မြတ်သက်ဦးနှင့် မိသားစုက ငွေကျပ် ၄၅၀၀၀၀၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် စေတနာရှင်များက ငွေကျပ် ၂၅၅၀၀၀၀၊ စုစုပေါင်း ငွေကျပ်သိန်း ၄၀ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**တကယ်လုပ်လျှင် အဟုတ်ဖြစ်**

တက္ကသိုလ်ဝင်တန်းစာမေးပွဲသည် စာများလွန်း၍ အောင်ရန်ပင် ခက်ခဲလှသည်။ ဆရာ၊ မိဘ၊ ကျောင်းသား ညီညွတ်စွာ ထောက်ပံ့မှုအားကောင်းပါမှ နှစ်ချင်းပေါက်အောင်မြင်သော စာမေးပွဲဖြစ်သည်။ တော်တန်ရုံကြိုးစားမှုနှင့် အောင်မြင်မှုရရှိရန် မလွယ်လှပေ။ ယခု ခေါင်လန်ဖူးမြို့နယ်၏ အောင်မြင်မှုသည် သာမန်မဟုတ်။ သုံးဘာသာဂုဏ်ထူးရှင် သုံးဦးအထိ ထွက်ပေါ်လာခြင်းမှာ သာမန်လုံ့လဥဿာဟပြုခြင်းမဟုတ်ပေ။ ဆရာမများက သေသေချာချာ ကြပ်မတ်သင်ကြားပေးခဲ့သည်မှာ အထင်အရှားပင်ဖြစ်သည်။ အခြေခံပညာကျောင်းများအတွက် အတုယူဖွယ်လုပ်ဆောင်ချက် ဖြစ်သည်။ ဆယ်စုနှစ်ကြာအောင် တစ်ယောက်တလေမျှ အောင်မြင်မှုမရခဲ့သောကျောင်းသည် ယခုဂုဏ်ထူးများနှင့် အောင်သည်ဆိုခြင်းမှာ အံ့သြဖွယ်ဖြစ်သည်။ တကယ်လုပ်လျှင် တကယ်ဖြစ်သည် ဆိုသည်မှာ ထင်ရှားလှပေသည်။

ထိုသတင်းအကြောင်းအရာကို ကြားသိလိုက်ရသည့်အတွက် အလွန်ပင် ဝမ်းမြောက်ဝမ်းသာဖြစ်မိပါသည်။ ခေါင်လန်ဖူး မြို့နယ်သူမြို့နယ်သားများအတွက် အားတက်ဂုဏ်ယူစရာပင် ဖြစ်ပါသည်။ အထူးသဖြင့် ကျောင်းသားမိဘများ၊ ကျောင်းသား ကျောင်းသူများအတွက် အားတက်စရာပင် ဖြစ်ပါသည်။

၂၀၁၉ မတိုင်မီက ဆယ်နှစ်တိုင် အောင်ချက်ရာခိုင်နှုန်း သုညဖြစ်ခဲ့ရသော ခေါင်လန်ဖူးသည် ပြောင်းလဲပစ်လိုက်ပြီဖြစ်သည်။ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ ဝိုင်းဝန်းကြိုးပမ်းကြ၍ တကယ်လုပ် အဟုတ်ဖြစ်ခဲ့ပြီ။ အားလုံးအတွက် မင်္ဂလာရှိသောသတင်းပင် ဖြစ်ပါသည်။ ခေါင်လန်ဖူးမြို့နယ်အတွက်၊ ခေါင်လန်ဖူးပညာရေးအတွက်၊ ကျောင်းသား ကျောင်းသူများအတွက် မင်္ဂလာသတင်းပင်ဖြစ်တော့သည်။ ထိုမင်္ဂလာရှိသောသတင်းသည် နှစ်စဉ်နှစ်တိုင်း မွေးပါစေ၊ ပွံ့ပါစေ၊ လန်းပါစေ၊ ကျော်ပါစေ၊ ကြားပါစေဟူ၍သာ ဆုတောင်းအခါခါ ပြုလိုက်ရပါသည်။ ။

# အိမ်ထောင်စုလူဦးရေစာရင်းကို ဆော့ဖ်ဝဲပရိုဂရမ်အတွင်းထည့်သွင်းရေး အချိန်မီပြီးစီးရန်ဆွေးနွေး

**ရန်ကုန် ဇူလိုင် ၂၀**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ အကောင်အထည်ဖော်ဆောင်ရွက်မည့် အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆) ကို ဆော့ဖ်ဝဲပရိုဂရမ်အတွင်း ထည့်သွင်းခြင်းလုပ်ငန်း အောင်မြင်စွာဆောင်ရွက်နိုင်ရေးအစည်းအဝေးကို ဇူလိုင် ၁၈ ရက်က တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ပြုလုပ်သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးများတွင်ရှိသော အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ(၆၆/၆)ကို သတ်မှတ်ကာလအတွင်း ဆော့ဖ်ဝဲပရိုဂရမ်အတွင်း ထည့်သွင်းမည့်လုပ်ငန်းနှင့်ပတ်သက်ပြီး အချိန်မီပြီးစီးနိုင်ရေး မြို့နယ်၊ ခရိုင်၊ တိုင်းအဆင့် တာဝန်ရှိသူများအနေဖြင့် မိမိတို့ပံ့ပိုးကူညီပေးနိုင်မည့်လုပ်ငန်းများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့က ပံ့ပိုးကူညီပေးရမည့်လုပ်ငန်းများကို ဆွေးနွေးတင်ပြကြရန် ပြောကြားပြီး တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအောင်ဝင်းသိန်းက တိုင်းဒေသကြီးအတွင်း မြို့နယ်များ၌ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆)ကို ဆော့ဖ်ဝဲပရိုဂရမ်အတွင်း ထည့်သွင်းခြင်းလုပ်ငန်း ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြပြီး ဌာနဆိုင်ရာများက လုပ်ငန်းများသတ်မှတ်ကာလအတွင်း ပြီးစီးရေး ဝိုင်းဝန်းဆွေးနွေးတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ရှိသူများအနေဖြင့် မြို့နယ်တစ်ခုချင်းစီတွင်ရှိသော အိမ်ထောင်စုအရေအတွက်အပေါ် မူတည်ပြီး သတ်မှတ်ကာလအတွင်းပြီးစီးအောင် လူအင်အား၊ စက်အင်အား၊ နည်းပညာအကူအညီများဖြည့်တင်းပြီး လုပ်ဆောင်ကြရန်နှင့် လုပ်ငန်း၏ အဓိကရည်ရွယ်ချက်သည် မဲဆန္ဒရှင်စာရင်း မှန်ကန်ရေးဖြစ်သည့်အတွက် အမှားအယွင်းမရှိဘဲ စနစ်တကျတိုက်ဆိုင်စစ်ဆေးရိုက်သွင်းမှသာ စာရင်းအတိအကျရှိသည့် မှန်ကန်သောရွေးကောက်ပွဲ ဖြစ်လာမည်ဖြစ်ကြောင်းနှင့် လုပ်ငန်းများကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရန် ပြောကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ **ဆန်းကျော်ဦး(ပြန်/ဆက်)**



# မြောက်ဦးမြို့၌ ရေပြင်ကယ်ဆယ်ရေး သရုပ်ပြလေ့ကျင့်

**မြောက်ဦး ဇူလိုင် ၂၀**

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်ကျရောက်လာပါက အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေး ပြုလုပ်နိုင်ရန်အတွက် ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များက ရေပြင်ကယ်ဆယ်ရေး သရုပ်ပြလေ့ကျင့်မှုကို ဗန္ဓုလတံတားအနီး မော်တော်ဆိပ်နေရာ၌ ဇူလိုင် ၁၉ ရက်က ဆောင်ရွက်သည်။

ခရိုင်မီးသတ် ဦးစီးမှူး လက်ထောက် ညွှန်ကြားရေးမှူး ဦးခိုင်ဇော်ဟိန်း ကြီးကြပ်မှုဖြင့် ရှာဖွေကယ်ဆယ်ရေး မီးသတ်တပ်ဖွဲ့ဝင်များက လေ့ကျင့်ခြင်းဖြစ်ပြီး နှစ်စဉ် မိုးဦးရာသီတွင် မုတ်သုံလေဝင်ရောက်ပြီး အမြဲကြုံတွေ့ရလေ့ရှိသော မုန်တိုင်းတိုက်ခတ်ခြင်းနှင့် ရုတ်တရက်လေပြင်းတိုက်ခတ်ခြင်း၊ ငလျင်လှုပ်မှုကြောင့် မြေပြိုကျခြင်းများနှင့် ရေကြီးရေလျှံမှုကြောင့် လတ်တလော မြစ်ရေကြီးခြင်းများ ဖြစ်ပေါ်လာပါက ရေလမ်းခရီးကိုသာ အားထားသွားလာနေရသော ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးမှုမရှိစေရေး လေ့ကျင့်ခြင်းဖြစ်ကြောင်း သိရသည်။

သရုပ်ပြ လေ့ကျင့်မှုတွင် အရေးပေါ်ရှာဖွေကယ်ဆယ်ရေး၊ ကြိုးတန်းဖြင့် ချောင်းတစ်ဖက်သို့ ဖြတ်ကူးခြင်း၊ လှေမှောက်သူများအား အရေးပေါ်ရှာဖွေကူညီခြင်း၊ ရေပြင်ရှာဖွေ ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို လေ့ကျင့်ခဲ့ပြီး မြို့နယ်မီးသတ်ဦးစီးဌာနအနေဖြင့် သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးအတွက် လူအပြည့်၊ ယာဉ်၊ စက်သုံးဆီများနှင့် ရှာဖွေကယ်ဆယ်ရေးပစ္စည်းများကို အသင့်အနေအထား ထားရှိစီစဉ်ထားကြောင်း သိရသည်။

**မြင့်စိုး(ပြန်/ဆက်)**



# ကျောက်ဆည်မြို့နယ်၌ နေကြာသီးနှံ ဧက ၃၂၀၀ နီးပါး လျာထားစိုက်ပျိုး

**ကျောက်ဆည် ဇူလိုင် ၂၀**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်တွင် ဒေသတွင်း စားသုံးဆီ ဖူလုံပိုလျှံရေးအတွက် ယခုနှစ် မိုးရာသီတွင် နေကြာသီးနှံ ၃၁၉၇ ဧက လျာထားစိုက်ပျိုးလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

လက်ရှိအချိန်တွင် နေကြာသီးနှံများကို မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများတွင် ၂၉၀၄ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ သိရသည်။ နေကြာသီးနှံများ အောင်မြင်စေရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများနှင့်ပူးပေါင်းကာ နည်းပညာများ စနစ်တကျဖြန့်ဝေပေးလျက်ရှိကြောင်း၊ နေကြာသီးနှံများ စိုက်ပျိုးရာတွင် ကြဲပက်စိုက်ပျိုးခြင်း၊ အတန်းချစိုက်ပျိုးခြင်းဟူ၍ အမျိုးမျိုးစိုက်ပျိုးကြောင်း၊ အတန်းချစနစ်ဖြင့် စိုက်ပျိုးပါက လေဝင်လေထွက် ကောင်းမွန်ပြီး အပင်ဖြစ်ထွန်းမှုနှင့် အထွက်နှုန်း ပိုကောင်းကြောင်း၊ နေကြာတစ်ဧက စိုက်ပျိုးပါက မြေအမျိုးအစားနှင့် အပင်အပြုစုသည့်အပေါ်မူတည်ပြီး တစ်ဧက ၁၅ တင်းမှ ၂၅ တင်းကျော် ထွက်ရှိနိုင်ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

# တီရစ္ဆာန်ရောဂါကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာ ရက်သတ္တပတ်လှုပ်ရှားမှုဆောင်ရွက်

**ပေါင် ဇူလိုင် ၂၀**

မွန်ပြည်နယ် ပေါင်မြို့နယ်၌ တိရစ္ဆာန်ရောဂါ ကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာ ရက်သတ္တပတ်လှုပ်ရှားမှုနှင့် ပြည်သူလူထုပညာပေးပိုစတာစိုက်ထူခြင်းကို မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ဇူလိုင်တတိယပတ်အတွင်းက ဆောင်ရွက်ခဲ့ပြီး ဒေသခံပြည်သူများ မွေးမြူထားသောနွားများကို သွေးဖောက်စစ်ဆေးခြင်း၊ ကာကွယ်ဆေးထိုးခြင်းများလည်း ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာသက်နိုင်နှင့် ဝန်ထမ်းများ၊ ကျေးလက်တိရစ္ဆာန်ကျန်းမာရေးလုပ်သားများက တိရစ္ဆာန်ရောဂါ ကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာ လှုပ်ရှားမှု ရက်သတ္တပတ်အစီအစဉ်ဖြင့် ပိုစတာများ စိုက်ထူခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ ရောဂါစူးစမ်းထောက်လှမ်းခြင်းနှင့် ထောင့်သန်းရောဂါ ကာကွယ်ဆေးထိုးခြင်းများကို ညောင်ကုန်းကြီးကျေးရွာ၌ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။

**မွန်မလေး (ပြန်/ဆက်)**



# သီပေါ၌ နေကြာမျိုးစေ့ထုတ်နည်းပညာသင်တန်းဖွင့်



**သီပေါ ဇူလိုင် ၂၀**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဥယျာဉ်ခြံ၌ နေကြာသီးနှံမျိုးစေ့ထုတ်လုပ်ခြင်း နည်းပညာသင်တန်းနှင့် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်ပင်)ထယ်ထိုးမြေမြှုပ်ခြင်း လက်တွေ့ကွင်းဆင်းသရုပ်ပြပွဲကို ဇူလိုင် ၁၉ ရက်က ပြုလုပ်ရာ စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် ဒေသခံတောင်သူများ တက်ရောက်ကြသည်။

သင်တန်းတွင် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမောင်မောင်အေးက ဆီထွက်သီးနှံ နေကြာစိုက်ပျိုးခြင်းဖြင့် ဒေသအတွင်း စားသုံးဆီဖူလုံလာမည်ဖြစ်ကြောင်း၊ နေကြာကို သီးသန့်ရော၊ သီးထပ်သီးညှပ်အဖြစ်ပါ စိုက်ပျိုးနိုင်၍ ဒေသတွင်းစိုက်ပျိုးရန် သင့်တော်သည့် အပင်မျိုးဖြစ်ကြောင်း၊ နေကြာစိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ ရရှိစေရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနကလည်း သင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ဥယျာဉ်ခြံတာဝန်ခံ ဦးစီးမှူးနှင့် ဝန်ထမ်းများက ဒေသခံတောင်သူများအား နေကြာမျိုးစေ့ထုတ်နည်းပညာနှင့် ပိုက်ဆံလျှော်ပင် ထယ်ထိုးမြေမြှုပ်ခြင်းများကို လက်တွေ့သရုပ်ပြပြီး ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးကာ ဒေသခံတောင်သူများကလည်း သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့သည်။ **စိုင်း(သီပေါ)**

